

www.burmeseclassic.com
အချစ်နဲ့စွန့်စားခန်း လုံးချင်းဝတ္ထုသန့်သန့်
ရွှေဘဝင်
ဥပေက္ခာ ဆုံမှတ်
သစ္စာမွန်စာပေ
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


ထုတ်ဝေခြင်း - ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ၊ပထမအကြိမ်
အုပ်ရေ - ၅၀၀
တန်ဖိုး - (၅၀၀) ကျပ်
ထုတ်ဝေသူ - ဦးသက်လွင်(သစ္စာမှန်စာပေ)(၀၀၇၇၃)
အမှတ်(၃၈)၊ မလွှကုန်းလမ်း
ကျောက်မြောင်း၊ တာမွေ။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ- ဦးသက်လွင် (၀၀၆၅၁)
သစ္စာမှန်ပုံနှိပ်တိုက်၊ အမှတ် (၁၀၆)၊
တာမွေလမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ကွန်ပျူတာ - ပန်းအိစံ
ဖြန့်ချိရေး - သစ္စာမှန်စာပေ
စာအုပ်ချုပ် - သစ္စာမှန်

၈၉၅.၈၃
ရွှေဘဝင်
ဥပေက္ခာဆုံမှတ်/ရွှေဘဝင်။-ရန်ကုန်
သစ္စာမှန်စာပေ၊ ၂၀၁၆။
၂၃၀-စာ၊ ၁၂×၁၈ စင်တီ။
(၁) ဥပေက္ခာဆုံမှတ်



သစ္စာမှန်စာပေတိုက်
၂၀၁၊ ဒုတိယထပ်၊ (၃၂)လမ်းအထက်
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁-၅၄၁၄၂၁


www.burmeseclassic.com

www.burmeseclassic.com

## အဖွင့်

ညဏ်တိတ်ဆိတ်ခြင်း တည်ငြိမ်စွာရှိနေလေသည်။

သစ်ပင်၊ သစ်ရွက်တွေက ငှက်ကလေးများနှင့်အတူ အိပ်မောကျလျှက်···။

ပတ်ဝန်းကျင်ရှိ အိမ်ကလေးများသည် မီးလင်းနေသောအိမ်တွေရှိနေသလို၊မီးမှိတ်ပြီး အိပ်စက်နေကြသူတွေလည်းရှိနေကြသည်။

ထိုအချိန်ကလေးတွင်···

လက်မောင်းတစ်ဖက်ကို လက်တစ်ဖက်ဖြင့် ဆုပ်ကိုင်လျက်အပြေးနှင်လာသောလူတစ်ယောက်··· ထိုလူနောက်တွင် ပြည်သူ့ရဲတပ်ဖွဲ့ ကားတစ်စီး လိုက်လာနေသည်ကိုတွေ့နေရသည်။

ပင်အိုကြီးဖြစ်သော ကုက္ကိုပင်ကြီးအောက်တွင် နားခိုလိုက်ပြီး အခြေအနေကိုကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူဆက်ပြီးပြေးနေရင် လွတ်လမ်းမရှိတော့ပြီဆိုတာကို သဘောပေါက်လိုက်သဖြင့်… ဘေးဘက်ကို လှမ်းကြည့်လိုက်တော့… မီးရောင်လင်းနေဆဲ‥ တိုက်အိမ်ကလေးဆီသို့ မျက်လုံးရောက်သွားလေသည်။

ခြံတံခါးမှာပိတ်ထားတာကြောင့် ကျော်တက်ပြီးဝင်ရသည်။

လက်မှသေနတ်ကို ခါးကြားတွင်ထိုးလိုက်ပြီး အိမ်ထဲသို့ ဝင်ခဲ့စဉ်ခွေးဟောင်သံက သူ့ကိုစတင်ပြီးဆီးကြိုတာကြောင့်…

"ဝုတ်…"

"ကဲကွာ…"

ခွေးစုတ်ဖွားကလေး မြေပြင်ပေါ်တွင် သူ၏ဓားချက်ဖြင့် ငြိမ်သက်သွားလေပြီ…

အိမ်ထဲမှ ခွေးဟောင်သံကြားပြီး လူတစ်ယောက်ထွက်လာသည်နှင့်…

"ဟေ့လူ…မလှုပ်နဲ့နော်"

"ဗျာ…"

"ဗျာလုပ်မနေနဲ့၊ အိမ်ထဲကိုသွား"

"ဟုတ်ကဲ့"

အိမ်ထဲကထွက်လာတဲ့သူကို သေနတ်နှင့် နားထင်ကိုတေ့ပြီး အိမ်ထဲသို့ ဝင်လိုက်ပြီး၊ အိမ်ထဲကို ကြည့်လိုက်တော့…

အသက် (၅)နှစ်အရွယ် ကောင်မလေးတစ်ယောက် အသက်(၄၀)ကျော် အမျိုးသမီးတစ်ယောက်ကို တွေ့လိုက်ရပြီး၊



BURMESE CLASSIC



စားပွဲပေါ်တွင် ပြင်ဆင်ထားသော မွေးနေ့ကိတ်တစ်လုံးပါရှိနေလေသည်။

"အိမ်ရှိလူ ဒါအကုန်ပဲလား"

"ဟို…တစ်ယောက်ကျန်ပါသေးတယ်"

"ဘယ်မှာလဲ၊ ခေါ်လိုက်"

"ဒီမှာ မရှိပါဘူး၊ ဆေးရုံမှာ"

ကြောက်ကြောက်နှင့်ဖြေနေသော လူရဲ့စကားကြောင့် နံရံထက်ကို လှမ်းကြည့်လိုက်တော့ ဒေါက်တာ ရန့်လက်ျာဆိုတဲ့ အမည်ကလေး ဖတ်မိလိုက်ပြီး ဆရာဝန်တစ်ယောက်အိမ်ကို ရောက်နေပြီဆိုတာကို သဘောပေါက်လိုက်သည်။

"အားလုံးငြိမ်ငြိမ်သက်သက်ထိုင်နေကြနော်၊ ရုတ်ရုတ်ရက်ရက်လုပ်ရင်တော့ မင်းတို့အသက်တွေကို နုတ်ယူရလိမ့်မယ်"

သူ့စကားသံကို ကြားလိုက်သည့် မျက်လုံးဝိုင်းဝိုင်းနှင့် ကောင်မလေး အမျိုးသမီးရင်ခွင်ထဲသို့ ကြောက်လန့်စွာတိုးဝင်သွားသည်။

"မင်းက ဒီအိမ်မှာ ဘယ်လိုအဆင့်ရှိလဲ"

"ကျွန်…ကျွန်…ကျွန်တော်"

"ဟာကွာ…ဟေ့ကောင်… ဒီလောက်ကြောက်မနေနဲ့၊ ခင်းကိုဘာမှမလုပ်ဘူး၊ ငါဘယ်သူ့ကိုမှ ဒုက္ခမပေးဘူး…အေး… ငါ့ကို ဒုက္ခပေးရင်တော့ တုံ့ပြန်ပေးရမှာပဲ၊ ရဲရဲသာပြော"

"ကျွန်တော်က ဒီအိမ်ရဲ့ အလုပ်သမားပါ"



www.burmeseclassic.com

www.burmeseclassic.com



"သူကရော…"

"ကျွန်တော့်လိုပါပဲ"

"ဒီကလေးက"

"မမလေး သမီးပါ"

"မမလေးသမီးဆိုတာ"

"ဒေါက်တာ ရန့်လက်ျာပါ"

"ကောင်းပြီ၊ ငါပြောတာကို သေသေချာချာနားထောင်"

"ဟုတ်ကဲ့"

"ငါ မင်းတို့နယ်နိမိတ်ထဲကို ရောက်လာတာ ဓားပြတိုက်ဖို့ မဟုတ်ဘူးဆိုတာတော့ သဘောပေါက်ထားရမယ်၊ ငါပြောတာကို နားထောင်၊ ငါခိုင်းတာကိုလုပ်၊ လောလောဆယ် ငါ့အတွက် ရေအေးအေးတစ်ခွက်နဲ့ အဝတ်စုတ်တစ်ခုလောက်ယူခဲ့၊ အေး… မဟုတ် တရုတ်တော့ မကြဲ့စည်နဲ့နော်၊ ကလေးနဲ့ဒီအမျိုးသမီး အတွက် မနက်ဖြန်ဆိုတာ ပျောက်သွားမယ်"

"ဟုတ်ကဲ့ပါ ခင်ဗျာ…"

အိမ်အလုပ်သမားလေး ထွက်သွားသည်နှင့်…

"ဖျောက်…"

တယ်လီဖုန်းကြိုးကို ဆွဲဖြုတ်လိုက်ပြီး၊ အိမ်ရှေ့ဆိုဖာတွင် ပြန်ပြီးထိုင်နေလိုက်သည်။

ကောင်မလေးမှာ ခေါင်းမဖော်ဝံ့အောင် ကြောက်လန့်နေသည်ကို တွေ့မြင်နေရ၏။





"သမီးက ဒရမ်းကိုကြောက်နေတာကို… ဦးကဘာမှ မလုပ်ပါဘူး၊ ဦးဆီလာပါဦး"

"ဟင့်အင်း…သမီးကြောက်တယ်"

"မကြောက်ပါနဲ့ ကလေးရယ်၊ ဒီမွေးနေ့ကိတ်ကြီးက သမီးအတွက်လား"

"ဟုတ်ကဲ့…"

"သမီးနာမည် ဘယ်လိုခေါ်လဲ"

"သင်းပျံ့လက်ျာ"

"နာမည်လေးက ချစ်စရာလေးပဲ၊ သမီးအဖေရော ဘယ် သွားလဲ"

"ဖေဖေမရှိတော့ဘူး"

"ဪ…သမီးလေးဘာမှမကြောက်နဲ့၊ ဦးက ဒုက္ခရောက် လာလို့ သမီးတို့ဆီမှာ အကူအညီဝင်ပြီးတောင်းတာပါ"

"ဦးအကူအညီတောင်းတာကလည်း သေနတ်ကြီးနဲ့"

"ဒါကတော့ မလွဲသာလို့ပေါ့သမီးရယ်"

"ဆရာ ရပြီ"

"ကျေးဇူးတင်တယ်ဗျာ"

အိမ်ဖော်အလုပ်သမားလာပြီး ချပေးသော သောက်ရေခွက် ကို မော့သောက်ပြီး လက်မောင်းမှ ဒဏ်ရာကို ပတ်တီးစည်းလိုက် သည်။

"အား…ကျွတ်…ကျွတ်…"



www.burmeseclassic.com

www.burmeseclassic.com



လက်မောင်းဒဏ်ရာ၏ ကိုက်ခဲမှုကြောင့် နာကျင်နေပြီး ဆိုဖာပေါ်တွင် မေးလိုက်သည်။

“ဦး…ဆေးထည့်ပြီး ဆေးသောက်လိုက်ပါလား”

“ဟင်”

ဆရာဝန်သမီးလို့မပြောရဘူး ဆေးကုမှုကို ပြောနေလေသည်။

“ရတယ်သမီး…”

ကောင်မလေး ပထမလောက် မကြောက်တော့ပေ။

“မင်းနာမည်က…”

“သံချောင်းပါဆရာ”

“သူကရော”

“မမြကြည်ပါ”

“ငါ့နာမည်ဘယ်သူဆိုတာကို မပြောပြနိုင်တာစိတ်မကောင်းဘူး၊ ငါ့အပေါ် ရန်သူတစ်ယောက်လိုသဘောမထားဘဲ၊ ခဏလာတဲ့ဧည့်သည်လို့ သဘောထားပေးကွာ”

လက်မောင်းမှ အနာရှိန်က တဖြည်းဖြည်းတက်လာနေပြီဖြစ်သဖြင့် တစ်ကိုယ်လုံး ကိုက်ခဲပြီး ဖျားချင်သလိုဖြစ်လာနေပြီ…

“တီ…တီ…”

“ဟင်…”

“မမလေး ပြန်လာပြီ”

သံချောင်းက လှမ်းကြည့်ပြီး ပြောလိုက်သောစကားကြောင့်





“ကိုသံချောင်း…”

“ဗျာ…”

“တံခါးသွားဖွင့်ပေးလိုက်ပါ၊ ဘာမှမပြောနဲ့နော်၊ ကျုပ်ဒီက နေကြည့်နေမယ်၊ ခင်ဗျားနှုတ်ဖျားက ကျုပ်ရှိနေတာကိုပြောခဲ့ရင် ကျုပ်အဆိုးမဆိုနဲ့၊ သွားပြီးဖွင့်ပေးလိုက်”

“ဟုတ်ကဲ့”

သံချောင်းထွက်သွားပြီး စိုက်ကြည့်နေသည်။

ခြံတံခါးပွင့်သွားသည်နှင့်…

“ကိုသံချောင်း သမီးလေးရော…”

“ဟို…ဟို…မမလေးကို စောင့်နေတယ်”

“ကိုသံချောင်း ရှင်ဘာဖြစ်နေတာလဲ”

“ဘာမှ မဖြစ်ပါဘူး”

ရန့်လကျ်ာ စကားဆက်ပြီးမပြောတော့ဘဲ ကားမောင်းပြီး ဝင်လာတော့သည်။

“ဟင်…ဖြူတုတ်”

အိမ်ရှေ့တွင် သွေးသံရဲရဲနှင့်သေနေသော ခွေးကလေး ဖြူတုတ်ကို ရန့်လကျ်ာ တွေ့သွားပြီးနောက်…

“ကိုသံချောင်း…ကိုသံချောင်း…”

“ဗျာ…မမလေး”

“ဖြူတုတ်ဘာဖြစ်တာလဲ…ဘယ်သူသတ်တာလဲ”

“ဟို…ဟို…”



www.burmeseclassic.com

www.burmeseclassic.com



"ကိုသံချောင်း"

ရန့်လက်ျာ စိတ်မရှည်တော့ဘဲ အော်လိုက်သည်။

"ကျွန်တော်သတ်တာပါ"

"ဟင်…ရှင်…ဘယ်သူလဲ၊ ဘာလို့ ဖြူတုတ်ကို သတ်ရတာလဲ"

"ကျုပ်ဘယ်သူလဲဆိုတာတော့ မပြောနိုင်ဘူး၊ ဖြူတုတ်ကို သတ်ရတာ မလွှဲသာလို့"

"ရှင်…"

"စိတ်မကောင်းပါဘူး ဒေါက်တာ၊ နှုတ်ကလေးပိတ်ပြီး အိမ်ထဲကိုဝင်ပါ"

ရန့်လက်ျာ သဘောပေါက်လိုက်တာက အိမ်တွင် အနုကြမ်း စီးခြင်းခံနေရပြီပင်…

"မေမေ…"

"သမီး…"

ကောင်မလေးက ရန့်လက်ျာကို ပြေးပြီးဖက်လိုက်သည်။

"ကိုသံချောင်း…"

"ဗျာ…ဆရာ"

"တံခါးကိုပိတ်လိုက်ပါ"

"ဟုတ်ကဲ့…"

"အေးအေးဆေးဆေးထိုင်ပါ…ဒေါက်တာ…"

"ရှင်ဘာလိုချင်တာလဲ… ငွေလား…"





"ဘာလို့ဆန္ဒတွေစောနေတာလဲ ဒေါက်တာ… ကျုပ်ဘာ တစ်ခုမှ မတောင်းဆိုရသေးပါလား"

"ရှင်…ဓားပြတိုက်နေတာမဟုတ်ဘူးလား"

"ဓားပြတိုက်နေတာ…ဒေါက်တာရယ်… သေနတ်ကိုင် ထားတာကို တွစ်မျိုးမြင်နေတာကိုး… ကျုပ် ဓားပြတိုက်နေတာ မဟုတ်ရပါဘူး"

"ဒါဖြင့်…ရှင်က…"

"ဒုက္ခရောက်လာလို့ အကူအညီဝင်ပြီးတောင်းတာ"

"ဘာရှင့်…"

ထိုသူစကားကို ရန့်လက်ျာနားမလည်နိုင်အောင်ဖြစ်သွား သည်။

"ဒုက္ခရောက်လို့ အကူအညီတောင်းတာကလည်း သေနတ် ကြီးနဲ့ဆိုတော့ ဒုက္ခသည်ဆိုတာကို ဘယ်လိုလုပ်ပြီး ယုံစရာရှိမှာ လဲ"

"ဒါကတော့ အကြောင်းကြောင်း ကြောင့်ပါ၊ ဒီအတွက် ကျုပ်ရိုင်းပျမှုတစ်ခုဖြစ်ခဲ့ရင် တောင်းပန်ပါတယ်"

"မယဉ်ကျေးတာတော့အမှန်ဘဲ၊ ခွင့်မလွှတ်လည်း ရှင်က ဒီအိမ်ကထွက်သွားမလို့လား"

"ခုချိန်မှာတော့ ကျုပ်မထွက်သွားနိုင်ဘူး ဒေါက်တာ"

"ရှင် ရာဇဝတ်မှုတစ်ခုကို ကျူးလွန်ပြီး ထွက်ပြေးလာတာ လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ကျုပ်လူသတ်လာတာ"

"ဟင်…"

"လူသတ်တယ်ဆိုတဲ့အပိုင်းကတော့ ဥစ္စာပစ္စည်းလုယူဖို့အတွက် လူသတ်ခဲ့တာ မဟုတ်ဘူး…ကျုပ်သမိုင်းကြောင်းအတွက် ရာဇဝင်ကြွေးဆပ်ခဲ့တာ"

"ထားလိုက်ပါ၊ ဒါကရှင့်အပိုင်း… ကျွန်မတို့က ရှင့်ကို ဘာကူညီပေးရမလဲ၊ ရာဇဝတ်မှုကျူးလွန်လာသူကို အားပေးတာမျိုးတော့ မလုပ်နိုင်ဘူး"

"မင်းဘက်က မကူညီနိုင်ရင်တော့လည်း ကျုပ်ဘက်က သေနတ်တစ်လက်နဲ့ ဆက်ပြီးအကူအညီတောင်းရမှာပဲ"

"ရှင်…"

"ကျုပ်အတွက် ရှေ့ဆက်ပြီးအဖမ်းမခံရရေးအတွက် မင်းတို့ပေါ်မှာ သက်ညှာနိုင်ခြင်းမရှိတာကို စိတ်မကောင်းပါဘူး"

"အိမ်ရှင်တို့ အိမ်ရှင်တို့"

"ဟင်…"

"ကိုသံချောင်း ဘယ်သူတွေလည်း ကြည့်လိုက်ပါ"

ကိုသံချောင်း ပြူတင်းပေါက်မှ အပြင်ကိုကြည့်လိုက်စဉ်…

"ဟာ… မမလေး…ရဲတွေ…"

"ဘာ…"

"ဟယ်…"

သေနတ်ကို မောင်းတင်လိုက်ပြီး ကောင်မလေးနားသို့ကပ်လိုက်ကာ…

"ရှင်…ဘာလုပ်မလို့လဲ"

"ခုချိန်မှာ ဘာလုပ်မလို့လဲဆိုတာ မင်းဘက်က ဘာလုပ်ပေးမလဲဆိုတာ စောင့်ကြည့်ရုံပဲရှိတယ်"

"ကိုသံချောင်း တံခါးသွားပြီးဖွင့်ပေးလိုက်၊ ရှင်အခန်းထဲမှာ သမီးကိုခေါ်ပြီး ဝင်နေပါ"

"ကောင်းပြီ ဒေါက်တာ၊ ကိုသံချောင်း ခွေးကိုအရင် အစဖျောက်လိုက်ပါ"

"ဖျောက်ပြီးပါပြီ ဆရာ"

"ရှင်…တော်တော်ရက်စက်တဲ့သူ…"

ရန့်လက်ျာ အိမ်တံခါးကိုဖွင့်ပြီး ကိုသံချောင်းကို ခြံတံခါးသွားပြီး ဖွင့်ပေးခိုင်းလိုက်သည်။

သက်ဆိုင်ရာ ရဲအရာရှိ ဇော်ဇော်မောင်နှင့် ရဲတပ်ဖွဲ့ဝင်(၂)ဦး ဝင်လာပြီးနောက်…

"ကိုဇော်ဇော်မောင် ဘာကိစ္စများလဲ"

"ဩော်…ရန့် လူသတ်သမားတစ်ယောက် ဒီဘက်ကို ရောက်လာတယ်ထင်လို့ ဝင်ရှာတာပါ"

"ဩော်… ရန့်တို့ခြံထဲမှာတော့ ဘာအရိပ်အယောင်မှ မတွေ့ဘူး၊ ကိုသံချောင်း တွေ့မိသလား"

"မတွေ့မိပါဘူး မမလေး"

"အေးဗျာ…လူသတ်သမားက ဒီနားတစ်ဝိုက်မှာ ပျောက်





သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သွားတာ၊ တို့ကိုခွင့်ပြုပါဦး ရန့်''

''ကောင်းပါပြီ''

ဇော်ဇော်မောင်တို့ ထွက်သွားပြီးနောက် ရန့်လက်ျာ ခြံတံခါး၊ အိမ်တံခါးများကို ပြန်ပိတ်ပြီး အိမ်ထဲသို့ ပြန်ပြီးဝင်လာသည်။

''ကျေးဇူးတင်ပါတယ် ဒေါက်တာ''

''ရှင့်ကို ကျွန်မကူညီတာမဟုတ်ဘူး၊ သမီးလေးအသက် အန္တရာယ်အတွက် မဖြစ်မနေ သရုပ်ဆောင်ပေးတယ်ဆိုတာကို တော့ ရှင်သဘောပေါက်ပါ''

''ဘယ်လိုကြောင့်ပဲဖြစ်ဖြစ် ကျုပ်ကကျေးဇူးတင်ပါတယ်''

''ရှင်ဘာဆက်ပြီး သေနတ်နဲ့ခြိမ်းခြောက်ဦးမှာလဲပြော''

''ကျုပ်ဒီအိမ်ကနေ ပြန်ပြီးထွက်နိုင်တဲ့ အခြေအနေပေါ်မှာ မူတည်ပြီး ပြန်မယ်''

''ထွက်နိုင်တဲ့ အခြေအနေဆိုတာ ဘာကိုပြောတာလဲ''

''အပြင်မှာ အခြေအနေကောင်းရင် မင်းအိမ်က ထွက်သွားမှာပါ၊ မင်းသိပ်ပြီး စိတ်မပူပါနဲ့၊ တစ်ခုတော့ပြောထားမယ်နော်၊ ကျုပ်အပေါ်မကောင်းစိတ်မွေးရင်တော့ ကျုပ်ကိုရက်စက်တဲ့သူလို့ မထင်နဲ့''

''ရှင် ကျွန်မတို့အပေါ်မှာ မကောင်းစိတ်မွေးတာမျိုး မရှိရင် တော့ ကျွန်မတို့ဘက်က မကောင်းစိတ်မွေးစရာမရှိပါဘူး''

''ဒါဆိုရင် မင်းတို့နဲ့ကျုပ်ကြားမှာ ပြဿနာဆိုတာ မရှိဘူးပေါ့ ဟုတ်လား''





''ဒီလိုပဲ သဘောထားကြရအောင်...''

''အား...ကျွတ်...''

ထိုသေနတ်သမား အိမ်ထဲကိုလှမ်းဝင်ရင်း လက်မောင်းက အနာရှိန်ကြောင့် ကိုယ်ကလေးယိမ်းကျသွားလေသည်။

''ရှင်ဒဏ်ရာ ရလာသလား''

''ဟုတ်တယ်..''

''မေမေ...''

''ဘာလဲသမီး..''

''ဦးဦးဒဏ်ရာကို ဆေးကုပေးလိုက်ပါနော်''

ကောင်မလေးစကားကြောင့် ရန့်လက်ျာ သေနတ်သမားကို လှမ်းကြည့်လိုက်သည်။

''ရှင့် ဒဏ်ရာက ဘာဒဏ်ရာလဲ''

''သေနတ်ဒဏ်ရာ''

''ရှင် ယုံကြည်တယ်ဆိုရင် ဆေးထည့်မလား''

''ရပါတယ်''

''ဆရာဝန်တစ်ယောက်ရှေ့မှာ လူနာတစ်ယောက် ဝေဒနာ ခံစားနေရတာကို မကြည့်ရက်ပါဘူး...ကိုသံချောင်း''

''ဗျာ...မမလေး''

''ရေနွေးနဲ့ ဆေးအိတ်ကို ယူခဲ့ပါ''

''ဟုတ်ကဲ့''

''ကဲ...ရှင်စိတ်ချစွာနဲ့ ထိုင်ပါ၊ ရှင့်သေနတ်ကြီးကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



သိမ်းထားလိုက်ပါ၊ ဆရာဝန်နဲ့ လူသတ်လက်နက်က လုံးလုံးကြီး ဆန့်ကျင်နေတယ်''

သေနတ်သမား ရန့်လက်ျာပြောတဲ့အတိုင်း ထိုင်ချလိုက်သည်။

ကောင်မလေးက သေနတ်သမားရဲ့ဘေးတွင် ဝင်ထိုင်ပြီး ကရုဏာ သက်စွာဖြင့် ကြည့်နေလေသည်။

''ဒီနေ့ သမီးမွေးနေ့လား''

''ဟုတ်ကဲ့''

''ဦးကြောင့် သမီးမွေးနေ့လေး မပျက်စေရပါဘူးကွယ်''

''ဦးတကယ်ပြောနေတာလား''

''တကယ်ပြောတာပေါ့ ကလေးရယ်''

သေနတ်သမားနှင့် သင်းပုံ့စကားပြောနေတာကို ရန့်လက်ျာ ကြည့်နေရင်း သတိထားမိတာကတော့ သေနတ်သမားသည် လူဆိုး လူမိုက် အသွင်သဏ္ဍာန်တော့ မပေါက်ပေ…

''မမလေး''

သံချောင်း ရေနွေးဇလုံနှင့် ဆေးအိတ်ကို ရန့်လက်ျာရှေ့တွင် ချပေးလိုက်ပြီးနောက်…

''ရှင့်လက်က အဝတ်စကို ဖြေရအောင်''

သေနတ်သမား သူ့လက်မောင်းကို ရန့်လက်ျာဘက် တိုးပေးလိုက်သည်။

ရန့်လက်ျာ ပတ်ထားသော အဝတ်စကို ဖြေကြည့်ပြီး…





''ဒဏ်ရာက တော်တော်ပြင်းတာပဲ၊ ရှင်စိတ်အားပြင်းထန်တဲ့သူမို့ တခြားတစ်ယောက်ဆို ခုလောက်ဆိုရင် လဲလောက်ပြီ''

''ဒီဒဏ်ရာကြောင့် ကျုပ်လဲလို့ မဖြစ်သေးဘူး၊ ကျုပ်မှာ မပြီးဆုံးသေးတဲ့ တာဝန်တွေက ရှိသေးတယ်''

သေနတ်သမားနှုတ်ဖျားမှ နာကျင်လှသော စကားသံတွေ ထွက်လာနေသည်။

''ကျုပ် သက်ဆိုင်ရာလက်ထဲကို အရောက်မခံနိုင်တာ ကိုယ်ကျူးလွန်တဲ့ အပြစ်ကို မခံရဲလို့တော့ မဟုတ်ဘူး၊ ကျုပ်ရာဇဝင်ကြွေးအတွက် ဆပ်စရာကျန်နေသေးလို့၊ ကျုပ်မင်းတို့အပေါ်မှာ အနိုင်ကျင့်သလို ဖြစ်သွားတာ စိတ်မကောင်းပါဘူး''

''ရှင့်ဒဏ်ရာက သွေးထွက်အရမ်းများပြီး ရှင်အရမ်းအားနည်းနေတယ်၊ ရှင်ဆေးထိုး ဆေးသောက်ပြီး အနားယူမှဖြစ်မယ်''

''ကျုပ်ကို မင်းအိပ်ခိုင်းနေတာလား''

''ဟုတ်တယ်''

''ကျုပ်ဘဝမှာ စိတ်ချစွာ အိပ်လို့မရနိုင်သေးဘူး''

''ဒီအတိုင်းဆို ရှင်လဲသွားနိုင်တယ်နော်''

''ကျုပ်အိပ်ပျော်ခြင်းဟာ ကျုပ်ကို ထောင်ထဲရောက်စေတာနဲ့ အတူတူပဲ''

''ရှင်ကျွန်မကို မယုံကြည်တာလား''

''ကိုယ့်အိမ်ပေါ်မှာ သေနတ်နဲ့ဝင်ပြီး အနိုင်ကျင့်နေတဲ့သူအပေါ်မှာ မင်းသဘောကောင်းနိုင်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး''



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ပြောတာ မှန်ပါတယ်၊ ရှင့်အပေါ်မှာ ကျွန်မ သဘောမကောင်းနိုင်တာတော့ သေချာတယ်၊ ဒါပေမယ့် ရှင်ဟာ ကျွန်မရဲ့လူနာဖြစ်နေပြီဆိုတော့ ရှင် ဒုက္ခရောက်မှာကိုတော့ မမြင်လိုပါဘူး.."

"ကျေးဇူးတင်ပါတယ် ဒေါက်တာ၊ ကျုပ်အတွက် အင်အားအရှိဆုံးနဲ့ပဲ ဒီတစ်ညကို ဖြတ်ကျော်မှာပါ.."

"ဒါတော့ ရှင့်သဘောပဲ"

ရန့်လက်ျာ လက်မောင်းဒဏ်ရာကိုဆေးကြောပြီး ဆေးထည့်ကာ..

"ဆေးတစ်လုံးတော့ ထိုးရမယ်၊ ဘယ်လိုလဲ၊ ရှင် ကျွန်မထိုးတဲ့ဆေးကို အထိုးခံရဲပါ့မလား"

"ဆရာဝန်တစ်ယောက်ဟာ လူနာတစ်ယောက်ပေါ်မှာထားတဲ့ စိတ်ဓာတ်ပိုင်းနဲ့စေတနာပိုင်းကို ယုံကြည်စွာနဲ့ပဲ ကျုပ်ဆေးထိုးခံမယ်၊ တစ်ခုတော့ ကြိုပြီးပြောထားမယ်၊ မင်းဆေးကြောင့် ကျုပ်ဟာ သက်ဆိုင်ရာလက်ထဲကို ရောက်ခဲ့မယ်ဆိုရင်တော့ ကျုပ်ရာဇဝင်ကြွေးဆပ်မယ့်စာရင်းထဲမှာ မင်းလည်းပါနေဦးမှာပါ"

"ရှင် သံသယကင်းစွာနဲ့ ဆေးထိုးခံပါ"

ရန့်လက်ျာ..သေနတ်သမားကို ဆေးတစ်လုံးထိုးပေးလိုက်ပြီး သောက်ဆေးပါပေးလိုက်သည်။

"ကျုပ်ကိစ္စ ပြီးသွားပြီလား"

"ပြီးသွားပြီ"





"ဒါဆို သမီးလေးရဲ့မွေးနေ့ပွဲကလေးကို ပြုလုပ်ပေးလိုက်ပါ... ကျုပ်ဘေးကနေပဲ ထိုင်ကြည့်နေပါ့မယ်"

"ရှင်ဟာ သမီးမွေးနေ့ပွဲကို ဖိတ်ကြားခြင်းမရှိဘဲရောက်ရှိလာတဲ့ အထူးဧည့်သည်တစ်ယောက်လို့သဘောထားပြီး သမီးမွေးနေ့ပွဲကို ကျင်းပလိုက်ပါ့မယ်..သမီး.."

"ရှင်..မေမေ..."

"မွေးနေ့ဖယောင်းတိုင်တွေ စိုက်ပြီးထွန်းတော့လေ..."

ကောင်မလေးက မွေးနေ့ဖယောင်းတိုင်တွေစိုက်ပြီး မီးထွန်းလိုက်သည့်အချိန်တွင် သေနတ်သမား စန္ဒရားဘေးရှိထိုင်ခုံပေါ်တွင် ထိုင်လျက် မွေးနေ့တီးလုံးကလေးကို တီးပေးလိုက်သဖြင့် မွေးနေ့ပွဲကလေးမှာ အသက်ဝင်မြိုင်ဆိုင်သွားလေသည်။

"သမီးလေး သင်းပျံ့လက်ျာ ဒီနေ့ဒီရက်မှစပြီး.. နှစ်ပေါင်း (၁၀၀) တိုင်အသက်ရှည်ကျန်းမာစွာရှိပါစေသား.."

"ဖူး..."

ဖယောင်းတိုင်မီးကလေးများကို မှုတ်ပစ်လိုက်ပြီး မွေးနေ့ကိတ်ကို လှီးကာ ကောင်မလေးက တစ်ယောက်ချင်းစီလိုက်လံကျွေးနေလေသည်။

"ဦးဦး..စားနော်"

"ကျေးဇူး.."

"သမီးမွေးနေ့ကို ခုလိုတက်ရောက်လာတဲ့ဦးဦးကို သမီးကလည်းကျေးဇူးတင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ချစ်ဖွယ်ကောင်းလှသော ကောင်မလေးစကားကြောင့် သေနတ်သမား ကျေနပ်စွာပြုံးလိုက်တော့သည်။

"ရှင်..စန္ဒရား ကျွမ်းကျွမ်းကျင်ကျင်တီးတတ်ပုံပေါက်တယ်"

"တီးတတ်ရုံလောက်ပါ"

"ကျွန်မက စန္ဒရားကြီးကို တီးတတ်လို့ ဝယ်ထားတာတော့မဟုတ်ဘူး၊ စန္ဒရားကို သိပ်ပြီး မြတ်နိုးလို့ဝယ်ထားတာ ဝယ်ထားတာ ရက်ပိုင်းပဲရှိသေးတယ်၊ စန္ဒရားကို ဖွင့်ပေးတဲ့ သီချင်းမရှိသေးဘူး၊ ရှင် သီချင်းတစ်ပုဒ်လောက် တီးပြပါလား"

သေနတ်သမား မငြင်းဘဲ ခေါင်းညိတ်လိုက်လေတော့သည်။



အခန်း (၁)

"ဆရာ..ဘယ်လိုလဲ.."

ခြံအပြင်တွင် မသက်သာသဖြင့် ကင်းပုန်းဝပ်ပြီးစောင့်နေသော ဒုရဲအုပ်ဇော်ဇော်မောင်တို့အဖွဲ့ အိမ်ထဲမှ စန္ဒရားသံနှင့် မွေးနေ့ဆုတောင်းသီချင်းများကြောင့် နားမလည်နိုင်အောင်ဖြစ်နေကြသည်။

"စဉ်းစားလို့တောင် မရတော့ဘူးကွာ၊ လူသတ်သမားက အိမ်ထဲရှိနေရင် ဒီလိုစန္ဒရားသံတွေကြားရမှာမဟုတ်ဘူး"

"လူသတ်သမား ခြေရာပျောက်သွားတာ ဒီအိမ်နားမှာပဲ ဆရာ.. ဒီကောင် တခြားအဝေးကိုမပြေးနိုင်ဘူး.. ပြီးတော့ လက်မောင်းမှာဒဏ်ရာနဲ့.. ကျွန်တော်ကတော့ အိမ်ထဲကိုဝင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ရှာချင်တယ်..”

“မဖြစ်သေးဘူး တောက်ထွန်း.. ဒီကောင့်လက်ထဲမှာ သေနတ်ရှိတယ်၊ ငါတို့ကိုတုံ့ပြန်ဖို့ထက် အိမ်ထဲမှာရှိတဲ့ သူတွေကို ဓားစာခံလုပ်နိုင်တယ်၊ ရန့်တို့အိမ်မှာယောကျ်ားသားဆိုလို့ သံချောင်းတစ်ယောက်ပဲရှိတာ မဟုတ်လား၊ အိမ်ထဲမှာ လူသတ်သမား ရှိမရှိကို အရင်သိအောင်လုပ်ပြီးမှ ဘာဆက်လုပ်သင့်သလဲဆိုတာကို ဆုံးဖြတ်ချက်ချလို့ရမယ်..”

“ခြံထဲကိုဝင်ပြီး အနီးကပ်လေ့လာရင်ကောင်းမယ်”

“အနီးကပ်ဝင်နိုင်အောင် ငါတို့ဘက်က တစ်ခုခုစီစဉ်ရအောင်.. ရဲဘော် နောင်လတ်..”

“ပြောပါ ဆရာ..”

“လျှပ်စစ်ဌာနကို မီးခဏဖြတ်ပေးဖို့ပြောလိုက်... ပြီးရင် ဒီအိမ်ကို သီးခြားမီးဖြတ်တောက်နိုင်အောင်လုပ်ခိုင်း..”

“ဟုတ်ကဲ့ဆရာ..”

ဒုရဲအုပ် ဇော်ဇော်မောင်တို့အဖွဲ့ ကင်းလှည့်လာရင်းလမ်းတွင် သေနတ်သံကြောင့် အခင်းဖြစ်ပွားရာဆီသို့ ရောက်အသွားတွင် လူသတ်သမားနှင့်မျက်နှာချင်းဆိုင် ပက်ပင်းတိုးသဖြင့် လက်နက်ချခိုင်းရာ မချသဖြင့် သေနတ်နှင့်လှမ်းဟန့်တားရာ လူသတ်သမားလက်မောင်းကိုထိပြီး ထွက်ပြေးရာ လွတ်မြောက်နေခြင်းဖြစ်သည်။

“ဆရာ...”





“ဘာလဲ တောက်ထိန်”

“လူသတ်သမား သတ်ခဲ့တဲ့သူက ဦးမဏ္ဍိုင်မဟုတ်လား”

“ဟုတ်တယ်..”

“သေသွားပြီ မဟုတ်လားဆရာ..”

“ငါတို့ အိမ်ပေါ်ရောက်တော့ အသက်ငွေ့ငွေ့လေးရှိသေးတယ်၊ ဦးမဏ္ဍိုင် နှုတ်ဖျားက နောက်ဆုံးပြောနိုင်တာက မနော ဆိုတဲ့ အမည်တစ်ခုပဲ”

“မနောဆိုတာ လူသတ်သမားအမည်ဖြစ်နိုင်မလား”

“ဖြစ်ဖို့တော့ များတယ်”

“ဆရာ...ခုလူသတ်မှုကို ဘယ်လိုထင်မြင်ချက်ကောက်မလဲ”

“ငါ့ ထင်မြင်ချက်အရဆိုရင် ခု လူသတ်မှုဟာ ငွေကြေးဥစ္စာကြောင့် ဓားပြတိုက်လုယက်မှုတော့မဟုတ်ဘူး၊ အငြိုးတစ်ခုခုကြောင့် သတ်တာဖြစ်နိုင်တယ်”

“ကျွန်တော် အံ့ဩတာ တစ်ခုရှိတယ်ဆရာ”

“ဘာများလဲ”

“ဦးမဏ္ဍိုင်ဟာ ကျွန်တော်တို့မြို့မှာ တကယ့်လူကြီးလူကောင်းတစ်ယောက်ဖြစ်ပြီး အလှူအတန်းနဲ့ဘာသာရေးအပိုင်း၊ လူမှုရေးအပိုင်းမှာ အကျိုးပြုနေတဲ့သူတစ်ယောက်နဲ့ ရန်ငြိုးဖွဲ့လောက်တဲ့ ကိစ္စရယ်.. သတ်တဲ့သူကို အံ့ဩတာပါ..”

“ဦးမဏ္ဍိုင်နဲ့ပတ်သက်ပြီး ငါတို့မြင်တဲ့အမြင်က အပေါ်ယံ



www.burmeseclassic.com

www.burmeseclassic.com



အမြင်တစ်ခုလောက်ပဲရှိမယ်၊ တကယ့်အကွင်းပိုင်းအခြေအနေကို ဘယ်သူမှ အတပ်ပြောလို့ရမှာမဟုတ်ဘူး၊ သေသွားတဲ့ ဦးမဏ္ဍိုင်နဲ့ပတ်သက်ပြီး အားလုံးအကောင်းမြင်နေကြပေမယ့် ငါ့ရဲ့အမြင်က ဦးမဏ္ဍိုင်ကို သံသယရှိနေတဲ့အချက်တွေရှိနေတယ်"

"ဟာ…လုပ်စမ်းပါဦးဆရာ.. ကျွန်တော်တို့က ဦးမဏ္ဍိုင်ကို လူကြီးလူကောင်းတစ်ယောက်လို့ပဲ မြင်နေတာ၊ ဆရာပြောတဲ့အချက်တွေက ဘာလဲ"

"ပထမ သံသယဖြစ်စရာက ဦးမဏ္ဍိုင်လုပ်ကိုင်နေတဲ့ ဆပ်ပြာစက်ရုံက လုပ်ငန်းတွေနဲ့ အလုပ်သမားတွေ.."

"အလုပ်သမားတွေ ဟုတ်လား.."

"ဟုတ်တယ် တောက်ထိန်.. ဦးမဏ္ဍိုင်စက်ရုံမှာ လုပ်ကိုင်နေသူတော်တော်များများဟာ ထောင်ကျဘူးတဲ့လူဆိုးလူမိုက်တွေဖြစ်နေတာရယ်၊ ဆပ်ပြာစက်ရုံထဲမှာ အပြင်လူ အသိမခံတဲ့ စက်ခန်းတွေနဲ့ အပြင်အလုပ်သမားတွေကို သိပ်ပြီးအလုပ်မခန့်တာတွေဟာ သံသယဖြစ်စရာတွေပဲ၊ ဒီလိုလူမျိုးဟာ သက်ဆိုင်ရာက စိတ်ဝင်စားမှုမရှိအောင် ဘာသာရေး၊ လူမှုရေးပိုင်းတွေမှာ လူကြီးလူကောင်းယောင်ဆောင်တတ်ကြတယ်၊ ဦးမဏ္ဍိုင်ကိုသတိထားမိတဲ့နောက်ဆုံးသံသယက သူ့အိမ်မှာ အစောင့်တွေကိုလိုအပ်တာထက်ပိုပြီး ထားတာပဲ တောက်ထိန်"

"ဟုတ်တယ်ဆရာ..အဲဒါ ဘာကြောင့်လဲ"

"သူ့အသက်အန္တရာယ်အတွက်လေ… ဦးမဏ္ဍိုင်ဟာ





တကယ့် ဘာသာရေးသမားစစ်စစ်ဆိုရင်ဒီလောက်ထိ အစောင့်တွေထားစရာမလိုဘူး"

"အင်း..ဆရာ ပြောတော့လဲ စိတ်ဝင်စားစရာပဲ.."

"ငါ ဦးမဏ္ဍိုင်နဲ့ပတ်သက်ပြီး စုံစမ်းနေတာကြာပြီကွ၊ ဒါပေမယ့် ဦးမဏ္ဍိုင်က သိပ်ပြီးပိရိသေသပ်တယ်ဆိုရမှာပေါ့၊ အစလေးတောင် မရသေးဘူး၊ ခု အသတ်ခံရတာ.."

"ဒါနဲ့ဆရာ စကားမစပ်…ဆရာ့ကိုမေးရဦးမယ်"

"ဘာတွေမေးချင်လို့လဲ"

"ဟို…ဆရာနဲ့ဒေါက်တာရန့်နဲ့က ဇာတ်လမ်းရှိခဲ့ဖူးတယ်ဆို.."

"တောက်ထိန်…မင်းစကားက ဦးမဏ္ဍိုင်ကိစ္စကနေ ဘယ်ရောက်သွားတာလဲ"

"ဒီလိုပေါ့ဆရာရယ်..မေးကြည့်တာပါ"

"ဒီအကြောင်းတွေ နောက်တော့ပြောပြတာပေါ့ကွာ၊ ခု လူသတ်သမားမိဖို့က အရေးကြီးတယ်"

"မှောဟိုမှာ..နောင်လတ်ပြန်လာပြီ"

နောင်လတ် အနားသို့ပြန်ရောက်သည်နှင့်…

"နောင်လတ်…အားလုံးစီစဉ်ခဲ့ပြီလား"

"စီစဉ်ခဲ့ပြီဆရာ.."

"တောက်ထိန်…"

"ပြောပါဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"မီးပျက်တာနဲ့ မင်းနဲ့ငါ ခြံကြီးထဲကိုဝင်ဖို့ပြင်ထား၊ ကျန်တဲ့ရဲဘော်တွေ အပြင်မှာ အသင့်အနေအထားယူထားကြ၊ ငါ့ဆီက ပစ်မိန့်မပေးမချင်း ဘယ်သူမှ မပစ်ကြနဲ့ ကြားလား"

"ဟုတ်ကဲ့..."

ဒုရဲအုပ် ဇော်ဇော်မောင်နှင့်တောက်ထိန် အသင့်အနေအထားကို ပြင်ထားလိုက်ပြီး မီးဖြတ်ချိန်ကို စောင့်နေလိုက်ကြသည်။



## အခန်း ( ၂ )

စန္ဒရားတီးလုံးလေးပြီးဆုံးသွားသည်နှင့်....

"ဖြောင်း..ဖြောင်း...ဖြောင်း..."

"ရှင့်ရဲ့စန္ဒရားလက်သံဟာ ပါရမီရှင်တစ်ယောက်လို လက်သံပြောင်မြောက်ပါတယ်၊ ဒါပေမယ့် ရှင့်လက်တွေက အံ့သြဖို့တော့ကောင်းသား"

"မင်းက ဘာကိုဆိုလိုတာလဲ"

"သေနတ်ကိုင်ပြီး လူသတ်တဲ့ရှင့်လက်က အနုပညာဆန်စွာ ရှိနေတာကိုပါ"

"ကျုပ်လူသတ်သမားဖြစ်ပေမယ့် ကျုပ်နှလုံးသားက အနုပညာခံစားမှုတွေနဲ့ ပြည့်နှက်နေသူပါ...ဒါပေမယ့် ကျုပ်နှလုံးသားထဲကို နာကြည်းချက်တွေ ပေးခဲ့သူတွေကြောင့် အနုပညာသည် ကျုပ်လက်တွေက သေနတ်ကိုင်ပြီးလူသတ်နေရတာ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်စကားတွေက စိတ်ဝင်စားဖို့ကောင်းတယ်၊ အထူးသဖြင့် ရှင့်ခံစားချက်တွေပေါ့၊ ထားလိုက်ပါလေ၊ လူတစ်ယောက်ရဲ့ ဘဝဆိုတာ စပ်စုလို့ကောင်းတာမဟုတ်ဘူး၊ ရှင့်ဆီက သိချင်တာလေးတစ်ခုတော့ရှိတယ်"

"မင်း ဘာသိချင်တာလဲ"

"ရှင့်နာမည်"

"မနော..လို့ခေါ်ပါတယ်"

"မနော... အနုပညာဆန်တဲ့နာမည်လေးပဲ"

"ကျုပ်ဘဝအတွက် မနောဆိုတဲ့အမည်ဟာ မှော်ဆန်သွားပါပြီ.."

"ချောက်.."

"ဟင်.."

"ဟာ..."

အိမ်တစ်အိမ်လုံး မီးအမှောင်ကျသွားတာကြောင့် မနော... ထိုမီးပျက်မှုသည် လုံးဝမရိုးသားသောမီးပျက်မှုတစ်ခုဖြစ်တယ်ဆိုတာကို သဘောပေါက်လိုက်သည်။

ပြတင်းတံခါးကို အသာလှပ်ပြီး အပြင်ကိုလှမ်းကြည့်တော့ အမှောင်ထုထဲတွင် အရိပ်သဏ္ဌာန်နှစ်ခု လှုပ်ရှားနေသည်ကို တွေ့မြင်လိုက်ရပြီး....

"ဒေါက်တာ.."

"ရှင် ဘာပြောချင်လို့လဲ..ပြောပါ"





"ကျုပ်ကို အန္တရာယ်ပြုမယ့်သူတွေတော့ ခြံထဲဝင်လာနေပြီ.."

"ဟင်..."

"ဒီတော့ ကျုပ်အတွက်တော့ သမီးလေးကို အသုံးချရတော့မှာပဲ"

"ရှင်.."

"ကျုပ် ဒီနေရာက ခုချက်ချင်းထွက်မယ်၊ သမီးလေးကို ဓားစာခံလုပ်ပြီး ခေါ်သွားရမှာပဲ"

"ကိုမနော"

"ဒေါက်တာဘာပြောချင်လို့လဲ..ပြောပါ"

"ရှင် သမီးလေးကိုခေါ်မသွားနဲ့.. ကျွန်မကို သမီးလေးအစား ခေါ်သွားပါ.."

"ကောင်းပြီ... ဒါဆိုရင် ကားအသင့်ပြင်ခိုင်းလိုက်"

"သံချောင်း"

"မမလေး.."

"ကားကိုသွားပြီးထုတ်ခဲ့.."

"ဟုတ်ကဲ့.."

"ခဏနေဦး သံချောင်း.. ငါတို့ပါ တစ်ခါထဲထွက်မယ်၊ ဒေါက်တာ ရှေ့ကသွားပါ"

"မေမေ..."

"သမီး..."



www.burmeseclassic.com

www.burmeseclassic.com



"သမီးပါလိုက်မယ်.."

"သမီး..ဦးဦး..သမီးအမေကို ပြန်ပြီးလွှတ်ပေးမှာပါ၊ စိတ်မပူပါနဲ့နော်.."

"ဦးဦး တကယ်ပြောတာလား"

"ဦးဦး သမီးကိုမညာပါဘူး..ဒေါက်တာ သွားကြရအောင်"

"မမြကြည်"

"ရှင်...မမလေး"

"သမီးလေးကို ဂရုစိုက်ပါ"

"ဟုတ်ကဲ့..."

မနောနှင့်ရန့်တို့ ကားဂိုထောင်ဆီသို့လျှောက်လာပြီး..

"ဒေါက်တာ.. ကားမောင်းပါ"

ရန့်ကားစက်နိုးပြီး မောင်းထွက်သွားသည်နှင့်....

"ရပ်..."

ဇော်ဇော်မောင်တို့ ကားကိုလှမ်းပြီးတားလိုက်သည်။

"ဒီမှာတွေ့လား.. ဒီက ဆရာဝန်မ အသက်ကို မထိခိုက်စေချင်ရင် တံခါးဖွင့်ပြီး သွားခွင့်ပြုလိုက်ပါ"

"ကိုဇော်ဇော်မောင်.."

"အချိန်မရှိဘူးဗျာ၊ ကျုပ်တစ်ကနေ ငါးအထိပဲဆိုမယ်၊ ကျုပ်အတွက် လူနောက်တစ်ယောက်ကို သတ်ဖို့ဆိုတာ ဘာမှမခဲယဉ်းဘူး"

ဇော်ဇော်မောင် ခဏမျှ စဉ်းစားပြီး...





"ကောင်းပြီ... ခင်ဗျားတောင်းဆိုတာကို ခွင့်ပြုတယ်"

"ခွင့်ပြုရုံနဲ့မပြီးဘူး၊ ကျုပ်နောက်ကိုဆက်ပြီးလိုက်လာရင် ဆရာဝန်မ အလောင်းကိုလိုက်ပြီး သယ်သလိုဖြစ်နေမယ်နော်.."

"ခင်ဗျား နောက်မလိုက်ရင်ရော..."

"မြို့အစွန်ရောက်တာနဲ့ ဆရာဝန်မကိုပြန်ပြီးလွှတ်ပေးလိုက်မယ်"

"ကောင်းပြီ...တောက်ထိန်"

"ဗျာ..ဆရာ.."

"တံခါးသွားပြီးဖွင့်ပေးလိုက်"

"ဟုတ်ကဲ့.."

တောက်ထိန် ခြံတံခါးကိုဖွင့်ပေးလိုက်သည်နှင့်....

"ဒေါက်တာ..မောင်းတော့"

ရန့်မောင်းလာသော ကားကလေး ခြံအပြင်ဆီသို့ မောင်းထွက်ခဲ့ပြီးနောက်....

"တောက်ထိန်..."

"ပြောပါဆရာ"

"အရပ်ဘက်ကားတစ်စီးအမြန်ဆုံးစီစဉ်၊ ဒီလူ မြို့စွန်ကိုရောက်ဖို့ တစ်နာရီလောက်မောင်းရဦးမယ်၊ အရပ်ဘက်ကားတစ်စီး ရမှဖြစ်မယ်"

"ဆရာ..ဟိုမှာ.. လိမ္မော်သီးတွေတင်တဲ့ကားလာနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုအတော်ပဲ.. လှမ်းပြီးတားလိုက်"

လိမ္မော်သီးများ တင်ဆောင်လာသော ကားကိုလှမ်းတား လိုက်ပြီးနောက် ဇော်ဇော်မောင်တို့အခက်အခဲအခြေအနေများကို ပြောပြပြီး အဝတ်အစားပါလဲကာ...

"တောက်ထိန်..မင်းနဲ့ငါ ဒီကားနဲ့လိုက်မယ်၊ နောင်လတ်"

"ပြောပါဆရာ"

"စခန်းကိုအကြောင်းကြားပြီး နောက်ကနေလိုက်ခဲ့၊ အဆက် အသွယ်ကို ငါတို့လုပ်မှ လုပ်ကြမယ်"

"ဟုတ်ကဲ့"

"တောက်ထိန် သွားကြရအောင်"

ဇော်ဇော်မောင်နှင့်တောက်ထိန် လိမ္မော်သီးကားပေါ်သို့ တက်ကာ မောင်းထွက်လာခဲ့တော့သည်။

"ဆရာ..."

"ဘာလဲ တောက်ထိန်"

"မြို့ဝင်ဂိတ်ကိုလှမ်းပြီးအကြောင်းကြားရင် ကောင်း မလား"

"အေး...လှမ်းပြီးအကြောင်းကြားလိုက်"

တောက်ထိန် စက်ဖြင့် မြို့ဝင်ဂိတ်ကို လှမ်းပြီး အကြောင်း ကြားလိုက်သည်။

"ဆရာကြည့်ရတာ စိတ်တွေအရမ်းလှုပ်ရှားနေသလိုပဲ"

"မင်းဘာလို့ပြောနိုင်တာလဲ"





"ဆရာနဲ့ ကျွန်တော် အမှုတော်တော်များများကို လိုက်ဖူးပါ တယ်၊ တစ်ခါမှ ဆရာစိတ်လှုပ်ရှားနေတာကို မတွေ့ခဲ့ဘူး၊ ဒီတစ် ခါတော့ ဆရာ့စိတ်တွေ အရမ်းလှုပ်ရှားနေသလိုပဲ"

တပည့်ဖြစ်သူစကားကို ဇော်ဇော်မောင်တစ်ယောက် မငြင်း လိုပေ၊ အမှန်တကယ် ဒေါက်တာရဲ့လက်ျာအတွက် စိုးရိမ်မှုတွေ ပြည့်နှက်နေတာတော့ အမှန်ပင်...



www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၃ )

ညသန်းခေါင်ယံ၏ ကြယ်စင်တွေက ကောင်းကင်ယံတွင် စုံညီစွာရှိနေကြလေသည်။ တစ်ချက်တစ်ချက် တိုးဝှေ့လာသော လေကြောင့် မနောတစ်ယောက် အဖျားဝင်ချင်သလိုဖြစ်နေသည်။

သူတို့နှစ်ယောက် စီးလာသောကားမှာ အမိုးပြတ်ပြိုင်ကား လေးဖြစ်တာကြောင့် လေ၏တိုးမှုကို မနောအလူးအလဲခံနေရသည်။

"ရှင်သိပ်ပြီးချမ်းနေလား"

"ဟုတ်တယ်…ဟီ…ဟီ…ဟီ…"

မနော လက်များတောင်တုန်ယင်နေလေပြီ…

"ခဏလေးသည်းခံပါ"

ရန့် ကားစက်ကို ထပ်ပြီးမြှင့်ကာ အမြန်ဆုံးမောင်းလာပြီး စားသောက်ဆိုင်ရှေ့တွင် ကားကိုရပ်လိုက်သည်။

စားသောက်ဆိုင် ပိတ်နေလေပြီ ဖြစ်သည်။

"မင်းဘာလုပ်မလို့လဲ"





"ရှင့်အတွက် အရက်ဝယ်ပေးမလို့"

"ဗျာ…"

"ရှင် အချမ်းဒဏ်ကို လောလောဆယ်ကာကွယ်နိုင်တာ အရက်တစ်ခုပဲရှိတယ်၊ ရှင်ယုံရင် ကျွန်မဆင်းပြီးဝယ်မယ်"

"နေ…နေ…ကျုပ်ပါလိုက်မယ်"

နှစ်ယောက်သား အောက်သို့ဆင်းလိုက်ပြီးနောက်…

"အယ်…"

"ဘာဖြစ်တာလဲ ခေါက်တာ…"

"ရှင့်မှာ ပိုက်ဆံပါလား၊ ကျွန်မမှာမပါဘူး"

"ဒီအခြေအနေရောက်မှ ဘာမှစိတ်မပူနဲ့ သေနတ်ရှိရင် ငွေရှိသလိုပဲမှတ်လိုက်"

"ရှင် ဘာလုပ်မလို့လဲ"

"အရက်တစ်လုံးအတွက် ဓားပြတိုက်ရမှာပဲလေ"

"ဟင်…"

မနောစကားကို ရန့်ဘာမှ ဆက်ပြီးမပြောဘဲ ပိတ်ထား သော ဆိုင်တံခါးကို ခေါက်ခိုင်းသဖြင့် ခေါက်လိုက်သည်။

"ခေါက်…ခေါက်…ခေါက်…"

တံခါးကို သုံးချက်လောက်ခေါက်လိုက်သည်နှင့် ဆိုင်ထဲက လူ အပေါက်ဝမှ ချောင်းကြည့်ပြီး မိန်းကလေးတစ်ယောက်ဖြစ် တာကြောင့် တံခါးကိုဖွင့်ပြီး ထွက်လာသည်နှင့်…

"ဟိတ်ကောင်…"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ…ခင်ဗျား…"

"ခင်ဗျားမလုပ်နဲ့ ဆိုင်ထဲကိုဝင်စမ်း"

"ဟုတ်ကဲ့…"

ဆိုင်ထဲသို့ရောက်သည်နှင့်…

"ငါအရက်တစ်လုံးလိုချင်တယ်"

"ရပါတယ်ဆရာ ဘာအရက်လိုချင်လဲ"

"ဘာအရက်ရရကွာ"

မနောကို အရက်တစ်လုံးယူပေးပြီး…

"နောက်ဘာလိုချင်သေးလဲ"

"ဘာမှ မယူချင်ဘူး၊ ကျေးဇူးပဲ"

ရန့်နှင့် မနော အရက်ပုလင်းကိုဆွဲပြီး အပြင်သို့ပြန်ပြီး ထွက်လာကာ…

"ရှင်ဖောက်ပြီးသောက်လိုက်"

"အား…"

မနောပါးစပ်ထဲတွင် ပူရှရှအရသာကြောင့် တော်တော်ခံ ရခက်သွားပေမယ့် အချမ်းကတော့ ပြေသလိုဖြစ်သွားသည်။

"ဟင်…"

အနောက်ဘက်ဆီမှ ကားမီးရောင်ကို လှမ်းပြီးတွေ့လိုက်ရ သည်။

"ဒေါက်တာ မောင်းတော့ ဒီကောင်တွေလိုက်လာပြီထင် တယ်"





"ရဲကားတော့မဟုတ်ပါဘူး"

"အရပ်ကားနဲ့လိုက်လာမှာ သေချာတယ်လေ"

ရန့်…ကားစက်နိုးကာ မောင်းထွက်လာရင်း…

"ရှင့်အတွက် လွတ်လမ်းရှိနိုင်ရဲ့လား"

"လွတ်လမ်းမရှိလည်း လွတ်အောင်ပြေးရမှာပဲ ဒေါက်တာ"

"ကျွန်မ ဘယ်အထိလိုက်နေရမှာလဲ"

"ကျုပ်ကတိတည်ပါတယ်၊ မြို့စွန်ထွက်လမ်းရောက်တာ နဲ့ ဒေါက်တာလှည့်ပြီး ပြန်နိုင်ပြီ"

"ရှင့်ကတိကို ကျွန်မ ယုံရမှာလား"

"ကျုပ်ဟာ မလွဲသာလို့ ဒေါက်တာကို ခေါ်လာခဲ့ရတာပါ၊ ကျုပ်ဘဝတစ်လျှောက်မှာ ကျုပ်ဘယ်သူ့ကိုမှ ဒုက္ခမပေးခဲ့ဘူး၊ ဒေါက်တာ့ကို ဒုက္ခပေးတာဟာ ပထမဦးဆုံးပဲ၊ ဒီအတွက် ကျုပ် တကယ်စိတ်မကောင်းပါဘူး ဒေါက်တာ"

ရန့်က လေတိုးမှုကြောင့် ပျံ့ဝဲနေသော ဆံပင်ကိုသိမ်းရင်း

"ဘဝတစ်လျှောက်မှာ လူတွေကို ဒုက္ခမပေးဘူးတဲ့လူက လူသတ်ရတယ်လို့"

"ဒါကတော့ လူသတ်ရတဲ့အကြောင်းရင်းရှိလာလို့ပါ"

"ရှင် ဘယ်သူ့ကို သတ်ခဲ့တာလဲ"

"ဦးမဏ္ဍိုင်…"

"ဟင်…"

"ဒေါက်တာ ဘာလို့အံ့ဩရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဦးမဏ္ဍိုင်က ဒီမြို့မှာ လူကြီးလူကောင်း၊ ဘာသာရေး သမားကြီးပဲ၊ အလှူအတန်းဘက်မှာရော၊ လူမှုရေးဘက်မှာရော အရမ်းကောင်းတဲ့လူကြီးတစ်ယောက်ပါ၊ ဒီလိုလူကို ရှင်သတ်ခဲ့ တာ အံ့သြစရာပဲ.."

"ဟား..ဟား..ဟား..."

"ရှင်ဘာလို့ရယ်တာလဲ"

"ဦးမဏ္ဍိုင်လို လူကို လူကြီးလူကောင်း၊ သူတော်ကောင်း ကြီးလို့ ပြောနေလို့ပါ၊ အင်းလေ...ဒီလူကြီးက ဟန်ဆောင်ကောင်း ပြီး သိပ်ပိရိတဲ့လူယုတ်မာကြီးဆိုတာ ဘယ်သူမှ မသိကြတာ၊ ဒါကြောင့် တကယ့်ဘီလူးကြီးကို သူတော်စင် ထင်နေကြတာ"

"ရှင်ပြောနေတာကို ကျွန်မ သဘောမပေါက်ဘူး"

"ကျုပ်ပြောခွင့်ကြုံတဲ့အခါ ပြောပြပါ့မယ်လေ.."

ဇော်ဇော်မောင်တို့ မောင်းလာသောကားကလေး ရေအရမ်း ဆူလာတာကြောင့်...

"ဆရာရေ...ရေဖြည့်ရင်ကောင်းမယ်"

"အေး..ရှေ့နားကဆိုင်ရှေ့မှာရပ်လိုက်"

ဇော်ဇော်မောင်တို့ ထိုးရပ်လိုက်သောဆိုင်မှာ မနောတို့ အရက်ပုလင်း ဓားပြတိုက်သွားသောဆိုင်ပင်ဖြစ်သည်။

တောက်ထိန် ကားပေါ်မှဆင်းပြီး ဆိုင်တံခါးခေါက်တော့ ဆိုင်ထဲမှ တုတ်တုတ်တောင်လှုပ်သံကို မကြားရပေ။

"ဟေ့ကောင် ချက်ဖောင်း..ငါတို့ပါကွ တံခါးဖွင့်စမ်း"





တောက်ထိန်အသံ ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာကို အသံပြုလိုက်မှ ဆိုင်တံခါးကလေးပွင့်လာတော့သည်။

"ဟာ... ဆရာတို့ပါလား"

"ဘာဖြစ်လို့ တံခါးလာပြီးမဖွင့်တာလဲ"

"မဖွင့်ရဲဘူးဆရာ... နောက်တစ်ကြိမ်ဓားပြတိုက်မှာ ကြောက်လို့"

"ဘာကွ..."

စားသောက်ဆိုင်ပိုင်ရှင် ချက်ဖောင်းထံမှကြားရသောစကား ကို ဇော်ဇော်မောင်တို့ နှစ်ယောက်လုံးအံ့အားသင့်သွားသည်။

"မင်းစကားက ဘာလဲ ပြောစမ်းပါဦးချက်ဖောင်း"

"ဒီလို ဆရာ...ဆရာတို့မလာမီ ကားတစ်စီးနဲ့ယောက်ျား တစ်ယောက်၊ မိန်းမတစ်ယောက် ကျွန်တော့်ဆီက အရက်တစ်လုံး ဓားပြတိုက်သွားတယ်"

"ဟေ.."

"ကားက ဘယ်လိုပုံစံလဲ"

"အမိုးဖြုတ် ပြိုင်ကားလေး"

"ဆရာ..မနောတို့ပဲဖြစ်မယ်"

"ချက်ဖောင်း...သူတို့နှစ်ယောက်အခြေအနေဘယ်လိုရှိ လဲ"

"ကျွန်တော့်အမြင်တော့ သမီးရည်းစား ဒါမှမဟုတ် ဓနိုး မောင်နှံလို့ပဲ ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်…"

"နှစ်ယောက်လုံးက အေးအေးဆေးဆေးပဲ ထွက်သွားကြတာပဲ"

"ကဲ…တောက်ထိန်…ကားရေဖြည့်စရာရှိတာဖြည့်ကွာ၊ အချိန်သိပ်မရှိဘူး"

"ဆရာတို့ ဘယ်လိုဖြစ်ပြီး လီမွှော်သီးကားကြီးကို စီးလာကြတာလဲ"

"အကြောင်းရှိလို့ပေါ့ကွာ"

ချက်ဖောင်း စားသောက်ဆိုင်မှ ကားရေဖြည့်ပြီးမောင်းထွက်လာစဉ်…

"ဆရာ…"

"ဘာလဲ တောက်ထိန်"

"လူသတ်သမားနဲ့ ရန့်တို့အခြေအနေက မထူးဆန်းနေဘူးလား"

"ငါလဲ ဒါကို စဉ်းစားနေတာကွ၊ ရန့် အိမ်မှာ လူသတ်သမားရှိနေတုန်းက ငါတို့ကိုညာပြောတာကတော့ အိမ်ထဲမှာ ဓားစာခံလုပ်ထားလို့ဆိုပြီး သတ်မှတ်လို့ရပေမယ့် စန္ဒရားတီးသံတွေ၊ မွေးနေ့ပွဲလုပ်နေတာတွေကို ဘယ်လိုနားလည်ရမှန်းတောင်မသိဘူး"

"ဆရာ သတိထားမိလား"

"ဘာများလဲ တောက်ထိန်"





"လူသတ်သမား ရန့်ကို ဓားစာခံလုပ်ပြီး အိမ်ကထွက်တုန်းက ရန့်မျက်နှာမှာ ထိတ်လန့်ကြောက်ရွံ့နေတဲ့အရိပ်အယောင်မတွေ့ရဘူး"

"မင်းပြောတာဟုတ်တယ် တောက်ထိန်၊ လူသတ်သမားနဲ့ရန့်ကြားမှာ ဆက်နွှယ်ပတ်သက်မှု ရှိနေသလိုပဲလို့တောင်ထင်မိတယ်"

"ပတ်သက်နေရင် ဘယ်လိုလုပ်မလဲဆရာ"

"တောက်ထိန် ငါတို့က ဥပဒေဝန်ထမ်းလေ၊ အမှန်တရားအတိုင်းပဲ ဖြေရှင်းရမှာပေါ့"

"ဆရာ့ကို သတိထားမိတာ တစ်ခုရှိတယ်"

"ဘာလဲ…"

"ဆရာ…ဒေါက်တာလက်ျာနဲ့ ပတ်သက်ပြီး ခံစားချက်တွေရှိနေသလိုပဲနော်"

"မင်းပြောတာကို ငါမငြင်းချင်ပါဘူးကွာ၊ ရန့်နဲ့ပတ်သက်ပြီး ငါ့ရင်ထဲမှာ ခံစားချက်တွေ ရှိနေတာတော့အမှန်ပဲ"

"ဆရာတို့ဇာတ်လမ်းကို အရမ်းသိချင်တာပဲ"

"နောက်တော့သိရမှာပေါ့ကွာ၊ ခုကအရေးပေါ်လမ်းကြောင်းပေါ်မှာ ရောက်နေတဲ့အချိန်ဆိုတော့ ကိုယ်ရေးကိုယ်တာလွမ်းချင်းတွေကို ပြောနေဖို့ မကောင်းဘူး"

"မနှောဆိုတဲ့ကောင် မြို့စွန်ဂိတ်ကို မကျော်နိုင်ပါဘူးဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"မထင်နဲ့တောက်ထိန် ဒီလူသတ်သမားဟာ သာမန်လူသတ်သမားတော့ မဟုတ်ဘူး၊ အပြိုးကြီး သွေးသောက်လူသတ်သမား တစ်ယောက်ဖြစ်သလို ဉာဏ်ရည်ပိုင်းကို လျှော့တွက်လို့ မရနိုင်ဘူးနော်"

"မနော နောက်ကြောင်းကိုရော သိပြီးပြီလား"

"မသိရသေးဘူး၊ စုံစမ်းခိုင်းတုန်းပဲ၊ ငါဒီမြို့ကိုစပြီး ရောက်ထဲကတော့ ဒီနာမည်ကို လူဆိုးနာမည်မှာ မကြားဖူးဘူး"

"ဟုတ်တယ်ဆရာ၊ ကျွန်တော်လည်း တစ်ခါမှမကြားဖူးဘူး"

"အခြေတော့ ထွက်လာမှာပေါ့ကွာ၊ ကားကိုခပ်သွက်သွက်လေးမောင်း တောက်ထိန်၊ လမ်းမှာခြေရာပျောက်လို့မဖြစ်ဘူး"



## အခန်း ( ၄ )

"ဒေါက်တာ"

"ရှင်ဘာပြောချင်လဲ ပြောပါ"

"ကျုပ်ဒေါက်တာကို အရမ်းအားနာတယ်"

"ရှင်က ရယ်စရာ တကယ်ပြောတတ်တဲ့သူပဲ"

"ဗျာ…ဘာဖြစ်လို့လဲ"

"လူတစ်ယောက်ကို မားစားခံလုပ်လာပြီး အားနာနေရတယ်လို့ရှင်ရယ်"

"ဒါကတော့ မလွှဲသာတဲ့ အကြောင်းကြောင့်ပါ"

"ထားလိုက်ပါတော့လေ၊ ကျွန်မစိတ်ထဲမှာ ရှင့်ကိုကူညီတယ်လို့ပဲ သဘောထားလိုက်ပါ့မယ်"

"ကျေးဇူးတင်ပါတယ် ဒေါက်တာ"

"ရာဇဝတ်မှုကျူးလွန်လာသူကို ကူညီခြင်းဟာ ကျွန်မလည်း ရာဇဝတ်မှုကို အားပေးအားမြှောက်လုပ်သလို ဖြစ်နေတာ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဥပဒေအရ ငြိစွန်းနေတယ်''

''ဒေါက်တာ ကူညီတာ ကျုပ်ကလွဲပြီး ဘယ်သူမှ မသိပါဘူး''

ဖြိုင်ကားလေးသည် အသူရာကွေ့နားသို့ ရောက်ရှိလာတာကြောင့်...

''ဒေါက်တာ သတိထားနော် ဒီအသူရာချောက်ကွေ့က အန္တရာယ်ကြီးတယ်''

မနောလှမ်းပြီး ပြောတဲ့စကားကို ခပ်ပေါ့ပေါ့လေး ခေါင်းညိတ်ပြလိုက်ပြီး ကားကို နောက်တစ်ဆင့် ဂီယာချိုးကာ လီဗာကို ခပ်ပြင်းပြင်းကလေး နင်းလိုက်တာကြောင့် ကားကလေးမှာ အရှိန်ထပ်ပြီးမြင့်သွားလေသည်။

''ဒေါက်တာ...အရှိန်လျှော့ပြီးဆင်းပါ''

''ရှင်က စိုးရိမ်နေလို့လား''

''ကျုပ်အတွက်ပြောနေတာမဟုတ်ဘူး.... ဒေါက်တာ တစ်စုံတစ်ခု မဖြစ်စေချင်လို့ပြောတာပါ''

''ဒီလမ်းက ကျွန်မအတွက် သိပ်ပြီးမစိမ်းပါဘူး''

ရန့်ဆီမှ တုံ့ပြန်သောစကားပေါ်တွင် မနောဘာမှဆက်မပြောဘဲ အရက်ပုလင်းထဲမှ အရက်တချို့ကို မော့သောက်နေလေသည်။

''ရှင် အရက်ကို တော်တော်ကြိုက်ပုံရတယ်''

''ဒေါက်တာထင်ထားသလို ကျုပ်အရက်သမားမဟုတ်ပါဘူး၊ ဒီအရက်ကို လက်က ဒဏ်ရာမခံရပ်နိုင်လွန်းလို့သောက်





နေတာပါ၊ ဒီအရက်ကြောင့် ကျုပ်ဘဝ ထောင်ထဲကိုရောက်ခဲ့ရတာ''

''ဟင်...''

''ဒါကြောင့် အရက်ကိုကျွန်တော်မုန်းခဲ့တယ်''

''ရှင်ထောင်ကလွတ်တာကြာပြီလား''

''ဒီနေ့မနက်မှ လွတ်လာတာ''

''ရှင်...''

''ဒေါက်တာ သိပ်ပြီးအံ့သြနေသလား''

''ဟုတ်တယ်၊ ဒီနေ့မှထောင်ကထွက်ပြီး ဒီနေ့ထောင်ကျဖို့အတွက် ပြန်ပြီးလုပ်တယ်ဆိုတော့ ရှင်ဟာသိပ်ပြီးအံ့သြဖို့ကောင်းနေပြီ''

''မအံ့သြပါနဲ့ဒေါက်တာ၊ ပထမအကြိမ်ထောင်ကျသွားတုန်းက ကျုပ်ဘာအပြစ်မှ ကျူးလွန်ခဲ့ခြင်းမရှိဘဲထောင်ကျခဲ့တာ''

''ဟယ်...''

''ဒီတစ်ခါတော့ တကယ်အပြစ်ကျူးလွန်ပြီးမှ ထောင်ထဲကို သွားမှာပါ''

''ရှင်ပြောတဲ့စကားအရ ရှင်ပထမအကြိမ်ထောင်ကျတာ ခုတရားတဲ့ လူတစ်ယောက်ရဲ့ လုပ်ကြံမှုကြောင့် ကျခဲ့တာပေါ့ ဟုတ်လား''

''ဟုတ်တယ်၊ ကျုပ်အပေါ် အကောက်ကြံခဲ့တာ တစ်ယောက်တည်းတော့မဟုတ်ဘူး၊ လူသုံးယောက်၊ ဒီထဲမှာဦး[illegible]



www.burmeseclassic.com

www.burmeseclassic.com



က တစ်ယောက်အပါအဝင်"

"ရှင့်ဓာတ်လမ်းကတော့ စိတ်ဝင်စားဖို့ကောင်းနေပြီ၊ ရှင်ဟာ စန္ဒရားအတီးပညာမှာတော့ အပျော်တမ်းအဆင့်တော့ မဖြစ်နိုင်ဘူး"

"ဟုတ်တယ်၊ စန္ဒရားအတတ်ပညာနဲ့ ပတ်သက်ပြီး ကြေးစားတစ်ယောက်ဘဝ ရောက်ခဲ့ဘူးပါတယ်"

"ဩော်..."

အသူရာချောက်ကွေ့အဆင်းက တဖြည်းဖြည်း နိမ့်ဆင်းလာပြီဖြစ်သည်။

ရန်နဲ့ ထိုအဆင်းကို သိပ်ပြီးဂရုမပြုသော သဘောဖြင့်မောင်းဆင်းလာနေဆဲ...

"ရှင်နဲ့ ကျွန်မ နောက်တစ်ကြိမ်ပြန်ပြီးဆုံတဲ့အခါ ရှင့်ဓာတ်လမ်းလေးကိုတော့ နားထောင်ချင်တယ်လေ"

"ဘုရားသခင်က နောက်တစ်ကြိမ်ဆိုတာကို သနားတော်မူခဲ့ရင် ခင်ဗျားနဲ့ကျုပ် ပြန်ပြီးဆုံကြရတာပေါ့"

တောင်ပတ်လမ်းအဆင်းပေါ်မှာ လှမ်းမြင်နေရသော တောင်တန်းကြီးများကို ရန်နဲ့လှမ်းကြည့်ပြီး...

"တောင်တန်းကြီးတွေက လွမ်းမောစရာကောင်းတယ်နော်"

"ကြည့်သူမြင်သူအတွက် လွမ်းမောစရာ ကြည်နူးစရာကောင်းပေမယ့် အဲ့ဒီတောင်တန်းကြီးတွေရဲ့အောက်မှာ နေထိုင်ကြ





သူတွေရဲ့ ဘဝတွေက ရင်နာစရာကောင်းတယ်"

"ဟင်...ဘာဖြစ်လို့လဲ"

"သူတို့တွေမှာ တစ်နေ့တစ်နေ့ ထမင်းတစ်လုတ်စားနိုင်ဖို့ တလွဲပြီး ဘာမှ မလုပ်ဆောင်နိုင်ကြဘူး၊ ဒီကြားထဲ သူပုန်တွေက မီးရှို့သတ်ဖြတ်လို့ ပြေးရှောင်ရတာရှိသေးတယ်"

"စစ်တပ်နယ်မြေ မဟုတ်လား"

"ဟုတ်တော့ ဟုတ်ပါတယ် နယ်စပ်ဒေသဖြစ်နေတော့ သူပုန်တွေအတွက် အကြိုက်တွေ့နေရတဲ့ နေရာဖြစ်နေတာပေါ့"

"ရှင်က ဒီနယ်မြေအကြောင်းကို ကောင်းကောင်းသိတယ်နော်"

"သိရတဲ့အကြောင်းက ဒီနယ်လေးမှာ ကျုပ်(၃)နှစ်လောက်နေထိုင်ခဲ့ဘူးလို့ပါ"

"စပ်စုတယ် မထင်နဲ့၊ ရှင့်မွေးဇာတိက"

"ကျုပ်က ရန်ကုန်ဇာတိပါ"

"ထောင်ကျတာရော..."

"ရန်ကုန်မှာပါ...ဟာ..."

"ဟင်..."

ရန်နဲ့တို့ကားရှေ့မှ သားကောင်တစ်ကောင်ဖြတ်ပြီး ပြေးသွားသဖြင့် ရန်နဲ့ကား စတီယာရင်ကို ဘေးဘက်သို့ ဆွဲချလိုက်သဖြင့် ကားလေးသည် လမ်းမပေါ်မှ တောင်လျှိုလမ်းအတိုင်း ဆင်းပြီးဆင်းနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွို…"

ရန့် ကားဘရိတ်ကို နင်းပေမယ့် ထိုးဆင်းလာသောအရှိန်ကို ဟန့်တားလို့မရနိုင်တော့ပေ။

"မင်းဖယ်…"

မနော ရန့်ကို သူ့ဘက်ကို နေရာပြောင်းပြီး ကားကိုထိန်းပေမယ့် အခြေအနေက လုံးဝထိန်းမရတော့ပေ…

"ဒေါက်တာ…"

"ကိုမနော…"

"ကျုပ်လက်မောင်းကို တင်းတင်းကိုင်ထား"

"ဟုတ်…"

"ကဲကွာ…"

"အမေ့…"

ကားလေးပေါ်မှ နှစ်ယောက်လုံး ခုန်ချလိုက်ရတော့သည်။

အောက်သို့ရောက်သည်နှင့် နှစ်ယောက်လုံး တောင်[illegible]ဘက်သို့ လိမ့်ဆင်းသွားတော့သည်။

"ဝုန်း…"

ပေါက်ကွဲသံကြီးတစ်ခုကို ကြားလိုက်ရတော့သည်။ [illegible] ပေါက်ကွဲသံကြီးသည် ရန့်တို့ ပြိုင်ကားလေး ချောက်ထဲသို့ ပြု[illegible] ကျပြီး မီးလောင်ပေါက်ကွဲသွားသောအသံပင်ဖြစ်သည်။

"ဒုတ်…"

"အင့်…"





မနောမှာရှေ့မှသစ်ပင်နှင့် ခေါင်းတိုက်မိပြီး သတိလစ်ချင်သလိုဖြစ်သွားသည်။

"ဒေါက်တာ…ဟာ…"

ဒေါက်တာရန့်လက်ျာတစ်ယောက် ချောက်ကမ်းပါးအပေါ်[illegible] သစ်ကိုင်းကို ဆွဲကိုင်လျက်…

"ကိုမနော…"

"ဒေါက်တာဆက်ပြီး မြဲမြဲဆုပ်ကိုင်ထား ကျုပ်လာခဲ့မယ်"

မနောခေါင်းတွင် သစ်ပင်နှင့်တိုက်မိသော ဒဏ်ရာကြောင့် သွေးများက မြင်မကောင်းအောင် ကျနေလေသည်။ ထိုသွေးများကျနေသည့်ကြားမှ ဒေါက်တာရန့်လက်ျာလက်ကို တင်းတင်းဆုပ်ကိုင်ပြီး အပေါ်သို့ ဆွဲတင်လိုက်ရတော့သည်။

"ဟူး…"

ချောက်ကမ်းပါးပေါ်တွင် နှစ်ယောက်လုံး ပက်လက်လှန်ပြီး အမောဖြေနေစဉ်…

"ရှင့်ခေါင်းက ဒဏ်ရာက သွေးထွက်များနေတယ်"

"ရတယ်ဒေါက်တာ"

"ဒီအတိုင်းနေလို့ ဘယ်ဖြစ်မလဲ၊ တစ်ခုခုစည်းထား"

"ဗြိ…"

"ဟာ…ဒေါက်တာ"

ရန့်လက်ျာ သူဝတ်လာသော အင်္ကျီလက်ကို ဖြတ်လိုက်[illegible]…



www.burmeseclassic.com

www.burmeseclassic.com



"ရှင့် ခေါင်းကိုစည်းထားရအောင်"

မနောခေါင်းကဒဏ်ရာတွင် ရန့်လက်ျာ အင်္ကျီစဖြင့် ခေါင်းမှာစည်းပေးထားလိုက်သည်။

"ကျွန်မတို့ ဘယ်နေရာရောက်နေတာလဲ"

"မိုးလင်းမှပဲသိမယ် ဒေါက်တာ၊ ခုချိန်ထိ ဘယ်နေရာရောက်နေသလဲဆိုတာတော့ မသိ၊ ကျုပ်အထင်တော့ တောင်ခြေချောက်ထိပ်ကို ရောက်နေတာ"

"ကိုမနော..."

"ပြောပါ ဒေါက်တာ"

"ရှင့်ကို ကျေးဇူးတင်ပါတယ်"

"ဘာလို့လဲ"

"ကျွန်မအသက်ကို ရှင်ကယ်လိုက်တာလေ"

"ခုလိုဖြစ်ရတာတွေက ကျုပ်ကြောင့်ဖြစ်ခဲ့ရတာပဲ၊ ကျေးဇူးတင်စရာမလိုပါဘူး ဒေါက်တာ၊ အား...မူးလိုက်တာ"

"ရှင်အရမ်းကို အားနည်းနေတယ်၊ အိပ်လိုက်ပါလား၊ ဒီတောထဲမှာ ရှင့်အတွက် အန္တရာယ်ကင်းနိုင်ပါတယ်၊ ကျွန်မ ယုံရင်ပေါ့"

"ကျုပ်ဘဝမှာ ယုံကြည်ရတဲ့ လူတစ်ယောက် ဒီလောကကြီးထဲမှာ ရှိသေးတယ်လို့ သတ်မှတ်ပြီး ကျုပ်အိပ်လိုက်ပါ့မယ် ဒေါက်တာလည်း ကျုပ်ကိုယုံကြည်စွာနဲ့ အိပ်လိုက်ပါ"

"ရှင်သာ အိပ်ပျော်အောင်အိပ်လိုက်ပါ"





တောရဲ့ တိတ်ဆိတ်မှုတွေက ညသန်းခေါင်ယံကျော်ဖြတ်ပြီး အေးစက်လှသော ချမ်းစိမ့်မှုတွေကိုပေးနေလေပြီ...

မနောတစ်ယောက် အိပ်ပျော်သည် အိပ်မပျော်သည်ကိုတော့ မသိ၊ ရန့်လက်ျာတစ်ယောက်တော့ အိပ်စက်လို့မရနိုင်ပေ...

ရန့်လက်ျာ၏ ရှေ့ဆက်ကံကြမ္မာက ဘယ်လိုဖြစ်လာဦးမလဲဆိုတာကို မတွေးတတ်အောင်ဖြစ်နေလေသည်။

အိမ်တွင် ကျန်ရစ်ခဲ့သော သမီးလေး သင်းပျံ့လက်ျာကိုလည်း သတိရနေသည်။

သမီးသင်းပျံ့လက်ျာ ရန့်လက်ျာဘဝထဲသို့ ရောက်ခဲ့သည်မှာ(၅) နှစ်ကာလသို့ရှိနေပြီမဟုတ်လား.... အမှန်တော့ သမီးသင်းပျံ့လက်ျာသည် ရန့်လက်ျာ ဝမ်းနှင့်လွယ်ပြီးမွေးခဲ့ရသော သမီးမဟုတ်ပေမယ့် သမီးရင်းသဖွယ်ချစ်နေခဲ့ရတဲ့သမီးလေး တစ်ယောက်ပင်ဖြစ်သည်။

သမီးလေး သင်းပျံ့လက်ျာ သူ့ဘဝထဲကို ရောက်ခဲ့ပုံလေးကို ပြန်ပြီးသတိရမိသည်။ ရန့်လက်ျာ ဒီမြို့ကလေးကို စပြီးပြောင်းလာတဲ့နေ့တစ်နေ့ဆိုရမည်။ ဆေးရုံမှ ဂျူတီပြီးလို့ အိမ်ပြန်... မိုးက ချုပ်လုလု..

"ဟင်..."

ရန့်လက်ျာ ကားရှေ့တွင် အမျိုးသမီးတစ်ယောက် ကားကိုတားပြီး လဲကျသွားသဖြင့် ကားထိုးရပ်ပြီး ကားအောက်သို့ဆင်းလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်…"

အမျိုးသမီးမှာ လုံးဝအသက်မရှိတော့ပေ…။

"အုဝဲ…အုဝဲ.."

"ဟင်…"

ကားလမ်းပလက်ဖောင်းပေါ်တွင် အနီးစလေးနှင့်ထုပ်ထား
သော ကလေးကို တွေ့လိုက်ရတာကြောင့် ရန့်လက်ျာ ကောက်ယူ
ချီလိုက်သည်နှင့် ကလေးမှာ လုံးလုံးအငိုတိတ်သွားလေတော့
သည်။

ရန့်လက်ျာ…ဆေးရုံနှင့်သက်ဆိုင်ရာကို အကြောင်းကြား
လိုက်ပြီး အမျိုးသမီးအလောင်းကို သယ်သွားကြပေမယ့် ထို
အမျိုးသမီးသည် ဘယ်သူဘယ်ဝါဆိုတာမသိ..။

မိခင်မဲ့သွားသော ကလေးငယ်ကို ရန့်လက်ျာ ကရုဏာ
သက်ပြီး တရားဝင်မွေးစားခဲ့တာကြောင့် ရန့်လက်ျာ ဘဝလေး
ထဲတွင် သင်းပျံ့လက်ျာဆိုသော သမီးလေးတစ်ယောက်ဖြစ်ပေါ်လာ
ခဲ့ခြင်းဖြစ်သည်။

သင်းပျံ့လက်ျာလေးကို မွေးစားပြီးတစ်နှစ်အတွင်းမှာတော့
ရန့်လက်ျာ သေဆုံးသွားတဲ့ အမျိုးသမီးနောက်ကြောင်းကို စုံစမ်း
ပေမယ့် လုံးလုံးမရခဲ့။ ထိုအမျိုးသမီးထံမှ ရရှိခဲ့သော သတင်း
တစ်ခုက ထိုအမျိုးသမီးအမည်က မသဲညိုနွယ်ဆိုတာပင်ဖြစ်သည်။

ဒီမြို့ကလေးတွင်ရှိသော အမေဖြစ်သူကို လာရှာရင်း ကား
မာရေးအခြေအနေဆိုးဝါးကာ သေဆုံးခြင်းဖြစ်သည်။ ထိုသတင်း





မှလွဲပြီး တခြားကိစ္စတွေကို ရန့်လက်ျာ ဘာတစ်ခုမှ မသိခဲ့ရ
တော့ပေ။

"ဟီး..အီး..အီး…"

"ဟင်…"

မနောတစ်ယောက်ဒဏ်ရာများကြောင့် ကိုယ်တွေခြစ်ခြစ်
တောက်ပူနေလေပြီ။ တောကြီးထဲမှာ ရန့်လက်ျာတစ်ယောက် ဘာမှ
မတတ်နိုင်ချေ။ ဒါပေမယ့် ရန့်လက်ျာ ဘာမှမဖြစ်ဖို့တော့ဆုတောင်း
ပေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၅ )

“ဆရာ··ကားတစ်စီးကျသွားတာဖြစ်မယ်”

“သေချာတယ်··တောက်ထိန်”

ချောက်ကမ်းပါးပေါ်မှအောက်တွင် မီးလောင်ကျွမ်းနေသော ကားကိုလှမ်းပြီးတွေ့နေရသည်။

“ဆရာ··ဟို··ရန့်တို့ကားများလား”

“မပြောတတ်ဘူး၊ ဒါပေမယ့် ဖြစ်ဖို့ကတော့များတယ်၊ ငါတို့ကားရှေ့မှာ ရန့်တို့ကားကလွဲပြီး တခြားကားမှမရှိတာ”

“ဘယ်လိုလုပ်မလဲ ဆရာ”

“ငါတို့နှစ်ယောက်တည်းနဲ့ ဘာမှလုပ်လို့မရဘူး၊ နောက်ကအဖွဲ့တွေကို အကြောင်းကြားပြီး မင်းနဲ့ငါ ပတ်ဝန်းကျင်အခြေအနေကို ဆင်းပြီး ကြည့်ရအောင်၊ ဓာတ်မီးပါတယ်မဟုတ်လား”

“ပါတယ်ဆရာ”





“ဒါဆို ဆင်းပြီးကြည့်ရအောင်”

“ဟုတ်ကဲ့··”

ဇော်ဇော်မောင်နှင့် တပ်ကြပ်ကြီး တောက်ထိန် ကားလမ်းဘေးဘက်ချောက်ထဲသို့ ဆင်းခဲ့ရင်း··

“ဆရာ··ဒီမှာ··ကားတိုးသွားလို့ သစ်ပင်တွေ ကျိုးပဲ့နေတာဖြစ်မယ်”

ဇော်ဇော်မောင် သေသေချာချာကြည့်လိုက်ပြီး····

“ဟုတ်တယ်··· ကားက ဒီဘက်ကိုရောက်ပြီး ချောက်ထဲကို ဆင်းသွားတာဖြစ်ဖို့များတယ်”

“ကားဘရိတ်ပေါက်တာများလား၊ ဒါမှမဟုတ် ကားပေါ်မှာ ပဋိပက္ခတွေဖြစ်ပြီး နှစ်ယောက်သား လုံးထွေးရာက ကားချောက်ထဲကျသွားတာများလား”

“မဖြစ်နိုင်ဘူး တောက်ထိန်”

“ဆရာက ဘယ်လိုသုံးသပ်မိလို့လဲ”

“ငါတို့ ဆင်းလာတဲ့နေရာမှာ သမင်ခြေရာက ကားလမ်းပေါ်မှာ အထင်းသားတွေ့နေရတယ်၊ နောက်တစ်ချက်က ကားကို အတင်းဆွဲပြီးကွေ့လိုက်လို့ ကားဘီးရာတွေက အစင်းကြီးတွေ ဖြစ်နေတာကိုကြည့်ရင် သမင်က ကားရှေ့ကိုဖြတ်ပြေးတာ လန့်ပြီး ကားကိုဘေးဘက်ဆွဲချရာက ချောက်ထဲကို ကျသွားတာ ဖြစ်မယ်”

ဇော်ဇော်မောင်၏ သုံးသပ်မှုကို တောက်ထိန် ခေါင်းညိတ်



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"ဆရာ ရှေ့မှာ ကားမီးလုံး"

တောက်ထိန်လှမ်းပြီးပြသော ကားမီးလုံးအကွဲကိုကြည့်လိုက်တော့..

"တောက်ထိန်ရေ..သေချာပြီကွ"

"ဆရာ ဘာသေချာတာလဲ"

"ရန့်ရဲ့ကားပဲ.."

"ဟာ..."

"ဒီမီးလုံးဟာ ရန့်စီးနေတဲ့ကားမျိုးက မီးလုံးပဲ"

ဇော်ဇော်မောင် ရင်ထဲတွင် ကြေကွဲရိပ်တို့ ရောက်ရှိနေလေပြီ..။

ကံကြမ္မာက ဇော်ဇော်မောင်နှင့် ရန့်လက်ျာတို့ကို ထာဝရ အပြီးခွဲလိုက်ပြီလို့ သတ်မှတ်ရမလိုဖြစ်နေလေပြီ။

"ဆရာ..."

"ဘာလဲ တောက်ထိန်"

"ကျွန်တော် စိတ်မကောင်းပါဘူး ဆရာ"

"ဘာတတ်နိုင်မလဲကွာ"

ဇော်ဇော်မောင်နှင့်တောက်ထိန် ရှေ့ဆက်ပြီးလျှောက်လာရင်း...

"ဆရာ ဒီမှာ ဖိနပ်တစ်ရံ၊ မိန်းကလေးစီးဖိနပ်ပဲ"

ဇော်ဇော်မောင် ဖိနပ်ကလေးကို ကိုင်ကြည့်ပြီးနောက်





"ရန့်ဖိနပ် ဖြစ်ဖို့များတယ်.."

"ဖိနပ် ကားပေါ်က ပြုတ်ကျတာများလား"

တောက်ထိန်အမေးစကားကို ချက်ချင်းမဖြေသေးဘဲ ဇော်ဇော်မောင် စဉ်းစားနေသည်။

"တောက်ထိန်"

"ဗျာ..ဆရာ"

"အနီးပတ်ဝန်းကျင်ကို ဆက်ပြီးသဲလွန်စရှာစမ်းကွာ"

"ဆရာ..ချောက်က တဖြည်းဖြည်း မတ်စောက်ကြီးဖြစ်လာပြီ"

တောက်ထိန်ပြောသလိုပင် ရှေ့ဆက်ပြီးဆင်းဖို့က မလွယ်တော့တာကြောင့်...

"တောက်ထိန်..ဆက်ပြီးမဆင်းနဲ့တော့၊ အပေါ်ပြန်ပြီးတက်ခဲ့တော့၊ မနက်လည်းရောက်တော့မှာဆိုတော့ နောက်အဖွဲ့တွေရောက်မှ ဆက်ပြီးလှုပ်ရှားကြမယ်.."

ဇော်ဇော်မောင်နှင့် တောက်ထိန်အပေါ်ကိုပြန်ပြီးတက်လာချိန်တွင် နောက်မှ ဆရာနောင်လတ် ဦးဆောင်သောအဖွဲ့ရောက်ရှိနေပြီဖြစ်သည်။

"ဆရာဇော်ဇော်မောင် အခြေအနေဘယ်လိုလဲ"

"ဆရာနောင်လတ်ရေ လူသတ်သမား မားစာခံလုပ်သွားတဲ့ကား ချောက်ထဲကို ကျသွားတာဗျ၊ ကယ်ဆယ်ရေးလုပ်ဖို့သာ ပြင်တော့"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ ရဲမှူးကြီးလည်း လိုက်လာနေပြီ"

ချောက်ကမ်းပါးပေါ်တွင် ကြိုးများဖြင့် အောက်သို့ဆင်းနိုင်ရန် ပြင်ဆင်ကြပြီး…

"ဆရာဇော်ဇော်မောင် သတိနဲ့တော့ဆင်းနော်"

"စိတ်ချ…တောက်ထိန်"

"ဆရာ…မပေါ့နဲ့နော်၊ ဒီနေရာဟာ တစ်ချက်ကလေး လွဲချော်တာနဲ့ အသက်နဲ့ခန္ဓာ ကွဲသွားမယ်"

"စိတ်ချ ဆရာ‥"

"ကဲ…အသင့်ဖြစ်ရင် ဆင်းကြမယ်"

ဇော်ဇော်မောင် ဦးဆောင်သောကယ်ဆယ်ရေးအဖွဲ့ (၁၀) ဦး ချောက်ကြီးအောက်သို့ ဆင်းခဲ့ကြလေသည်။

နာရီဝက်လောက် အခက်အခဲတွေနှင့်ဆင်းခဲ့ကြပြီး အောက်ကိုရောက်သည်နှင့် မီးသတ်ဘူးများဖြင့် ကားကို ငြိမ်းသတ်လိုက်ကြသည်။

ကားမီးငြိမ်းသွားသည်နှင့် ဇော်ဇော်မောင် ကားထဲကို သေသေချာချာကြည့်ပေမယ့် လူသေအလောင်းများကို မတွေ့ရပေ။

"တောက်ထိန်‥ အနီးပတ်ဝန်းကျင်မှာရော ဘာထူးခြားလဲ"

"ဘာမှ ထူးထူးခြားခြားမတွေ့ရဘူးဆရာ"

သတင်းတပ်ဖွဲ့မှ ဓာတ်ပုံမှတ်တမ်းများကို ရိုက်ယူပြီးသည်နှင့်…

"အားလုံး…ကိစ္စပြတ်ရင် အပေါ်ပြန်ပြီးတက်မယ်၊ အချက်





ပေးလိုက်တော့"

"ဟုတ်ကဲ့‥"

ဇော်ဇော်မောင် သက်ပြင်းပူလေးကို ဘယ်သူမှမသိအောင် မှုတ်ထုတ်လိုက်တော့သည်။ ထိုသက်ပြင်းပူလေးထဲတွင် ရန့် တစ်ယောက် မသေဆုံးသေးဘူးဟုပင်…

ဇော်ဇော်မောင် အပေါ်ရောက်သည်နှင့် ရဲမှူးကြီးက ဆီးကြိုနေသည်။

ရဲမှူးကြီးကို အရှိအသေပေးပြီးနောက်….

"ဘာထူးခြားလဲ…"

"လူသတ်သမား ဓားစာခံလုပ်သွားတဲ့ကားက ချောက်ထဲကို ကျသွားတာပါ"

"အသေအပျောက်ရော…"

"အသေအပျောက်ကတော့ မရှိသေးပါဘူး"

"မရှိသေးဘူးဆိုတာ ရှိနိုင်တယ်လို့ဆိုလိုတာလား"

"ဟုတ်ပါတယ် ရဲမှူးကြီး၊ ကျွန်တော်တို့ဆက်ပြီး တောနင်းရှာပြီးတော့မှ အဖြေတစ်ခုကို ပေးနိုင်မှာပါ"

"ကောင်းပြီ ဆရာဇော်ဇော်မောင် လူသတ်သမားနဲ့ ဒေါက်တာမလေးကိစ္စကို ပြီးဆုံးအောင် တာဝန်ယူဆောင်ရွက်ပါ၊ လိုအပ်တာ အားလုံးပြော"

"ဟုတ်ကဲ့…"

ရဲမှူးကြီးထွက်သွားပြီးနောက် တောက်ထိန်‥ဇော်ဇော်မောင်



www.burmeseclassic.com

www.burmeseclassic.com



အနားသို့ရောက်လာကာ…

"ဆရာ့ပခုံးပေါ်ကို ခဲလုံးကြီးတော့ တင်ပေးလိုက်ပြီ"

"တင်ပေးလိုက်တော့လည်း တာဝန်ကျေအောင် ဆောင်ရွက်ရမှာပေါ့ကွာ၊ ဆရာနောင်လတ်"

"ပြောပါဆရာ ဖော်ဖော်မောင်"

"ကျွန်တော်တို့ နှစ်ဖွဲ့ခွဲပြီး အောက်ကတောလမ်းဘက်ကို ဆင်းမယ်"

"ကောင်းပြီ"

ဖော်ဖော်မောင် ဦးဆောင်သောအဖွဲ့က ရှေ့မှနေ စတင်ပြီး တောလမ်းအတိုင်း ဆင်းခဲ့ကြလေပြီ၊ ဖော်ဖော်မောင်တို့ စစ်ဆင်ရေးက ခုမှ တကယ်ပင်စလေပြီ….။



အခန်း ( ၆ )

"ဒေါက်တာ…ဒေါက်တာ…"

"ဟင်…"

ရန့်လက်ျာ မျက်လုံးဖွင့်ကြည့်တော့ မိုးလင်းနေပြီဖြစ်သည်။

"ရှင်ဘယ်လိုနေသေးလဲ"

"အိပ်ပျော်သွားလို့လားတော့မသိဘူး နည်းနည်းအားပြည့်နေတယ်"

"ကျွန်မတို့ ဘယ်လိုရှေ့ဆက်သွားမလဲ"

"ဒီချောက်ကနေ ဆင်းပြီးရင် တောင်ခြေလမ်းတစ်ခုကို ရောက်မယ်"

"ဟင်…ဒီချောက်ကိုဆင်းရမယ်"

"ဟုတ်တယ်ဒေါက်တာ ဒီချောက်မှမဆင်းရင် တခြားသွားစရာ လမ်းမရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ…"

"ဒေါက်တာ အသက်အန္တရာယ်အတွက် စိတ်ချပါ၊ ကျုပ်တာဝန်ယူပါ့မယ်"

"ဘယ်လိုဆင်းမလဲ"

"ဒေါက်တာ ဒီမှာခဏစောင့် ဘယ်မှလျှောက်မသွားနဲ့နော် ဒီနေရာတွေက အန္တရာယ်များတယ်"

"ဟုတ်ကဲ့"

မနော… ရန့်လက်ဖျာကို သေချာစွာမှာခဲ့ပြီး သစ်ပင်ကြီးများတွင် ရစ်ပတ်နေသော နွယ်များကိုပါလာသော ဓားမြှောင်ဖြင့် ဖြတ်တောက်နေလေတော့သည်။

မနော ဖြတ်တောက်လို့ရသော နွယ်ကြိုးများကို သစ်ပင်တစ်ပင်တွင် ခိုင်ခိုင်မာမာချည်နှောင်လိုက်ပြီး နွယ်ကြိုးစကို ချောက်အောက်ထဲသို့ ပစ်ချလိုက်သည်။

"ဒေါက်တာ…ဆင်းရအောင်"

"ကိုမနော…"

"ဒေါက်တာကို အားနာပါတယ်၊ ကျုပ်ကိုဖက်ထားပြီး ဆင်းကြရမယ်"

"ရှင်…"

ရန့်လက်ဖျာ ရှက်သလိုဖြစ်သွားသည်။ ဒါပေမယ့် ဒီနေရာမှာ အသက်ထက်အရေးကြီးတာမရှိတာကြောင့် မနောကိုဖက်ပြီး ချောက်အောက်သို့ ဆင်းလာခဲ့ကြရသည်။





ရန့်လက်ဖျာ ရင်တွေက ဖိုလှုပ်…ကြောက်၍ဖိုနေခြင်းလား၊ မနောနှင့် ဖက်တွယ်ထားခြင်းကြောင့် ရင်ဖိုနေခြင်းလားဆိုတာတော့ ဝေခွဲမတတ်…

"အမေ့…"

"ဒေါက်တာ··အ··"

ရန့်လက်ဖျာ အားပြုထားသော ခြေထောက် ဟန်ချက်လွဲသွားတာကြောင့် မနောလက်မောင်းကိုခပ်ကြမ်းကြမ်း ဆုပ်ကိုင်မိသွားသည်။

"ကိုမနော…"

"ရတယ် ဒေါက်တာ··လက်ကိုလျှော့ပြီးမကိုင်နဲ့၊ တင်းတင်းသာဆုပ်ကိုင်ထား"

"ဟင်…"

ရန့်လက်ဖျာ ဆုပ်ကိုင်ထားသော လက်မောင်းမှ သွေးများယိုစီးကျနေပေမယ့် ရန့်လက်ဖျာလက်ကိုမလွှတ်နိုင်ခဲ့သဖြင့် မနောကို သနားမိသည်။

မနောကတော့ ထိုဝေဒနာကို ကြိတ်ခံပြီးချောက်အောက်ခြောက်တဲ့ထိ ဆင်းလာခဲ့တော့သည်။

"ကိုမနော…"

ကျောက်တုံးကြီးကို မှီရင်း မနောထိုင်ချလိုက်သည်။

လက်မောင်းထက် ဒဏ်ရာမှကျနေသောသွေးတွေက မြင်မကောင်းအောင် ရှိနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ… ကျွန်မတောင်းပန်ပါတယ်"

"ဒေါက်တာရယ် ဘာကိုတောင်းပန်နေတာလဲ၊ တကယ်တောင်းပန်ရမှာက ကျုပ်ပါ၊ ဒေါက်တာကို ခုလို အန္တရာယ်ထဲကို ဆွဲပြီး ခေါ်လာခဲ့ရတာလေ"

"ရှင့်လက်မောင်းကဒဏ်ရာ သွေးထွက်အရမ်းများနေပြီ"

"ဒေါက်တာ ဘာမှစိတ်မပူနဲ့၊ ခရီးဆက်ကြရအောင်၊ အား…"

မနော မတ်တတ်အထတွင် ယိမ်းထိုးသွားလေသဖြင့် ရန့်လက်ျာ ဘေးမှကူတွဲပြီး ခရီးဆက်သွားခဲ့ကြသည်။

"ကျွန်မနားထဲမှာ အသံတစ်ခုကြားနေရသလိုပဲ"

"ဟုတ်တယ်ဒေါက်တာ၊ ရှေ့နားမှာ စမ်းချောင်းတစ်ခုရှိတယ်"

"ရှင် တော်တော်နာနေလားဟင်"

"ကျုပ်အတွက် ဒီဒဏ်ရာထက်ပိုပြီး နာကျင်စရာတွေရှိနေတော့ ဒီနာကျင်မှုကို ဂရုမစိုက်နိုင်ပါဘူး ဒေါက်တာ၊ ကျုပ် ဆုတောင်းနေတာတော့ရှိတယ်"

"ရှင်ဘာကို ဆုတောင်းနေတာလဲ"

"ကျုပ် ဒီဒဏ်ရာနဲ့ မသေချင်ဘူး ဒေါက်တာ၊ ကျုပ် ရာဇဝင်ကြွေးဆပ်စရာ လူနှစ်ယောက်ကျန်သေးတယ်၊ သူတို့ တစ်တွေကို အကြွေးဆပ်ပြီးသွားပြီဆိုရင်တော့ ကျုပ်အသက်ဝိညာဉ် ကင်းသွားလည်း ကျေနပ်နိုင်တယ်၊ ခုတော့ ကျုပ်မသေနိုင်သေး





ဘူး"

"ရှင် အငြိုးတကယ်ကြီးတဲ့သူပဲ"

"ကျုပ်အငြိုးကြီးတာဟာ သိပ်ပြီးယုတ်မာရက်စက်တဲ့ လူတွေကြောင့်ပါ"

ရန့်လက်ျာတို့ လျှောက်လှာကြရင်း စမ်းချောင်းကလေးဆီသို့ ရောက်ခဲ့ကြတော့သည်။

"ရှင့်ဒဏ်ရာကို အရင်ဆေးရအောင်"

"ဒေါက်တာ မျက်နှာတွေ၊ လက်တွေ၊ ခြေတွေအရင်သန့်စင်လိုက်ပါဦး"

"ဒီအချိန်မှာ ဒါတွေက အရေးမပါပါဘူး၊ ကဲလာပါ၊ ရှင့်ဒဏ်ရာဆေးကြောပြီး ပတ်တီးပြန်စည်းထားရအောင်"

"အင်း…"

မနော ဘာမှဆက်ပြီးမပြောတော့ဘဲ ဒေါက်တာရန့်လက်ျာ ပြောသည့်အတိုင်း လိုက်နာဆောင်ရွက်နေတော့သည်။

ဒေါက်တာရန့်လက်ျာ စိတ်ရှည်စွာဖြင့် လက်မောင်းမှ ဒဏ်ရာကို စမ်းရေဖြင့် ဆေးကြောပြီး သွေးစွန်းနေသော ပတ်တီးကို ဆေးကြောကာ လက်မောင်းတွင် ပြန်ပြီးပတ်ပေးပြီး…

"ခေါင်းပတ်တီးပါ ဖြည်ရအောင်"

"ဒေါက်တာသဘောကျတဲ့အတိုင်းသာ လုပ်ပါတော့"

ရန့်လက်ျာ အားလုံးပြီးစီးသွားတော့မှ ကိုယ်လက်သန့်စင်တော့သည်။ မနော ဒေါက်တာရန့်လက်ျာကို အမှတ်မထင်



www.burmeseclassic.com

www.burmeseclassic.com



စိုက်ကြည့်မိသည်။ ခုလိုတောထဲတွင် တွေ့မြင်နေရသော ရန့်လက်ျာ၏အလှသည် တောအရိုင်းစံပယ်ကလေးတစ်ပွင့်နှင့် တူနေလေသည်။ မဖြီးမလိမ်းထားသော မျက်နှာနှင့် ဆံနွယ်ကလေးများကို ဖြစ်သလိုစည်းထားသည့် အလှသည် တကယ်ပင် ပန်းချီဆရာလက်မှိုင်ချလောက်သော အလှတစ်ခုပင်ဖြစ်နေသလားတောင် ထင်ရသည်။

မနော့စိတ်ထဲတွင်မကောင်း၊ မိမိလွတ်မြောက်နိုင်ဖို့အတွက် ဘာမှ အပြစ်မရှိတဲ့လူတစ်ယောက်ကို ဒုက္ခရောက်အောင်လုပ်ခဲ့သူ မဟုတ်လား။

"ဒီကနေဆက်ရင် ဘယ်ကိုရောက်မလဲ…ကိုမနော"

"ဒီကနေ နောက်ထပ် မိုင်(၂၀)လောက်လျှောက်မှ ကရင်မှုဆိုးရွာကလေးတစ်ရွာကိုရောက်မယ် ဒေါက်တာ"

"ဟင်…"

"လမ်းလျှောက်မယ်ဆိုရင် ညနေလောက်မှရောက်မှာ"

"ကျွန်မက ကိစ္စမရှိပါဘူး၊ ရှင့်အခြေအနေက ဖြစ်ပါ့မလား"

"မဖြစ်လည်း ဖြစ်အောင်လျှောက်ရမှာပဲ ဒေါက်တာ၊ ကျွန်ုပ်ကသာ ဒေါက်တာကို အရမ်းအားနာနေတာ"

"ခုချိန်မှာ အားနာတာတွေ ဘာတွေပြောမနေနဲ့တော့ ကိုမနော၊ တစ်ခရီးထဲသွားနေကြတဲ့သူတွေလို့ သဘောထားပြီးသာ သွားကြမယ်"





"ကျေးဇူးတင်ပါတယ် ဒေါက်တာ၊ မုဆိုးရွာကလေး ရောက်ရင်တော့ ဒေါက်တာပြန်နိုင်ဖို့ ကျုပ်စီစဉ်ပေးပါ့မယ်"

"စီစဉ်ပေးတာနောက်ထား၊ ခုအချိန်လေးရှိတုန်း လျှောက်လိုက်ကြရအောင်၊ ကျွန်မတွဲပေးရဦးမလား"

"ရတယ် ဒေါက်တာ၊ စမ်းရေကြောင့်လားတော့ မသိဘူး လန်းလန်းဆန်းဆန်း ဖြစ်သွားတယ်"

"ဟုတ်မယ်၊ ကျွန်မလည်း စမ်းရေနဲ့ မျက်နှာသစ် ခြေလက်ဆေးလိုက်လို့တော်တော်လေးကို လန်းဆန်းသွားတယ်"

မနောနှင့်ရန့် စကားတပြောပြောနှင့်လျှောက်လာရင်း…

"ဒေါက်တာ"

"ကိုမနော…ဘာဖြစ်လို့လဲ"

"လာ…ဒီဘက်ကို ခဏဝင်ပြီးပုန်းနေ…"

"ဘာဖြစ်တာလဲဟင်"

"မြင်းခွာသံကြားရတယ်…မြင်းတစ်ကောင်တည်း လာနေတာ၊ ကျုပ်တို့အတွက် ကံကောင်းတာပဲ ဒေါက်တာ"

"ရှင် ဘာလုပ်မလို့လဲ"

"ဒေါက်တာ မြင်းကိုထွက်ပြီးတားလိုက်ပါ"

"ကိုမနော"

"ကျုပ်ပြောတဲ့အတိုင်းလုပ်ပါဒေါက်တာ၊ ကျုပ်တို့သွားရမယ့်ရွာက မြင်းနဲ့မှ အဆင်ပြေမှာ၊ ဒီအတိုင်းဆက်ပြီးသွားနေလို့ မလွယ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ရန့်လက်ျာ..မနောပြောသည့်အတိုင်းအဝေးဆီမှ လာနေသော မြင်းကို အနီးနားရောက်တဲ့အထိစောင့်ကာ လက်လှမ်းပြီး တားလိုက်သည်။

"ဟိုး..."

မြင်းသမားက မြင်းဇက်ကြိုးဆွဲပြီး မြင်းကိုရပ်ကာ အောက်သို့ ဆင်းလာတော့သည်။

"ဘာများ အခက်အခဲရှိလို့လဲ မိန်းကလေး.."

"ဟို...ဟို.."

"ပြောမှာသာပြောပါ..အစ်ကိုကြီးက ကူညီပေးမှာပါ"

"ဒီလောက်သဘောကောင်းနေမှတော့ ကျုပ်တို့ကလည်း အားနာနာနဲ့ပဲ ပြောရမှာပေါ့လေ"

"ဟင်...မင်း...မင်း.."

"မလှုပ်နဲ့နော်.. ကျုပ်လက်ထဲမှာရှိနေတဲ့သေနတ်က သဘောမကောင်းဘူး"

"မင်းဘာလိုချင်တာလဲ၊ ငါ့ဆီမှာ ဘာပစ္စည်းမှ မပါဘူး"

"ဘာပစ္စည်းမှလည်း မလိုချင်ပါဘူး၊ ကျုပ်လိုချင်တာ ဟောဒီမြင်း"

"ဘာကွ.."

"ဖြောင်း.."

"အင့်..."

ထိုလူက မနောကို တိုက်ခိုက်မည်အပြု မနော...ဇက်ပိုးကို





သေနတ်ဒင်ဖြင့်ရိုက်ချလိုက်သဖြင့် မြေပြင်ပေါ်တွင်မှောက်သွားသည်။ သတိလုံးဝ မရတော့ပေ။

"ကျေးဇူးတင်ပါတယ် နောင်ကြီး... ဒေါက်တာ သွားကြရအောင်"

"ကျွန်မ မြင်းပေါ်မှ မတက်တတ်တာ"

"ကျုပ် ဆွဲတင်ပေးမယ်"

"အို..."

ရန့်လက်ျာ ကိုယ်ကလေးကို မနော ခါးမှဆွဲမပြီး မြင်းပေါ်သို့တင်လိုက်လေသည်။ ကျောက်ဆောင်လမ်းကလေးအတိုင်း ပြေးလွှားနေသော မြင်းခွာသံတို့နှင့်အတူ ဒေါက်တာရန့်လက်ျာ တစ်ယောက်ရင်ခုန်ခြင်းတွေက လိုက်ပြီး ဟန်ချက်ညီညီ ကနေသလိုပင်...

ရန့်လက်ျာ ဘဝတွင် တစ်မိမ်းယောက်ျားတစ်ယောက်ရဲ့ ရင်ခွင်ကို ရောက်ဖူးခြင်းသည် ဒါပထမဦးဆုံးပင်ဖြစ်သည်။

ရန့်လက်ျာ နှလုံးသားကို ဆွဲကိုင်ခဲ့သူတစ်ဦး ရှိခဲ့ဖူးသည်။ ထိုသူသည် ဇော်ဇော်မောင် ပင်ဖြစ်သည်။

ဒါပေမယ့်လို့ ဇော်ဇော်မောင်နှင့်ရန့် ချစ်သူဘဝသို့ မရောက်ခဲ့ကြပေ...

တစ်ယောက်နှင့်တစ်ယောက် ချစ်ခွင့်ကြုံခဲ့ပေမယ့် ချစ်သူဖြစ်ထိုက်သော အခွင့်အရေးကို နှစ်ယောက်လုံး ဆုံးရှုံးစေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၇ )

"ဆရာ..ဒီမှာ သစ်ပင်နဲ့ချည်ထားတဲ့ နွယ်ကြိုးတစ်ချောင်း"

တောက်ထိန် လှမ်းပြီးပြလိုက်သော နွယ်ကြိုးကို ကိုင်ကြည့်ပြီး..

"တောင်အောက်ကို ဆင်းတဲ့ကြိုးပဲ.."

"ဆရာ...ရန့်တို့ မသေသေးဘူးဆိုရမှာပေါ့"

"တစ်ယောက်တည်းလား၊ နှစ်ယောက်လားဆိုတာကို ပြောလို့မရသေးဘူး တောက်ထိန်...ကဲ.. အောက်ကိုဆင်းကြမယ်၊ သတိရှိကြ.."

မနောထားခဲ့သောနွယ်အတိုင်း တစ်ယောက်ချင်းအောက်ကိုဆင်းလာရင်း ချောက်ကမ်းပေါ်ရှိ ကျောက်တုံးပေါ်တွင် သွေး





ကွက်များကို တွေ့လိုက်ရတာကြောင့်...

"တောက်ထိန်...ဒဏ်ရာ..ရထားတာတော့ သေချာတယ်၊ ဒဏ်ရာသစ်လား၊ ဒဏ်ရာဟောင်းက ကျတဲ့သွေးလားတော့မသိဘူးဟေ့"

ချောက်အောက်ခြေသို့ရောက်ကြသည်နှင့်...

"အားလုံးစုံရင် ခရီးဆက်မယ်"

ဇော်ဇော်မောင်...ရဲဘော်တွေ အရမ်းပင်ပန်းနေကြပြီဖြစ်ပေမယ့် ဇော်ဇော်မောင်တို့ နားလို့မဖြစ်သေးချေ၊ လူသတ်သမားနောက်ကို အမီလိုက်ဖို့က အရေးကြီးနေလေပြီဖြစ်သည်။

"ဆရာ..ရှေ့မှာလူတစ်ယောက်"

စမ်းချောင်းတွင် မျက်နှာသစ်နေသော လူတစ်ယောက်ကို လှမ်းပြီးတွေ့လိုက်ရတာကြောင့်...

"တောက်ထိန်... ခေါ်ခဲ့ကွာ.."

"ဟေ့လူ..မလှုပ်နဲ့နော်.."

"ဗျာ...မလှုပ်ပါဘူးဆရာ..တို့ရယ်.. ကျွန်တော် လူကောင်းပါ"

"ခင်ဗျားကို ဘယ်သူက လူဆိုးလို့ပြောနေလို့လဲ၊ ခင်ဗျားနာမည် ဘယ်လိုခေါ်လဲ.."

"အိုက်...အိုက်စံပါ"

တောက်ထိန်... အိုက်စံကို ဇော်ဇော်မောင်နားသို့ခေါ်လာပြီး..

"ကိုအိုက်စံ...ခင်ဗျားဒီနားရောက်တုန်းက ဘာတွေတွေ့



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သလဲ..''

''တွေ့ခဲ့တာတော့ မပြောပါနဲ့ဆရာ၊ ဓားပြပါ တိုက်ခံရတာ''

''ဟင်…ဓားပြတိုက်ခံရတယ်''

''ဟုတ်ပါတယ်ဆရာ၊ ကျွန်တော့်မြင်းကို ယောက်ျား တစ်ယောက်နဲ့မိန်းမတစ်ယောက် ဓားပြတိုက်သွားတယ်''

''ဟင်…''

''ကျွန်တော့်ခေါင်းကိုလည်း သေနတ်နဲ့ထုသွားတယ်ဆရာ..''

''ခင်ဗျားပြောတာ သေချာတယ်နော်''

''သေချာပါတယ်ဆရာရယ်၊ ကျွန်တော်က ခံလိုက်ရသူပါ''

''သူတို့နှစ်ယောက် ဘယ်ဘက်ကိုသွားတာလဲ''

''ဒီအရှေ့တည့်တည့်ပဲဆရာ''

''ခင်ဗျား…ဒီနယ်မြေကို ကျွမ်းကျင်လား''

''ကျွမ်းကျင်ပါတယ်''

''ကျုပ်တို့ကို ကူညီနိုင်မလား''

''ဆရာတို့အကူအညီလိုရင်တော့ ကူညီပါ့မယ်''

''ကျေးဇူးတင်တယ် အိုက်စ်''

''ငါတို့သွားမယ့် အရှေ့တည့်တည့်မှာရွာရှိလား''

''ရှိတယ်၊ ကရင်မှုဆိုးရွာကလေးရှိတယ်၊ ရွာအိမ်ခြေက (၁၀) လုံးလောက်ပဲရှိတယ်၊ အဲ..အင်္ဂလိပ်လက်ထက်ထဲကရှိတဲ့





ခရစ်ယာန်ဘုရားကျောင်းဟောင်းကြီးတစ်လုံးတော့ရှိတယ်''

''ဘယ်လောက်ဝေးဝေးသွားရမလဲ''

''မိုင်(၂၀)လောက် လျှောက်ရင်ရောက်ပြီ''

ဇော်ဇော်မောင် စဉ်းစားလိုက်သည်။ လူသတ်သမားနှင့် ရန့်တို့ ထိုရွာလေးတွင် မဖြစ်မနေ နားခိုကြမှာသေချာသည်။

ဇော်ဇော်မောင်တို့ အချိန်မီသွားနိုင်ဖို့အတွက် ခရီးပြင်းနှင်ရတော့မည်ဖြစ်သည်။

''ကိုအိုက်စ်..ခင်ဗျားရှေ့ကနေ လမ်းပြဗျာ၊ သွားကြရအောင်''

''ဟုတ်ကဲ့…''

''သွားကြမယ်ဟော့''

ဇော်ဇော်မောင်တို့ ရဲဘော်များ ခရီးပြင်းလာခဲ့ရတာကြောင့် အားလုံးပင်ပန်းနွမ်းနယ်နေကြလေပြီဖြစ်သည်။

ဇော်ဇော်မောင် ကိုယ်တိုင်လည်း မနေ့ထဲက လူသတ်သမားနောက်ကိုလိုက်နေရတာကြောင့် တစ်ကိုယ်လုံး လှုပ်ချင်စိတ်တောင် မရှိတော့ပေ…

''ဆရာ..''

''တောက်ထိန်..မင်းဘာပြောချင်လဲ ပြော''

''ဟို..ဒီလို ဆရာ.. ရဲဘော်တွေကြည့်ရတာ အရမ်းကိုပင်ပန်းနေကြပြီ''

''ဒီတော့''



www.burmeseclassic.com

www.burmeseclassic.com



"ခဏလောက် ပေးနားရင်ကောင်းမယ်၊ လူသတ်သမား ဒီရွာမှာမဖြစ်မနေ နားမှာသေချာတယ်ဆရာ၊ ကျွန်တော်တို့ ညဘက်ဝင်ပြီး ဖမ်းရင် ပိုပြီးမကောင်းဘူးလား"

တောက်ထိန်အကြံပေးမှုသည် မဆိုးလှတာကြောင့်...

"တောက်ထိန်..ရဲဘော်တွေကို ရှေ့နားက ကျောက်ဆောင်မှာ နာရီဝက်နားမယ်"

"ဟုတ်ကဲ့.."

"မနက်စာပါ တစ်ခါတည်းစားဖို့ ပြင်ခိုင်းပြီးစားဖို့လုပ်"

"ဟုတ်ကဲ့"

ဖော်ဖော်မောင်တို့ ရောက်နေသောကျောက်ဆောင်ကြီးမှာ အရိပ်ကောင်းပြီး တောင်၏အောက်ခြေပိုင်းဖြစ်တာကြောင့် တကယ်ပင် အမောပြေစေသည်။

"ဆရာရေ့.. စားလိုက်ဦး"

တောက်ထိန်.. ဟန်းကောချိုင့်ဖြင့် ထမင်းဟင်းပုံကာ လာပြီးပေးတာကို လှမ်းယူရင်း..

"ဗိုက်ကတော့ တော်တော်လေးကိုဆာနေတာကွ"

"ဟုတ်ပ... တကယ်ဒုက္ခပေးတဲ့ကောင်၊ ဩော်...ဒါနဲ့ ဆရာ သက်ပြင်းချနိုင်ပြီပေါ့နော်"

"မင်းစကားကဘာလဲကွ"

"ဆရာကလည်း ဒေါက်တာမလေး မသေဘူးဆိုတာကို ပြောတာပါ"





"မင်းပြောသလို သက်ပြင်းချနိုင်ပြီဆိုရမှာပေါ့ကွာ"

"ဆရာ့ကို..ကျွန်တော်မသိလို့မေးပါရစေဦး.."

"မင်းက ဘယ်ကိုမေးချင်တာလဲ မေး.."

"ဒီမြို့လေးကို ဆရာနဲ့ဒေါက်တာမလေး ဘယ်သူအရင်ရောက်တာလဲ"

"မင်းပြောရင်ယုံမှာတောင်မဟုတ်ဘူး၊ အတူတူရောက်တာကွ"

"ဟာ..."

"ငါလည်း အစိုးရချပေးတဲ့ နယ်မြေမှာ တာဝန်ယူမယ်လို့ ဆုံးဖြတ်ပြီးနေခဲ့တာ ရန်နီကလည်းငါ့အတိုင်းပဲနေရင်း တို့နှစ်ယောက် ဒီနယ်မြေကို ရောက်ခဲ့ကြတာပဲကွာ"

"ဆရာတို့က ငယ်သူငယ်ချင်းတွေလို့ပြောကြတယ်၊ ဟုတ်လား"

"ဟုတ်တယ်၊ ရန်နီနဲ့ငါက ငယ်ပေါင်းသူငယ်ချင်းတွေ၊ ဒီအကြောင်းတွေကိုပြောရရင် ရင်ထဲမှာမကောင်းဘူး တောက်ထိန်"

"ဆောရီးဆရာ စားလိုက်ဦး၊ ကျွန်တော့်ကြောင့် ဆရာ အစားအသောက်ပျက်နေဦးမယ်"

"ဒီလောက်ထိ ဆိုးဆိုးဝါးဝါးတော့ မဟုတ်ပါဘူးကွာ၊ အသက်အရွယ်နဲ့ အချိန်တွေက နုစဉ်ကလိုတော့ မဟုတ်ဘူး"

"ရင်တွေတော့ ခုန်တုန်းပဲမဟုတ်လား"

"ဒါကတော့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း..."

အဝေးဆီမှ သေနတ်သံကြားလိုက်ရသည်နှင့်...

"အားလုံးနေရာယူထားကြ"

ဇော်ဇော်မောင် သူ့ရဲဘော်များကို နေရာအသီးသီးယူနိုင်းထားလိုက်ပြီးနောက် သေနတ်သံလာရာဆီကို ကြည့်လိုက်သည်။

မြင်းငါးကောင်ပေါ်တွင် သေနတ်ကိုယ်စီဖြင့် တွေ့လိုက်ရသလို ရှေ့တွင် မြင်းတစ်စီးဒုန်းစိုင်းပြီး ပြေးနေလေသည်။

"အားလုံး အနီးကပ်ရောက်မှ ပစ်မယ်နော်"

ရှေ့ဆုံးမှမြင်း အနီးဆုံးသို့ရောက်ရှိလာပြီး ကြည့်လိုက်တော့ မိန်းကလေးတစ်ဦးဖြစ်နေသည်။

နောက်မှ မြင်းငါးကောင် အနီးဆုံးသို့ရောက်သည်နှင့်...

"ပစ်..."

"ဒိုင်း..."

သေနတ်သံများ ဆူညံပွက်လောရိုက်သွားပြီး မြင်းပေါ်မှ နှစ်ကောင်ပြုတ်ကျကာ သုံးကောင် နောက်ကြောင်းပြန်ပြီးတော့ ပြေးလေသည်။

"အား...ကျွတ်...ကျွတ်..."

မိန်းကလေး လက်ဖျံတွင် သေနတ်ထိမှန်ထားတာကို တွေ့လိုက်ရသဖြင့်...

"တောက်ထိန် ဆေးမှူးကိုခေါ်ပြီးဆေးကြည့်ရအောင်လုပ်"

"ဟုတ်ကဲ့"





"မင်းဘယ်လိုဖြစ်တာလဲ"

"ကျွန်မကို ဒီလူဆိုးတွေ အတင်းလိုက်ပြီး ဓားကားဖို့ ကြံကြတာပါ"

"မင်းကဘယ်မှာ နေတာလဲ"

"ကျွန်မက ကျေးစုရွာကပါ"

"အိုက်စံ..."

"ဗျာ...ဆရာ"

"ကျေးစုရွာဆိုတာ ကြားဖူးလား"

"ဟုတ်ကဲ့ အနောက်ဘက် ရွာကလေးတစ်ရွာပါ"

"မင်းနာမည်က ဘယ်လိုခေါ်လဲ"

"ခင်ရိပ်နှောင်းပါ"

"ဩော်..."

ဆေးမှူးရောက်လာပြီး ခင်ရိပ်နှောင်းကို ဆေးထည့် ပတ်တီး စည်းပေးလိုက်သည်။

"ခင်ရိပ်နှောင်း..."

"ရှင်..."

"စိတ်တော့မရှိနဲ့ကွာ မင်းကိုငါတို့ပြန်ပြီး ပို့နိုင်ဖို့အတွက် အချိန်မပေးနိုင်ဘူး၊ ငါတို့မှာ အရေးကြီးတဲ့ တာဝန်ရှိသေးလို့"

"ရပါတယ် အစ်ကို..."

"မင်း ပြန်ရဲလား"

"ကျွန်မ မပြန်ရဲဘူး၊ သူတို့က ရွာကနေစောင့်နေကြမှာ"



www.burmeseclassic.com

www.burmeseclassic.com



"တောက်ထိန်…"

"ဆရာ…"

"ခင်ရိပ်နှောင်းကိုခေါ်ခဲ့ကွာ၊ ကိစ္စတစ်ခုပြီးမှ သူ့ရွာကို ပြန်ပို့ပေးကြတာပေါ့"

"ဟုတ်ကဲ့…"

"ကဲ…အားလုံးသွားကြမယ်ဟေ့"

ဇော်ဇော်မောင် သူ့ရဲဘော်များကို သွားရန်အသံပြုလိုက်ပြီး ခရီးဆက်ပြီး ထွက်လာခဲ့ကြတော့သည်၊ ဇော်ဇော်မောင်တို့ စစ်ဆင်ရေးတွင် ခင်ရိပ်နှောင်းတစ်ယောက်တော့ ရောက်ရှိလာခဲ့လေပြီ…

နယ်စပ်ဒေသတွင် နေထိုင်ကြရသော သူတွေအတွက် ဇော်ဇော်မောင် စိတ်မကောင်းဖြစ်မိတာတော့ အမှန်ပင်…

ခင်ရိပ်နှောင်းမှာတော့ အရိုင်းလူကလေးတစ်ယောက်မို့ လူဆိုး၊ ဓါးပြများ၊ သူပုန်များ မျက်စိကျလောက်သည့် အန္တရာယ်ကြီးသော အလှပင်ဖြစ်သည်။



## အခန်း ( ၅ )

မနောနှင့် ဒေါက်တာရန့်လက်ျာတို့ စီးလာသောမြင်းကလေးသည် ကရင်မုဆိုးရွာကလေးဆီသို့ တဖြည်းဖြည်း နီးကပ်လာနေပြီဖြစ်သလို မနော ခန္ဓာတွင်ရရှိထားသော ဒဏ်ရာတို့၏ ဝေဒနာတွေက အပြင်းထန်ဆုံး ခံစားနေလေပြီဖြစ်သည်။

မနောတစ်ယောက်မျက်လုံးများပြာဝေလာနေသည်။

"ဒေါက်တာ…"

"ကိုမနော…"

"ရှေ့မှာမြင်နေရတာ ဘုရားကျောင်းအိုကြီး မဟုတ်လား"

"ဟုတ်တယ်၊ ဟင်…ရှင်မမြင်ရဘူးလား"

"ကျုပ်မျက်လုံးတွေ ပြာဝေနေတယ်ဒေါက်တာ"

"ဟင်…"

မနောထံမှ ကြားလိုက်ရသော စကားသည် ဒေါက်တာရန့်လက်ျာအတွက် တုန်လှုပ်စရာဖြစ်နေလေသည်။ မြင်းဇက်ကြိုး



www.burmeseclassic.com

www.burmeseclassic.com



ကို နိုင်နှင်းအောင်ကိုင်ပြီး ဘုရားကျောင်းအိုကြီးထဲသို့ ဝင်လာကာ…

"ဖာသာ…အယ်လ်စော…ဖာသာ…အယ်လ်စော.."

မြင်းကိုစုံရပ်ပြီး မနော်ခေါ်လိုက်သော အသံမဆုံးခင် ဘုရားကျောင်းထဲမှ ခရစ်ယာန် ဘုန်းတော်ကြီးတစ်ပါး ပြေးထွက်လာသည်။

"လူလေး…မနော ဘုရားသခင် ကောင်းချီးပေးပါ"

"ဖာသာ ကျုပ်ကိုအရင်မြင်းပေါ်ကအောက်ချပေးပါ"

"လူလေး.."

ခရစ်ယာန်ဘုန်းတော်ကြီးက မနော လက်ကိုကိုင်ပြီး အောက်သို့ ချပေးပြီး ဒေါက်တာရန့်လက်ျာကိုပါ အောက်ကို ချ ပေးလိုက်သည်။

"လူလေး..ဘာတွေဖြစ်လာတာလဲကွယ်"

"ဖာသာ… အထဲဝင်ရအောင်၊ ကျုပ်ကိုတွဲ၊ ကျုပ်ဘာမှ မမြင်ရတော့ဘူး"

"ဘုရားသခင်..ကယ်မတော်မူပါ"

မနောကို ခရစ်ယာန်ဘုန်းတော်ကြီးနှင့်ဒေါက်တာရန့်လက်ျာ တွဲပြီး ဘုရားကျောင်းထဲသို့ဝင်လာခဲ့ကြပြီးနောက်..

"ဖာသာ.."

"လူလေး…"

"ဒီက ရန့်လက်ျာကို ပြန်နိုင်အောင်စီစဉ်ပေးပါလား"





"ကိုမနော.. ကျွန်မပြန်ဖို့ကိစ္စကို ရှင့်ခေါင်းထဲက ခဏ ထုတ်ထားပြီး လောလောဆယ် ရှင့်ဒဏ်ရာတွေ ကုဖို့လုပ်ရအောင်.. ဖာသာ.."

"ပြောပါသမီး…"

"ဖာသာတို့ဆီမှာ ဆေးပစ္စည်းတွေမရှိဘူးလား"

"ရှိတယ်သမီး.. ခဏလေးစောင့်.."

"ဖာသာ..ရေနွေးလေးပါ စီစဉ်ပေးပါ"

"ကောင်းပြီသမီး.."

ခရစ်ယာန်ဘုန်းကြီးထွက်သွားပြီးနောက်…

"ဒေါက်တာ.."

"ရှင်ဘာပြောချင်လဲ ပြောပါ"

"ကျုပ်မျက်လုံးတွေ ကန်းများသွားပြီလားဗျာ..တောက်"

"ရှင့်မျက်လုံးတွေ မကန်းနိုင်ပါဘူး၊ ခေါင်းကဒဏ်ရာကြောင့် မျက်လုံးကိုထိခိုက်စေတာဖြစ်မှာပါ၊ မစိုးရိမ်ပါနဲ့"

"ကျုပ်စိုးရိမ်တာ ကျုပ်မျက်လုံးကွယ်ရလို့မဟုတ်ဘူး၊ ကျုပ် လက်စားမချေရမှာကို စိုးရိမ်နေတာ.."

"ရှင့်ကိုကျွန်မ ဆရာဝန်တစ်ယောက်အနေနဲ့ လူနာတစ်ယောက်ကို မှာတယ်လို့ သဘောထားပြီး နားထောင်ပေးပါ"

"ဒေါက်တာဘာပြောချင်လဲ ပြောပါ.."

"ရှင့်ဒဏ်ရာတွေ၊ ဝေဒနာတွေကို ပျောက်ချင်ရင် ရှင့်ရင်ထဲက ဒေါသတွေ၊ နာကျည်းချက်တွေကို လျှော့လိုက်ပါ၊ စိတ်ကို



www.burmeseclassic.com

www.burmeseclassic.com



အတည်ငြိမ်ဆုံးထားပါ..ကိုမနော"

"ကောင်းပါပြီ.. ဒေါက်တာပြောတဲ့အတိုင်းနာခံပါ့မယ်"

"သမီး..ရပြီ"

"ဟုတ်ကဲ့..."

ခရစ်ယာန်ဘုန်းတော်ကြီးလှမ်းပြီးပေးသော ဆေးအိတ်နှင့် ရေနွေးကို ယူပြီး မနောဒဏ်ရာများကို စတင်ပြီး ဆေးကြော ဆေးထည့် ပတ်တီးစည်းပြီး ဆေးတစ်လုံးပါ ထိုးပေးလိုက်တော့ သည်။

"သမီးက ဒေါက်တာတစ်ယောက်လား"

"ဟုတ်ပါတယ်..."

"ဘယ်လိုကြောင့် မနောနဲ့ပါလာခဲ့ရတာလဲကွယ်၊ ဒီလောက် ခေါင်လှတဲ့အရပ်ကို"

"ဖာသာ.. ကျုပ် ဓားစာခံလုပ်လာတာ"

"ဘုရားသခင်..ကယ်မတော်မူပါ.."

ခရစ်ယာန်ဘုန်းတော်ကြီး..မနောစကားကိုကြားသည် နှင့် အံ့သြသွားလေသည်။

"မဖြစ်နိုင်တာကွယ်၊ မင်းလို ကြင်နာတတ်တဲ့လူတစ် ယောက်က ဓားစာခံလုပ်ပြီးခေါ်လာနိုင်မှာလဲ"

"ဟုတ်တယ် ဖာသာ.. မနော.. ကျွန်မကို ရဲလက်ထ လွှတ်အောင် ဓားစာခံလုပ်ပြီးခေါ်လာတာ"

"တကယ့်အံ့ဖွယ်တွေပါလား.."





"ဖာသာ.."

"လူလေး ဘာပြောချင်လဲပြော.."

"ဒေါက်တာကို ကျုပ်ပြန်ပြီးပို့ပေးချင်တယ်"

"တို့နေရာက မြို့ကိုချက်ချင်းသွားလို့ရတာမှမဟုတ်တာ၊ အင်း..မြို့က သားကောင်လာပြီးဝယ်တဲ့လူတွေရောက်လာရင် အသာစီစဉ်ပေးပါ့မယ်..ဒီကသမီးလည်း သည်းခံပေးပေါ့ကွယ်"

"ဟုတ်ကဲ့..ရပါတယ်.. ရှင် လောလောဆယ် အနားယူ လိုက်ပါ"

"ဒေါက်တာလည်း အနားယူသင့်နေပါပြီ"

မနောပြောသလိုပင် ဒေါက်တာရန်နုလက်ျာတစ်ယောက် ထို သို့ ခရီးကြမ်းကို တစ်ကြိမ်တစ်ခါမှ မသွားဘူးတာကြောင့် ခန္ဓာ ကိုယ်တစ်ခုလုံး ကိုင်ရိုက်ထားသလို လှုပ်တောင်မလှုပ်ချင်ပေ။

"ရှင်အိပ်ရာနိုးမှ မျက်လုံးကိုဆေးစည်းတာပေါ့"

"ဒေါက်တာကို ကျုပ်ပြောပြမတတ်အောင် ကျေးဇူးတင် ပါတယ်"

"ရပါတယ် ကိုမနော.. ကျွန်မဟာ ဆရာဝန်တစ်ယောက် ပါ.. ရန်သူဖြစ်စေ၊ မိတ်ဆွေဖြစ်စေ ဆေးကုပေးရမှာပဲ၊ ဆရာဝန် ဆီမှာ ခွဲခြားရေး မရှိဘူးဆိုတာ ရှင်သဘောပေါက်ပါ.."

မနောကို ဖာသာနှင့်တွဲပြီး ဘုရားကျောင်းဝန်းထဲရှိ အခန်း တစ်ခုထဲသို့တွဲပြီးခေါ်လာစဉ်...

"လူလေး..မင်းကိုမေးရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဖာသာ ဘာမေးမှာလဲ"

"မင်းထောင်က ဘယ်တုန်းက လွတ်လာခဲ့တာလဲ"

"ဒီနေ့နဲ့ဆို (၂) ရက်မြောက်ပဲ"

"ဟော..."

မနောစကားကို ခရစ်ယာန်ဘုန်းတော်ကြီး အယ်(လ်)ဗေ မယုံနိုင်အောင်ဖြစ်သွားသည်။

"ကျုပ်ထောင်ထဲမှာတုန်းက ဦးမဏ္ဍိုင်တပည့်တစ်ယောက် ပြစ်မှုတစ်ခုနဲ့ရောက်လာတယ်လေ၊ ဒီကောင့်ဆီက ဦးမဏ္ဍိုင် ဘယ်မှာနေတယ်ဆိုတာကို သိခဲ့ရပြီး ထောင်ကထွက်ထွက်ချင်း ဦးမဏ္ဍိုင်ကို အလစ်ဝင်ပြီးသတ်ခဲ့တာပဲ ဖာသာ"

"လူလေးရယ်..မင်းလည်း မေတ္တာတရားတွေ ခမ်းခြောက် နေပါရောလား.."

"ဖာသာ...ကျုပ် မေတ္တာတရားမခမ်းခြောက်ပါဘူး၊ ကျုပ် ဘဝ ကျုပ်မိသားစုကို ဖျက်ဆီးခဲ့တဲ့သူတွေကို ကျုပ်တို့ပြန် ပါ"

"အင်းလေ... လူလေးဘဝမှာ နာကြည်းမယ်ဆိုလည်း နာကြည်းလောက်ပါတယ်လေ၊ ဖာသာအနေနဲ့ကတော့ ဘုရား သခင်ထံမှာ ဆုတောင်းပေးရုံကလွဲပြီး ဘာမှ မတတ်နိုင်ပါဘူး ကွယ်၊ ကဲ..ကဲ..လူလေးအနားယူလိုက်ပါ၊ သမီးလေးက ဟိုဘ ကအခန်းထဲမှာ အေးအေးချမ်းချမ်းသွားပြီးအနားယူလိုက်၊ ဖာသာ စားသောက်ဖို့ စီစဉ်လိုက်ဦးမယ်"





"ဒေါက်တာ.."

"ကိုမနော.."

"စိတ်ထဲမှာဘာမှ ဒွိဟမဖြစ်ပါနဲ့၊ ဒေါက်တာကို ကျုပ်ပြန် ပြီးပို့ပေးမှာပါ.."

"ရှင့်စိတ်ထဲမှာလဲ ဒေါသတွေ ခဏလျှော့ပြီးအိပ်လိုက်ပါ"

"ကောင်းပါပြီ ဒေါက်တာ"

မနောကို အခန်းထဲတွင် ထားရစ်ခဲ့ပြီးအပြင်လို့ထွက်လာစဉ်

"သမီး.."

"ဖာသာ.."

"လူလေးမနော မျက်လုံးအခြေအနေဘယ်လိုလဲ.."

"ခုချိန်ထိတော့ ပြောလို့မရသေးဘူးဖာသာ"

"ဘုရားသခင် စောင့်ရှောက်တော်မူပါ၊ တကယ့်နှလုံးသား လှခဲ့ကြတဲ့ ဘဝလေးကို ဘာကြောင့်ကံကြမ္မာက ရက်စက်ခဲ့ကြ တာလဲလေ.."

"ဖာသာ..."

"သမီးလေး ဘာမေးချင်လို့လဲ"

"မနော..ထောင်ထဲရောက်ခဲ့တာ မတရားလုပ်ကြံခံခဲ့ရ တာဆို.."

"ဟုတ်တယ်သမီး..ဒီအကြောင်းတွေကို ပြောရင် အရှည် ကြီးပြောရမှာ သမီး.."

"သမီးသိချင်လို့ပြောပြပါလား.."



www.burmeseclassic.com

www.burmeseclassic.com



"သမီးလေး နားလိုက်ပါဦး၊ ဖာသာ ညကျတော့ ပြောပြတာပေါ့၊ ဟင်…ကောင်းကင်ကြီးညို့နေပါလား‥ဘုရားသခင်"

"ဖာသာ‥ဘာဖြစ်လို့လဲဟင်"

"မကြာခင် တောင်ကျရေတွေ ဆင်းတော့မယ်လေ၊ တောင်ပေါ်မှာ မိုးရွာပြီး တောင်ကျရေကျတာ အလွန်အန္တရာယ်များတယ်ကွဲ့၊ တောလိုက်မုဆိုးတွေ အိမ်ကို အချိန်မီပြန်နိုင်ကြပါစေ၊ ဘုရားသခင် ကောင်းချီးပေးတော်မူပါ"

ဖာသာစကားကြောင့် ဒေါက်တာရန့်လကျ်ာ ကောင်းကင်ကြီးကို မော့ကြည့်တော့ တိမ်တိုက်တွေကင်းစင်ပြီး ကောင်းကင်ကြီး ညှို့မှိုင်းနေလေတော့သည်။



အခန်း ( ၉ )

"ဟာ ဒုက္ခပဲဆရာ"

"အိုက်စံ ဘာဖြစ်တာလဲကွ"

အိုက်စံတစ်ယောက် မိုးကောင်းကင်ကြီးကို ကြည့်ပြီး ထိတ်လန့်သွားသော အသွင်အပြင်ကို တွေ့လိုက်ရသည်။

"တောင်ပေါ်မိုးရွာတော့မယ်ဆရာ"

"ဟင်…"

ဇော်ဇော်မောင် တောင်ပေါ်မိုးနှင့်ပတ်သက်ပြီး ဒီမြို့ကလေးတွင် တာဝန်ကျပြီးကတည်းက မကြာခဏ ကြားဖူးခဲ့ပေမယ့် ကိုယ်တွေ့တော့ မကြုံဘူးခဲ့ပေ…

"ငါတို့သွားရင် မလွတ်နိုင်ဘူးလား"

"မလွတ်နိုင်ဘူး ဆရာ"

ဇော်ဇော်မောင် ကောင်းကင်ကို မော့ကြည့်ပြီး ခရီးဆက်သွားသင့် မသွားသင့်ကို စဉ်းစားနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အိုက်စံ…"

"ပြောပါဆရာ"

"တောင်ပေါ်မိုးရွာရင် (၃)ရက်လောက်ကြာတယ်ဆို"

"ဟုတ်တယ် ဆရာ"

"တောက်ထိန်"

"ဆရာ…"

"ငါတို့ စခန်းချဖို့ပြင်ဆင်တော့ ဆက်သွယ်ရေးက ဆရာ အောင်လှိုင်ကို ငါ့ဆီလွှတ်လိုက်"

"ဟုတ်ကဲ့…"

လူသတ်သမားတစ်ယောက်အတွက် ဇော်ဇော်မောင် ရဲဘော် များစွာ အသက်ဘေးနှင့် ကြုံရမည့်အရေးကိုတော့ စဉ်းစားချင့်ချိန် ရမည်မဟုတ်လား…

"ဆရာ ကျွန်တော့်ကို ခေါ်တယ်ဆို"

ဆက်သွယ်ရေးအရာရှိ အောင်လှိုင်ရောက်လာသည်နှင့်…

"အောင်လှိုင် ဌာနချုပ်ကို အကြောင်းကြားလိုက်၊ လမ်းမှာ သဘာဝအန္တရာယ်နဲ့ ရင်ဆိုင်နေရလို့ ခရီးမဆက်နိုင်ဘူးလို့ တင်ပြ လိုက်၊ လူသတ်သမားရဲ့ သတင်းခြေရာခံမိပြီ ဆိုတာပါ တင်ပြ လိုက်ကွာ"

"ဟုတ်ကဲ့…"

"တောက်ထိန်…"

"ဆရာပြောပါ"





"ငါတို့ပါလာတဲ့ရိက္ခာအခြေအနေ…"

"နောက်(၃)ရက်လောက်တော့ ထိန်းထားနိုင်တယ်"

"အေး…ရိက္ခာနဲ့ပတ်သက်ပြီး ခြိုးခြံထား"

"ဆရာ ဒီလိုလုပ်ရင် မကောင်းဘူးလား"

"မင်းက ဘာလုပ်ချင်လို့လဲ"

"စခန်းချတုန်း ရိက္ခာထွက်ရှာချင်တယ်"

"ဟာ…ထွက်မရှာပါနဲ့ဆရာ"

"ဘာဖြစ်လို့လဲ အိုက်စံ"

"တောင်ပေါ်မိုးက သိပ်ပြီးကြောက်ဖို့ကောင်းတယ်၊ ရေစီး ကြောင်းကို ခန့်မှန်းလို့မရဘူး၊ ပြီးတော့ အနိမ့်ပိုင်းမှာ စခန်းမချပါနဲ့ ကျောက်တောင်ကုန်းတွေပေါ်မှာ စခန်းချရင်ကောင်းမယ်"

"ဒါဆို အချိန်ရှိတုန်း စခန်းချဖို့ နေရာရှာကြရအောင်၊ အိုက်စံ မင်းနဲ့တောက်ထိန် နေရာရှာကြကွာ"

"ဟုတ်ကဲ့…"

တောက်ထိန်နဲ့ အိုက်စံတို့နှစ်ယောက် ထွက်သွားပြီးနောက် ကောင်းကင်ကြီးတစ်ခုလုံး အမှောင်တိတိကို ကျရောက်သွားလေ တော့သည်။

"ဝေါင်း…ဝေါင်…ဂီး…"

တောထဲမှ အသံပေါင်းစုံကိုလည်း ကြားနေရလေသည်။

သစ်ပင်များ ကျိုးကျသံလိုလို၊ တိရစ္ဆာန်များ အော်ဟစ်သံ လိုလို သဲသဲကွဲကွဲ မသိရပေ…



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ တွေ့ပြီ"

အိုက်စံနဲ့ တောက်ထိန် ပြန်ရောက်လာပြီး စခန်းချဖို့ နေရာတွေ့ခဲ့ကြောင်း ပြောတာကြောင့်…

"ဒါဆို သွားကြရအောင်"

"အားလုံးသွားကြမယ် ဟေ့"

ရဲဘော်များ အထုပ်ကိုယ်စီလွယ်ပြီး စခန်းချရမည့် နေရာဆီသို့ ထွက်လာခဲ့ကြသည်။

နေရာက ကျောက်ဂူတစ်ဂူပဲ…

"အိုက်စံ ဂူဆိုတော့ သားကောင်ကြီးတွေ ရှိတတ်တယ်နော်"

"ဒီအတွက်တော့ စိတ်မပူပါနဲ့ဆရာ ဒီဂူက မုဆိုးတွေ ခိုနားခဲ့တဲ့ဂူ၊ သားကောင်ကြီးတွေ ဘယ်တော့မှ မခိုအောင်းဘူး၊ သားကောင်ကြီးတွေကသာ စည်းကမ်းရှိတာ မုဆိုးတွေက စည်းကမ်းမရှိကြဘူး"

"ဘာလို့လဲကွ…"

"မုဆိုးတစ်ယောက်နေထိုင်ဘူးတဲ့ ဂူဆိုရင် သားကောင်ကြီးတွေက ဘယ်တော့မှ ခိုဝင်နားခြင်းမရှိပေမယ့် မုဆိုးကတော့ သားကောင်ဂူကို နားရင်လည်း နားတယ်၊ ဝင်ပစ်ချင်လည်း ပစ်တယ်"

"မင်းစကားအရဆိုရင် လူထက် တိရစ္ဆာန်က ပိုပြီးသစ္စာရှိတယ်ဆိုတဲ့ သဘောပေါ့"





"သိပ်မှန်တဲ့စကားပေါ့ဆရာ"

"ဟင်…"

ဇော်ဇော်မောင် ပထမ ကြားလိုက်ရသော အသံများကို ထပ်ပြီးကြားလိုက်တာကြောင့်…

"ဒါဘာသံတွေလည်း အိုက်စံ"

"တောကောင်တွေ တောင်မိုးရွာတော့မယ်ဆိုတာသိပြီး လွတ်ရာကို ပြေးနေကြတာ"

"တောင်မိုးက ကြောက်ဖို့ကောင်းတယ်နော်"

"သိပ်ကြောက်ဖို့ကောင်းတာဆရာ တစ်ခါတလေ တောင်ခြေနားက ရွာတချို့ဆို တောင်မိုးကြောင့် တစ်ရွာလုံး ပျောက်သွားတာတောင်ရှိတယ်"

"ဟင်…"

ဇော်ဇော်မောင် စခန်းချမည့် ကျောက်ဂူသို့ တက်နေချိန်တွင် ပတ်ဝန်းကျင်တစ်ခုလုံး မည်းမှောင်ကျသွားတော့သည်။

"တောက်ထိန် ဓာတ်မီးတွေထုတ်ပြီးထိုးထား"

"ဆရာ တောင်မိုးစပြီးရွာတော့မယ်"

အိုက်စံ စကားမဆုံးခင် အသံနက်ကြီးဖြင့် အော်မြည်သံကို စတင်ပြီးကြားလိုက်ရတော့သည်။

"အားလုံးရောက်ပြီလား တောက်ထိန်"

"ရောက်ပြီဆရာ"

"ထင်းခြောက်တွေရှာပြီး မီးမွေးကွာ"



www.burmeseclassic.com

www.burmeseclassic.com



တောက်ထိန်နှင့် ရဲဘော်တချို့ ဂူထဲရှိ ထင်းခြောက်များကို ရှာဖွေပြီး မီးလှုံနေလေသည်။ ဂူအပြင်တွင် တောင်ပြိုမိုးက သည်းထန်စွာ ရွာသွန်းနေလေပြီဖြစ်သည်။

မိုးရွာပြီး သိပ်မကြာ ချမ်းစိမ့်လာလေသည်။

"တော်သေးတာပေါ့ကွာ ဂူထဲအမြန်ရောက်လို့"

"ဆရာ..."

"ဘာလဲ တောက်ထိန်"

"ရေနွေးလေးတည်ပြီးသောက်ရင်ကောင်းမယ်နော်"

"အေး မဆိုးဘူး ကျိုကွာ"

တောက်ထိန်နှင့် ရဲဘော်တစ်ဦး ဂူအပြင်တွင်ကျနေသော မိုးရေကို ရေနွေးကျိုရန်အတွက် ထွက်ပြီးအခပ်တွင်...

"အား..."

"ဟင်..."

ဂူအပြင်မှ အော်သံကြောင့် ဇော်ဇော်မောင်ခါးကြားမှ သေနတ်ကို ထုတ်ကာ ဂူအပေါက်ဝဆီသို့ ထွက်ခဲ့သည်။

"တောက်ထိန် ဘာဖြစ်တာလဲ"

"ရဲဘော်အောင်ကြီး ဘာကောင်လဲမသိဘူး ကိုက်လို့"

"ဟင်...ဂူထဲကို အမြန်ခေါ်ခဲ့ကွာ"

"ဟုတ်ကဲ့"

"ဆေးမှုးသွားခေါ်ပြီး အမြန်ပြစမ်း"

တောက်ထိန် ဆေးမှူးကို သွားခေါ်နေစဉ် ရဲဘော်အောင်ကြီး





တစ်ကိုယ်လုံး ပြာနှမ်းလာသည်။

"အောင်ကြီး..."

"ဟား...ဟား...ဟား...ငါ့ကို ဘာကောင်မှတ်နေလဲ တောစောင့်ကြီးကွ..."

"ဟာ..."

အောင်ကြီးပါးစပ်မှ ယောင်ရမ်းပြီး အော်နေလေသဖြင့်...

"အောင်ကြီး သတိထားစမ်း ငါမင်းဆရာ ဇော်ဇော်မောင်ကွ..."

"ဘာဇော်ဇော်မောင်လဲ၊ ငါ့ကိုများ မခန့်လေးစားနဲ့ ကျားနဲ့ တိုက်သတ်ရမလား"

"ဟာ... ဒီကောင်ဘာတွေပြောနေတာလဲ"

"ဆရာ.."

တောက်ထိန်နှင့်အတူဆေးမှူးနှင့် အိုက်စံတို့ပါလာကြပြီး...

"ငါ့ဗိမာန်တော်မှာ ရာရာစစ မင်းတို့က နေရာဝင်ယူကြတယ်ပေါ့ဟုတ်လား"

"အဲ...အောင်ကြီး"

"ငါ့နား မကပ်နဲ့နော်.. အားလုံးအစိမ်းတိုက် တိုက်လိုက်မယ်"

အခြေအနေမှာ ပိုပြီးဆိုးလာတဲ့သဘောရှိနေတာကြောင့်

"ကဲကွာ.."

"ဖြောင်း.."



www.burmeseclassic.com

www.burmeseclassic.com



"အင့်.."

ရဲဘော်အောင်ကြီး ဇက်ပိုးကို ခပ်ဆတ်ဆတ်ကလေးရိုက်ချလိုက်တော့မှ ပျော့ခွေကျသွားသည်။ ဆေးမှူးက သေချာစွာစမ်းသပ်ကာ…

"ဆေးမှူး ဘာဖြစ်တာလဲ"

"အဆိပ်ရှိတဲ့သတ္တဝါတစ်ကောင် ကိုက်တာဖြစ်နိုင်တယ်"

"ဟာ…"

"မြွေဆိုးများကိုက်တာလား"

"မြွေကိုက်တာမဟုတ်ဘူးဆရာ၊ တောကြီးပင့်ကူရှပ်တာ"

"ဟေ… တောကြီးပင့်ကူဟုတ်လား"

"ဟုတ်တယ်ဆရာ.. ဒီပင့်ကူက လူတော့မသေပါဘူး ရှပ်မိတာနဲ့ တစ်ကိုယ်လုံး မီးလိုပူပြီး အဖုအပိမ့်တက်တော့တာပဲ ပြီးတော့ ကယောင်ကတမ်းတွေ အော်တော့တာပဲ…"

ဆေးမှူးက အောင်ကြီးကို ဆေးတစ်လုံးထိုးပေးလိုက်ပြီး သိပ်မကြာ အိပ်ပျော်သွားလေတော့သည်။

"ဟူး…တော်ပါသေးရဲ့ကွာ၊ အိုက်စံပါလာတာ ငါတို့အတွက်တော့ ကံကောင်းတာပဲဟေ့"

"မိုးအေးအေးနဲ့ အိုက်စံဆီက စိတ်ဝင်စားဖို့ကောင်းတဲ့ တောတွင်းအကြောင်းတွေကို နားထောင်ရတာပေါ့ ဘယ်လိုလဲ ပြောပြမလား အိုက်စံ"

"ဆရာနားထောင်ချင်ရင် ပြောပြတာပေါ့၊ ကျွန်တော်တို့





ခုရောက်နေတဲ့ တောနာမည်ကို ဆရာသိလား"

"ဟင့်အင်း…"

"မိစ္ဆာမြိုင်လို့ခေါ်တယ်"

"ဘာ…မိစ္ဆာမြိုင်ဟုတ်လား"

"ဟုတ်တယ် ဆရာ၊ ဒီတောကို မုဆိုးတွေ တော်ရုံတန်ရုံ မလာကြဘူး၊ သိပ်ပြီးကြောက်ဖို့ကောင်းတာ၊ ကျွန်တော်သာ ဆရာတို့နဲ့မတွေ့ရင် မလွယ်ဘူး"

"ဒါနဲ့ အိုက်စံက ဘယ်ကိုသွားမလို့လဲ"

"ကျွန်တော်က ကရင်မုဆိုးရွာကိုသွားပြီး ဟင်းမယ်ခြောက် သွားဝယ်မလို့"

"ဟင်းမယ်ခြောက်ဆိုတာ ဘာလဲ"

"သားကောင်အခြောက်တွေကိုပြောတာပါ"

"သြော်.. ကဲဆက်စမ်းပါဦး၊ မိစ္ဆာမြိုင်နဲ့ပတ်သက်ပြီး စိတ်ဝင်စားဖို့ကောင်းတာတွေ…"

"ဒီလိုဆရာ…မိစ္ဆာမြိုင်မှာ သေဆုံးတဲ့ မုဆိုး(၉)ဦးရှိသွားပြီ"

"(၉) ဦးတောင် ဟုတ်လား"

"မုဆိုး (၉) ဦးထဲက တစ်ယောက်တော့ လွတ်လာတယ်၊ သူ့အမည်က အိုက်လုံလို့ ခေါ်တယ်၊ တယူသန်သမားကြီး၊ သရဲတစ္ဆေ၊ နတ်ဆိုတာကို လုံးဝအယုံအကြည်မရှိဘူးဆရာ၊ သူ့ဘဝမှာ ဘုရားသခင်ကလွဲပြီး ဘာမှမရှိဘူး ဆိုတဲ့လူပေါ့၊ ဆရာသိ



www.burmeseclassic.com

www.burmeseclassic.com



တဲ့အတိုင်း ဒီနယ်တစ်ဝိုက်က ခရစ်ယာန်ဘာသာဝင်တွေများကြ ပြီး ယုံကြည်မှု သိပ်မရှိကြဘူး၊ သူတို့ယုံကြည်တာတစ်ခုပဲရှိ တယ်”

“ဘာလဲ..ဘုရားသခင်လား”

“မဟုတ်ဘူး… တောစောင့်ဘီလူးနှစ်ကောင်ပဲ၊ အဲဒါဲ ကိုးကွယ်တာ”

“ဘီလူးဆိုတာ ကိုးကွယ်ရတာမှ မဟုတ်တာ”

“ဟုတ်တယ်ဆရာ ဒီနယ်က မုဆိုးတော်တော်များများက တော့ မုဆိုး (၉)ယောက်သေပြီးနောက် ဒီဘီလူးညီနောင်ကို ကိုးကွယ်ကြတာပဲလေ”

“လုပ်စမ်းပါဦး မုဆိုး(၉)ယောက်သေတာ ဘယ်လိုသေဆုံး ရတာလဲ”

“သေပုံတွေကထူးဆန်းတယ်ဆရာ၊ ဒီမိစ္ဆာမြိုင်ထဲမှာ နှစ်ပေါင်းများစွာက ညောင်ပင်ကြီးတစ်ပင်ရှိတယ်၊ ဒီညောင်ပင် ခြေရင်းမှာ သေကြတာပဲ”

“ဒဏ်ရာက ဘယ်လိုဒဏ်ရာမျိုးတွေကို တွေ့ရလဲ”

“အင်း…မျက်နှာကုတ်ခြစ်ရာတွေနဲ့ လည်ပင်းမှာ အစွယ် အရာကြီးတွေကို တွေ့ရတယ်၊ အိုက်လုံဆိုတဲ့ မုဆိုး လွတ်လာ တဲ့ပုံကိုလည်း ကြည့်ပါဦး၊ တစ်ကိုယ်လုံးကုတ်ခြစ်ရာတွေနဲ့ အခြေ ကောင်းလို့ လွတ်လာခဲ့တာ၊ သူပြောပုံအရတော့ ဘီလူးညီနောင် ဆိုတာကိုပဲ ပြောနိုင်ပြီး အိပ်ရာထဲ လဲသွားလိုက်တာ သေတဲ့အထိ





ပဲပေါ့ဆရာ၊ ဒီကတည်းက ရွာကမုဆိုးတွေက ဘီလူးညီနောင်ကို ဒီညောင်ပင်ကြီးဆီမှာ ပူဇော်ပသတာတွေကို လုပ်တော့တာပဲ…”

“ခုလိုလုပ်တာ ကြာပြီလား”

“ကြာပြီလို့ ဆိုရမှာပေါ့ဆရာ၊ ကျွန်တော်မမွေးခင်က တည်းကဆိုတော့ ခုကျွန်တော်အသက် (၃၀)ထဲ ရောက်နေပြီလေ၊ နှစ်ပေါင်း (၅၀)လောက်တော့ရှိတော့မယ်”

“အိုက်စံ မင်းဘီလူးဆိုတာကိုယုံလား”

“လူတွေက ဘီလူးဆိုလို့သာ ဘီလူးလုပ်ရတာဗျာ ကျွန်တော် သည်း တစ်ခါမှ မမြင်ဖူးပါဘူး”

“ငါ့အထင်တော့ မုဆိုး(၉)ဦးသေရတာ သားကောင်ကြီး တစ်ကောင်ကောင်ရဲ့ လက်ချက်ကြောင့်ဖြစ်နိုင်တယ်”

“ဆရာရယ် အိုက်လုံဆိုတဲ့ကောင် နူတ်ဖျားက ဘီလူး ဆိုတာကရော”

“ဒါကတော့ အိုက်လုံ ကယောင်ကတမ်းနဲ့ ပြောသွားတာ ဖြစ်နိုင်တယ်၊ တစ်ခုတော့ရှိတာပေါ့ကွာ၊ တံငါရွာမှာ နေကြတဲ့သူ တွေက ရေနဲ့ပတ်သက်ပြီး အယူတွေရှိကြသလို၊ မုဆိုးနဲ့ ပတ် သက်ပြီး မုဆိုးတွေကတော့ တောနဲ့ပတ်သက်ပြီး အယူအဆတွေရှိ ကြမှာပေါ့၊ ဒါတွေကို မဟုတ်ဘူးလို့ သွားပြောရင်တော့ သူတို့က သက်ခံမှာမဟုတ်ဘူး၊ ဒါပေမယ့်ကွာ သိပ်ပြီးအယူသီးတာမျိုး တော့ မဖြစ်သင့်ဘူးလေ”

“ဆရာပြောတာ ဟုတ်တယ်၊ ဒါပေမယ့် ခက်နေတာက



www.burmeseclassic.com

www.burmeseclassic.com



ဒီနယ်တစ်ဝိုက်မှာ ရှိနေကြတဲ့ လူတွေကတော့ မိစ္ဆာမြင်နဲ့ပတ်သ
ပြီး ကြောက်ကြတာတော့ အမှန်ပဲ"

"ဒီထဲမှာ မင်း မပါဘူးလား အိုက်စံ"

"ဟာ…ဆရာကလည်း ပါတာပေါ့၊ ကျွန်တော်က ကို
တိုင်ကြုံခဲ့ရတာလေ"

"လုပ်စမ်းပါဦး မင်းကိုယ်တွေ့လေး"

"ကိုယ်တွေ့လေး မပြောခင် အချမ်းပြေ ရေနွေးကအေ
သောက်ပါရစေဦးဆရာ"

"အေး…သောက်ကြတာပေါ့…တောက်ထိန့်၊ အောင်
အခြေအနေဘယ်လိုလဲ"

"အဖျားတော့ကျသွားပြီဆရာ၊ အိပ်ပျော်နေတယ်"

"ကင်းတွေရော တာဝန်ခွဲထားပြီးပြီလား"

"ပြီးပါပြီဆရာ"

ရင်ထဲချမ်းစိမ့်စိမ့်ဖြစ်လာတာကြောင့် ရေနွေးပူပူလေးေ
မော့သောက်လိုက်တော့သည်။

အိုက်စံ ရေနွေးသောက်ပြီးနောက်…

"တစ်နေ့ ကျွန်တော်…ဘကြီးနဲ့မိစ္ဆာမြင်တောထဲကို အ
လိုက်ထွက်လာခဲ့တာပေါ့၊ ကျွန်တော်တို့ တောထဲ ရောက်အေ
နေတောင်ထွက်နေပြီလေ…"

"မင်းတို့က နေထွက်တာ ဘယ်အချိန်လဲကွ၊ ရှင်းအေ
ပြောစမ်းပါ"





"မနက် (၆း၀၀)နာရီလောက်ရှိမယ်၊ ကျွန်တော်နဲ့ဘကြီး
ထမတော့ တောကောင်ကြီးတွေ ပစ်မယ်ဆိုပြီးတောထဲဝင်ခဲ့တာ၊
တစ်နေရာရောက်တော့ ရုပ်ထုကြီးတစ်ခုကို တွေ့လိုက်ရတယ်"

"ဘာရုပ်ထုကြီးလဲ အိုက်စံ"

"မပြောတတ်ဘူး၊ သရဲရုပ်လိုလို မျောက်ရုပ်လိုလိုပဲ၊ လက်
တွေက ပြတ်နေတယ်၊ ဒါကို ဘကြီးက ဘာရုပ်ကြီးလည်း မသိ
ဘူး၊ ရှုပ်တယ်ဆိုပြီး တွန်းလှဲပစ်လိုက်တယ်၊ ဒီအရုပ်ကြီး တွန်းလှဲ
ပြီးဆက်ပြီးလျှောက်လာတော့ ပြောင်တစ်ကောင်ကိုတွေ့လိုက်ပြီး
လိုက်တော့ ဆရာရယ်… အံ့သြစရာကောင်းလိုက်တာ၊ တောကြီး
တစ်ခုလုံးမည်းမှောင်ကျသွားတယ်"

"ခုလို တောင်ပေါ်မိုးရွာသလိုမျိုးလား"

"သူ့ထက်ပိုပြီးဆိုးတယ်ဆရာ၊ ညကြီးကိုရောက်သွားသလို
ဖြစ်သွားတာ၊ ကျွန်တော်နဲ့ ဘကြီးလည်း ဘာဆက်လုပ်ရမှန်း
သိအောင်ဖြစ်ပြီး နောက်ကြောင်းပြန်ပြီးလှည့်တော့ လမ်းလုံးဝ
တွေ့ရဘဲ ဘကြီးတွန်းလှဲခဲ့တဲ့ လက်ပြတ်ရုပ်ထုကြီးကို မတ်မတ်
ကြီး ပြန်ထောင်နေတာတွေ့ခဲ့ရတယ်၊ ဒါနဲ့ ဘကြီးက ဒေါကန်ကန်
နဲ့ မင်းကဘာကောင်မို့လို့ ငါတို့ကို ခြောက်လား လှန့်လား လုပ်
ရတာလဲဆိုပြီး လက်ထဲက မြားနဲ့ပစ်လိုက်တယ်၊ ဒါမှ ပိုပြီး
ဆိုးတော့တာပဲ၊ လက်ပြတ်ရုပ်ကြီးက တစ်ရုပ်ကနေ နှစ်ရုပ်
သုံးရုပ်လောက်ဖြစ်ပြီး တကယ်အသက်ဝင်လာသလိုပဲဗျာ၊ ဘကြီး
လည်း မြားအိမ်ထဲက မြားတွေကုန်အောင် ပစ်တာပဲ၊ အရုပ်



www.burmeseclassic.com

www.burmeseclassic.com



လက်ပြွတ်ကြီးက ကုန်တယ်လို့ ရှိမှမရှိခဲ့ဘဲ တဖြည်းဖြည်းများ လာတော့တာပဲ၊ နောက်ဆုံး ကျွန်တော်ရော ဘကြီးပါ ဖောချွေး တွေပြန်ပြီး ခြေဦးတည့်ရာဖွတ်ပြီးပြေးရတော့တာပဲ၊ ကျွန်တော် ကတော့ ကံကောင်းထောက်မစွာ ရွာဆီကိုပြန်တဲ့လမ်းပေါ်ကို ရောက်ခဲ့ပေမယ့် ဘကြီးကတော့ သုံးရက်လောက်ကို ရှာခဲ့ရတယ်"

"ပြန်တော့တွေ့တယ်ပေါ့"

"အင်း…တွေ့ခဲ့ပါတယ်"

"ဘယ်နေရာမှာတွေ့ခဲ့တာလဲ အိုက်စံ"

"ဘကြီး တွန်းလှဲခဲ့တဲ့ ရုပ်ထုကြီးဘေးမှာလေ၊ ရွာပြန် ရောက်တော့ ဆေးမနည်းကုရတော့တာပဲဆရာ၊ တော်သေးတာ ပေါ့ အသက်မသေလို့"

"ခင်ဗျားပြောတာစိတ်ဝင်စားဖို့တော့ ကောင်းတယ်"

"ဒီထက်စိတ်ဝင်စားဖို့ကောင်းတာရှိသေးတယ်"

"ဘာလဲ အိုက်စံ"

"ဘကြီးဟာ မုဆိုးအလုပ်ကို ဘယ်တော့မှမလုပ်တော့ဘူး တစ်ခါတည်း ပြောင်းလဲသွားတယ်၊ ဘကြီးကို ဘာကြောင့်လဲ မေးတော့ သူကြောက်လန့်ပြီးတွက်ပြေးရင်း ခြေချော်လဲပြီး သတိ လစ်သွားတော့ သူ့ကို ဝိတ်ဖြူစင်ကြယ်နဲ့လူကြီးတစ်ယောက်က သူနဲ့လိုက်ခဲ့ဖို့ခေါ်တယ်၊ ဒါနဲ့ ဘကြီးကလိုက်သွားတော့ ရွာတစ် ရွာကိုရောက်ခဲ့တယ်၊ အဲဒီရွာက လူတွေက အားလုံးရုပ်ရည် သန့် သန့်ပြန့်ပြန့်နဲ့ ရှေးခေတ်ကလူတွေလို ဝတ်စားထားတာကိုတွေ့





တယ်၊ ဒါပေမယ့် တစ်ယောက်မှ စကားမပြောကြဘူးတဲ့"

"အ,အတွေနေတဲ့ရွာများလားမှ မသိတာ"

"အ,အရွာတော့မဟုတ်ဘူး၊ အဲဒီရွာကလူတွေက တစ် ယောက်နဲ့တစ်ယောက် အကြောင်းမရှိဘဲ၊ မလိုအပ်ဘဲ စကား မပြောကြဘူးတဲ့၊ သူတို့မျက်နှာတွေကိုကြည့်ရင် အေးချမ်းပြီး ဒေါသ၊ လောဘ ကင်းဝေးနေကြတယ်၊ တကယ်စိတ်ချမ်းသာဖို့ ကောင်းတဲ့ ရွာကလေးတဲ့၊ ဘကြီးကို ဝတ်ဖြူစင်ကြယ်နဲ့ သူ တော်စင်ကြီးက မင်းဒီရွာမှာနေချင်လားလို့မေးတော့ ဘကြီးက နေချင်တယ်လို့ပြောလိုက်တယ်၊ မင်းနေချင်ရင် သူများအသက်ကို သတ်တဲ့အလုပ်တွေကို စွန့်လွှတ်လိုက်ပါတဲ့၊ မနေချင်ဘူးဆိုရင် ရွာတစ်ရွာကိုလိုက်ခဲ့ဆိုပြီး ခေါ်သွားခဲ့တယ်၊ အဲဒီရွာကိုဝင်လိုက် တာနှင့် အော်သံ ဟစ်သံတွေ၊ ဆဲသံ၊ ဆိုသံတွေကို ကြားလိုက် ရတယ်၊ ရွာထဲမှာလည်း ရှိနေကြတဲ့သူတွေက တကယ်ကြောက် စရာကောင်းလောက်အောင် ရုပ်ဆိုးကြီးတွေ၊ သရဲတစ္ဆေတွေများ တောင်မှတ်ရတယ်၊ တစ်ယောက်နဲ့တစ်ယောက်က ခုတ်ကြ၊ ထစ်ကြ… ပြီး အစိမ်းတွေစားနေလိုက်တာ မြင်ရတော့ ဘကြီးဟာ အဲ့ဒီနေရာကနေ ထွက်ပြေးချင်စိတ်ပေါက်သွားတယ်လေ၊ သူတော် စင်ကြီးက ဘကြီးကို ထပ်ပြီးမေးတယ်၊ မင်း ဒီရွာမှာ နေချင်လား တဲ့၊ ဘကြီးက မနေပါရစေနဲ့လို့ ပြောတော့ အဲ့ဒီရွာမှာ နေကြ တဲ့သူတို့တွေဟာ မင်းတို့လို မုဆိုးတွေပဲတဲ့၊ ဘကြီးဟာ ရွာက လူတွေကို ကြည့်ပြီး ကြောက်လန့်ပြီး ဖောချွေးတွေတောင် ကျစေ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အေး မင်းမနေချင်ရင် မုဆိုးအလုပ်ကို စွန့်လွှတ်လိုက် ပေါ့ကွာ..ဆိုပြီး ဘကြီးနားက ပျောက်ကွယ်သွားတော့တယ်၊ ဘကြီးလည်း သတိပြန်ရပြီးကြည့်လိုက်တော့ ရွာကိုပြန်ရောက်နေခဲ့ တာပဲ...ဆရာ"

"အင်း စိတ်ဝင်စားဖို့တော့ကောင်းတယ်၊ ဒါမျိုးတွေက ဖြစ်တတ်ပါတယ်"

"ဆရာ ဒါမျိုးတွေကို ကျွန်တော်စာတွေထဲမှာဖတ်ဖူးတယ်၊ ဟုတ်ရောဟုတ်ရဲ့လားတော့ မသိဘူး"

"ပြောလို့တော့မရဘူးတောက်ထိန်၊ ပရလောကဆိုတာ ပြောရခက်တယ်၊ ဘယ်လိုဖြစ်ဖြစ် အကျွတ်တရား ရသွားတာ ကိုပဲ သာဓုခေါ်ရမှာပေါ့ကွာ"

ဂူအပြင်တွင် မိုးတွေသည်းသထက် သည်းနေလေပြီဖြစ် သည်။

"အိုက်စံ"

"ပြောပါဆရာ"

"ကရင်မုဆိုးရွာက လူတွေရဲ့ အဓိကလုပ်ကိုင်တာ မုဆိုး အလုပ် တစ်ခုတည်းလား"

"တချို့ကျတော့ တောင်ယာတွေ ဘာတွေ လုပ်ကိုင်ကြပါ တယ်၊ ဒါပေမယ့် ဆရာရယ် တောင်ယာလုပ်ကိုင်ရတာနဲ့ ဆက်ကြေးပေးရတာ မကာပါဘူး"

"ဘယ်သူ့ကို ဆက်ကြေးပေးရတာလဲ အိုက်စံ"





"လူ (၅)ယောက်လောက် သေနတ် (၃)လက်လောက်ရှိတဲ့ ကောင်တွေကလည်း ဆက်ကြေးတောင်းတာပဲ၊ အစိုးရတပ်တွေ ရှိတဲ့အခါမှာသာ ခြေငြိမ်ပြီး စစ်တပ်မရှိတော့ရင် ဒီကောင်တွေ ခြေရှုပ်ပြန်တော့တာပဲ ဆရာ"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒီအရပ်ဒေသက နယ်စပ် ဒေသတစ်ခုဖြစ်နေတော့ သူပုန်တွေအတွက် အကွက်ကျနေတာ ပေါ့ကွာ၊ ဒါနဲ့အိုက်စံ မင်းကိုမေးရဦးမယ်"

"ဆရာ ဘာမေးချင်လဲ မေးပါ"

"ဒီကရင်မုဆိုးရွာနောက်ဘက်မှာ ဘာရှိလဲ"

"မြစိမ်းမောင်နှံတောကြီးနဲ့ တောင်တန်းကြီးပဲရှိတယ်၊ ပြီး တော့ တစ်ဖက်နယ်စပ်က မှောင်ခိုသမားတွေ ကျက်စားတဲ့ ရွာ တစ်ရွာရှိတယ်"

"အေး မင်းပြောတဲ့ရွာကိုတော့ ငါကြားဖူးတယ်၊ လက်နက် မှောင်ခိုအကြီးအကျယ်လုပ်တဲ့ရွာကလေးပဲ"

"ရွာဆိုတာ အမည်ခံပါဆရာ တကယ်တော့ အဲဒီမှာ နေထိုင်သူတွေဟာ ဒုစရိုက်ကောင်တွေများပါတယ်၊ ဒီဘက် အစိုးရ ကတိုက်ရင် ဟိုဘက်ကူး ဟိုဘက်အစိုးရကတိုက်ရင် ဒီဘက်ကူး ပြီး လုပ်ချင်သလိုလုပ် ဖြစ်ချင်သလို ဖြစ်နေကြတာပါ၊ ငွေကျတော့ နှစ်ဖက်နိုင်ငံရဲ့ ငွေနှစ်မျိုးစလုံးကို သုံးကြတယ်လေ"

အိုက်စံပြောသမျှကို ဇော်ဇော်မောင်ခေါင်းညိတ်ပြီး နား ထောင်နေလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၈ )

“အပြင်မှာ မိုးတွေအရမ်းသည်းနေလား ဒေါက်တာ”

“ဟုတ်တယ် ကိုမနော”

“တောင်မိုးရွာရင် အနည်းဆုံး(၃)ရက်လောက် ရွာတတ်တယ် ဒေါက်တာ၊ ဒါနဲ့ ကျွန်တော့်မျက်စိအခြေအနေဘယ်လို ရှိလဲ..”

“သိပ်မကြာခင် ပြန်ပြီးကောင်းလာမှာပါ”

“ဒေါက်တာ…ကျွန်တော်စိတ်ချမ်းသာအောင် ပြောနေတာလား”

“မဟုတ်ရပါဘူး..ရှင့်ခေါင်းကဒဏ်ရာကြောင့် မျက်စိကို ထိခိုက်သွားတဲ့သဘောပါ..”

“ကျုပ်ဒေါက်တာကို ဒုက္ခပေးမိတာ စိတ်ထဲမှာ တကယ် မကောင်းတာပါ”





“ဘာတတ်နိုင်မလဲရှင်ရယ်.. အားလုံးဟာကံကြမ္မာစီစဉ် ညွှန်ကြားတဲ့အတိုင်းဖြစ်ခဲ့တယ်လို့ ကျွန်မ သဘောထားလိုက်ပါ တယ်..”

“ဖာသာကိုတော့ ဒေါက်တာပြန်ဖို့အတွက် အမြန်ဆုံး စီစဉ်ခိုင်းထားပါတယ်”

“ကျွန်မ မပြန်ခင် ရှင့်ဆီကတစ်ခုတော့ တောင်းဆိုချင် တယ်”

“ဒေါက်တာ..တောင်းဆိုပါ..”

“ကျွန်မ..ရှင့်ဘဝအကြောင်းကိုသိသွားချင်တယ်”

ရန့်လက်ျာစကားကို မနောချက်ချင်းမဖြေဘဲတွေတွေကြီး ငြိမ်သက်နေသည်။

“ရှင်ပြောပြဖို့ သိပ်ပြီးခက်ခဲနေရင်တော့ မပြောပါနဲ့လေ”

“ကျုပ်…ပြောပြပါ့မယ် ဒေါက်တာ…”

မနောဆိုတဲ့ကျုပ်ဟာ ချမ်းသာကြွယ်ဝတဲ့မိဘနှစ်ပါးက ပေါက်ဖွားခဲ့တဲ့လူတစ်ယောက်ပါ။ ကျုပ်အထက်မှာ အစ်မ မောဝတီဆိုတာ တစ်ယောက်ရှိတယ်၊ ဒယ်ဒီက ကားစက် ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းပိုင်ရှင်တစ်ယောက်ဖြစ်ပြီး စီးပွားရေးဘက် မှာတော့ မာမီ ဘာမှလုပ်စရာမလိုလောက်အောင် ပြည့်စုံခဲ့တယ်၊ ကျုပ် တက္ကသိုလ်မှာ အင်္ဂလိပ်စာနဲ့ ဒုတိယနှစ်တက်ပြီး အစ်မက ဘွဲ့ယူတဲ့နှစ်မှာ ဒယ်ဒီဟာ ဦးနှောက်သွေးကြောပြတ်ပြီးဆုံးပါး ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီဆုံးပါးသွားခြင်းဟာ ကျုပ်ဘဝပြောင်းလဲဖို့အတွက် ဖြစ်ခဲ့တာပဲ‥ ဒယ်ဒီလက်ထက်ထဲက ဘာမှမလုပ်တတ်တဲ့မာမီ ဟာ ဒယ်ဒီလုပ်ငန်းတွေဆက်ပြီး ဦးစီးရင်း ဦးကျော့မောင်ဆိုတဲ့ လူနဲ့ နောက်အိမ်ထောင်ပြုခဲ့ပါတယ်။

အဲဒီအချိန်မှာ ကျုပ်နဲ့အစ်မဟာ မျက်ရည်နဲ့ မျက်ခွက်ပေါ့။ မာမီဟာ ဘာမှ ဂရုမစိုက်ဘဲ ဦးကျော့မောင်ကိုလက်ထပ်ခဲ့ပြီး နောက်တော့ ကျုပ်တို့မိသားစုဘဝမှာ နေ့တိုင်းစိတ်သောကတွေနဲ့ ပဲ ကြုံနေရတော့တယ်။ ဒယ်ဒီရှိစဉ်က ပျော်ရွှင်ခြင်းတွေအားလုံး ကွယ်ပျောက်သွားခဲ့တယ်။ အဆိုးဆုံးကိစ္စကတော့ ဦးကျော့မောင် ရဲ့ လုပ်ရပ်တွေပဲ။ အိမ်မှာ အရက်ဝိုင်း၊ လောင်းကစားဝိုင်းတွေ လုပ်လာတယ်။

ကျုပ်လည်း မာမီစိတ်ဆင်းရဲမှာကြောက်လို့ဘာမှမပြောခဲ့ ဘဲ နေရာက တစ်နေ့‥

“ရှင် လွှတ်နော်‥လူယုတ်မာကြီး”

“ဟင်…”

အစ်မဖြစ်သူ မောဝတီ အခန်းထဲမှကြားလိုက်ရသောအသံ ကြောင့် မနော ကျောင်းလွယ်အိတ်ကို ပစ်ချပြီး အိမ်ပေါ်ထပ်သို့ ပြေးတက်ခဲ့သည်။

မာမီက အပြင်ကိုကိစ္စတစ်ခုနဲ့သွားနေတာကြောင့် အိမ်မှာ မရှိ‥။

မနော‥အခန်းတံခါးကိုခြေဖြင့်ကန်ဖွင့်လိုက်တော့…





“မောင်လေး‥”

“မင်း‥”

မောဝတီအခန်းထဲတွင် ဦးကျော့မောင်ကိုတွေ့လိုက်ရသည်။

“ခင်ဗျားကြီး ယုတ်မာလှချည်လား”

“လူလေးကလည်းကွာ”

“ခင်ဗျား ကျုပ်ကို လူလေးလို့မခေါ်နဲ့၊ ခင်ဗျားကြီးကို သည်းခံနေတာကြာပြီ၊ အမေ စိတ်သောကရောက်မှာစိုးလို့ ကြည့် နေတာကို ခင်ဗျားက အဟုတ်မှတ်နေတယ်”

“မင်းက ဘာလုပ်ချင်လို့လဲ‥ကဲကွာ‥”

“မောင်လေး…”

“အ…”

“မမ…”

ဦးကျော့မောင် ထိုးလိုက်သောဓားမြှောင်က မောဝတီဗိုက်ကို စိုက်ဝင်သွားသည်။

“ဒီလောက်တောင် မိုက်ရိုင်းတဲ့ကောင်ကြီး ကဲ‥”

“ဖြောင်း‥”

“အား…”

မနော‥ ဦးကျော့မောင် ရင်ညွန့်ကို ဆောင့်ကန်လိုက် သဖြင့် ဦးကျော့မောင် နောက်သို့လန်ပြီးကျသွားသည်။ စားပွဲပေါ် မှာတွေ့ရသော ပန်းအိုးနှင့်ဦးကျော့မောင် ခေါင်းကိုရိုက်ချလိုက် တော့၏။



www.burmeseclassic.com

www.burmeseclassic.com



"မောင်လေး . ."

"မမ . . ."

ဦးကျော့မောင်တစ်ယောက် ကြမ်းပြင်တွင် သွေးသံတရဲရဲဖြင့် လုံးဝသတိမရတော့ပေ။

"မောင်လေး . . မင်း . . လူသတ်လိုက်ပြီ . အား . . ကျွတ် ."

"မမ . ."

"မောင်လေး . . ပြေးတော့"

"ကျွန်တော် မပြေးဘူး"

"မမစကားကို နားထောင်ပါ . . ဦးကျော့မောင်ကိစ္စ မမရှင်းမယ်"

"မမ . . ."

"မင်း . . သွားဆိုသွားတော့"

မောဝတီ ဗိုက်မှ ဓားဒဏ်ရာကို ဖိပြီး မနော့ကိုပြေးခိုင်းနေတော့သည်။

"မမ ဘာမှမဖြစ်ဘူး၊ မင်းသာလွတ်အောင်ပြေး"

မနော . . ခရီးဆောင်အိတ်ထဲ အဝတ်အစားတွေကိုထည့်ကာ အပြင်သို့ထွက်လာစဉ် မောဝတီ သက်ဆိုင်ရာကို ဖုန်းဆက်နေလေပြီ . . .။

"မောင်လေး . . သွားတော့နော် . . ရဲတွေလာကြတော့မယ်"

အစ်မဖြစ်သူ မောဝတီကို မနော မပါ်တာတ်ရပ်ပြီး ကန်တော့ကာ အိမ်အပြင်သို့ထွက်လာခဲ့တော့သည်။





မနောတစ်ယောက် ဘယ်ဆီကိုသွားရမလဲဆိုတာမသိသေးပေ။

"ဦးစောလုံမောင် . ."

မနော ခေါင်းထဲသို့ရောက်လာသူက ဒယ်ဒီ့မိတ်ဆွေ ရှမ်းပြည်တွင်နေထိုင်သော ဦးစောလုံမောင်ပင်ဖြစ်သည်။

ဦးစောလုံမောင်က မနောနှင့်မောဝတီကို ချစ်သောသူ ဖြစ်ပြီး မနော(၁၀)တန်းကျောင်းသားဘဝတုန်းက ဒယ်ဒီနှင့်တစ်ခေါက်ရောက်ဖူးခဲ့သည်။

မနော ဆုံးဖြတ်ချက်ချလိုက်ပြီး ရှမ်းပြည်ဘက်သို့ပြေးရန် ဆုံးဖြတ်လိုက်တော့သည်။

"ကျုပ် . . . ရန်ကုန်ကစတင်ပြီးကျောခိုင်းခဲ့ရတဲ့ အကြောင်းရင်းက ဒါပါပဲ"

"ရှင် ဦးစောလုံမောင်ဆီကို ရောက်ခဲ့တယ်ပေါ့"

"မရောက်ခဲ့ပါဘူး"

"ဟင် . . ဘယ်လိုဖြစ်တာလဲ"

"ကျုပ် . . ဦးစောလုံမောင် နေထိုင်တဲ့ရှမ်းပြည်မြောက်ပိုင်းကို ထွက်လာတော့ လမ်းမှာဓားပြတိုက်ခံခဲ့ရတယ်"

"ဟင် . . . ရှင့်အဖြစ်ကလည်း မလွယ်ပါလား"

"ဒီလို ဓားပြတိုက်တော့ ဓားပြတွေဟာ ကားပေါ်မှာပါလာတဲ့ မိန်းကလေးတစ်ယောက်ကို မတရားပြုကျင့်ဖို့ အတင်းအဓမ္မခေါ်ဖို့လုပ်ကြတယ်၊ ကျုပ် စိတ်ဓာတ်ကတစ်မျိုး၊ ကိုယ့်ရှေ့မှာ မတရားလုပ်တာတွေ တွေ့ရင် နေကိုမနေတတ်ဘူး၊ ဒီ



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်အပျက်ကလည်း ကျုပ်ဘဝအတွက် ပြောင်းလဲဖို့ဖြစ်ခဲ့တဲ့ ကံကြမ္မာ စေစားမှုတစ်ခုပါပဲလေ…"

မနော စကားကို ခဏရပ်လိုက်ပြီး မိုးသဲတွေ နားစွင့်နေလေသည်။ ပြီးတော့မှ…

"ရှင်တို့ လွှတ်နော်"

"ကောင်မ အသားမနာချင်ရင် အေးအေးဆေးဆေးလိုက်ခဲ့"

"မလိုက်ဘူး…လွှတ်"

မနော ကိုယ်နှင့်မဆိုင်သလို ထိုင်နေပေမယ့် စိတ်ထဲက ခံပြင်းမှုက နှိုးဆွနေတာကြောင့်…

"ခင်ဗျားတို့ လိုချင်တာယူပြီးပြီပဲ လူကိုတော့ဒုက္ခမပေးပါနဲ့"

"ဟေ့ကောင် မင်းကဘာကောင်မို့လူစွမ်းကောင်း လုပ်ချင်တာလဲ၊ လက်မှာကိုင်ထားတာ ကစားစရာမဟုတ်ဘူးနော်၊ သေတတ်တယ်"

"ခင်ဗျားတို့လက်ထဲက ဘာတွေဖြစ်ဖြစ် ကျုပ်ဂရုမစိုက်ဘူး ဒီလိုယုတ်မာတဲ့ကိစ္စကိုတော့ သေချင်သေသွားပါစေ၊ လက်ပိုက်မကြည့်နိုင်ဘူး"

"ဘာလဲ တယ်ပြီးသတ္တိကောင်းနေပါလား၊ ကဲ·· တပည့်တို့ ဒီလောက်တောင်သေချင်တဲ့ကောင်ကို ပို့ပေးလိုက်စမ်းကွာ"

ဓားပြတစ်ကောင်က ခါးကြားမှ သေနတ်ထုတ်ပြီး ပစ်မည်အပြု…

"ဟေ့ကောင် ရပ်စမ်း မင်းသေနတ်သံကြားရင် မင်းအဘ





တွေက ရောက်လာလိမ့်မယ်၊ ဓားနဲ့ရှင်းပစ်လိုက်"

သေနတ်ကိုခါးကြားပြန်ပြီးထည့်ကာ မနောကို ဓားမြှောင်တိုနှင့် ဝင်ပြီး တိုက်ခိုက်တော့သည်။

မနော အသာတိမ်းရှောင်ပြီး မျက်နှာကို ရိုက်ချလိုက်တာကြောင့် ဓားပြမှာ မနောရှေ့တွင် စိုက်ကျသွားတော့သည်။

"ကဲကွာ ဒီလောက်တောင်ဖြစ်တဲ့ကောင်"

ဓါးပြခေါင်းဆောင်က သေနတ်နှင့် ထုတ်ပစ်မည်အပြု ခရီးသည်ထဲမှ လူတစ်ယောက် ပြေးထွက်လာပြီး ဓားပြဗိုလ်ကို ဝင်လုံးကာ ဓားပြဗိုလ်လက်ထဲမှ သေနတ်ကိုလုကာ ဓါးပြဗိုလ်အား ပြန်ပြီးချိန်ထားလိုက်သည်။

"ဟေ့လူတွေ·· တွေ့တယ်နော်၊ ခင်ဗျားတို့ဆရာ မသေစေချင်ရင် လှုပ်ရှားမယ်မကြံနဲ့၊ ဟေ့လူ··ခင်ဗျားလူတွေကို သက်နက် ချခိုင်း"

"ဟေ့ကောင်တွေ…ချလိုက်လေ··"

"ဒိုင်း··"

"အား··"

"ဟင်…"

ဓားပြခေါင်းဆောင်စကားကို နာခံခြင်းမရှိဘဲ တပည့်လုပ်သူက သေနတ်နှင့် လှမ်းပြီးပစ်မည်လုပ်သဖြင့် ဗိုလ်လုပ်သူကို ပစ်ချလိုက်တော့သည်။ ထိုပစ်ခတ်မှုအပြီး အနောက်ဘက်ဆီမှ ကား သံကြားလိုက်ရသည်နှင့် ဓားပြအားလုံး တောထဲသို့ဝင်ပြေး



www.burmeseclassic.com

www.burmeseclassic.com



ကုန်တော့သည်။

ကြားလိုက်ရသော ကားသံမှာ ကင်းလှည့်လာသော ရဲကား ဖြစ်နေလေ၏။

မနော ကားပေါ်တက်ကာ ဦးထုပ်ကို ခပ်ငိုက်ငိုက်ကလေး ပြင်ပြီး ဆောင်းထားလိုက်သည်။

"လူတွေ ဘာဖြစ်ကြသေးလဲ"

"ဘာမှ မဖြစ်ပါဘူးဆရာ"

"အေးဗျာ ကျွန်တော်တို့လည်း သေနတ်သံကြားလို့ ချက်ချင်းထွက်လာခဲ့ကြတာ တော်သေးတာပေါ့"

ကားဒရိုင်ဘာထံတွင် စစ်ချက်ယူပြီး မနောတို့ စီးလာသော ကားကို မောင်းနိုင်းလိုက်မှ မနောသက်ပြင်းချနိုင်တော့သည်။

မနောလိုက်ပါလာသော ကားလေးသည် ရှမ်းပြည်နယ် မြောက်ပိုင်း ကားဂိတ်ရောက်တော့ မှောင်စပြုနေလေပြီ။

မနော ကားပေါ်က ဆင်းလိုက်သည်နှင့်…

"ဒီမှာ…ဒီမှာ"

"ဟင်…"

မနော ဓားပြများလက်မှ လူစွမ်းကောင်းလုပ် ကူညီခဲ့သော မိန်းကလေးဖြစ်နေလေသည်။

"အစ်ကို့ကို ကျေးဇူးတင်စကားပြောချင်လို့ပါ"

"ဩော်…ရပါတယ်၊ ခရီးသွားချင်းဆိုတာ ဒီလိုပဲ ကူညီရမှာပေါ့"





"ခင်ဗျားသတ္တိကို ချီးကျူးတယ်ဗျာ"

မနောနှင့်အတူ ဓားပြများကို တိုက်ခိုက်ခဲ့သူ…

"ခင်ဗျားလည်း သတ္တိကောင်းပါတယ်"

"ခင်ဗျားကို မကြောက်မရွံ့ကြီးတော့ ရှေ့မထွက်ရဲခဲ့ဘူး၊ ကျုပ်က အလစ်ချောင်းပြီးတိုက်ခိုက်တာပဲရှိတယ်၊ ဩော်··ဒါနဲ့ ခင်ဗျားက ဘယ့်ကိုခရီးဆက်မှာလဲ"

မနော လိပ်စာကို ထုတ်ပြလိုက်တော့…

"ခင်ဗျားက ဦးစောလုံမောင်ဆီကို သွားမှာကိုး…"

"ဟုတ်ပါတယ်"

"ခင်ဗျား ဦးစောလုံမောင်သတင်းမကြားဘူးနဲ့တူတယ်"

"ဟင်… ဦးစောလုံမောင် ဘာဖြစ်လို့လဲ"

"ဆုံးသွားတာ တစ်လလောက်ရှိနေပြီ"

"ဗျာ…"

"ခင်ဗျား သူ့ဆီအလည်သွားမှာလား"

"မဟုတ်ဘူး နေဖို့ထွက်လာတာ ပြဿနာပဲ"

"ဦးစောလုံမောင် သားသမီးတွေနဲ့ရော မသိကျွမ်းဘူးလား"

"သိတော့သိတယ်၊ ရင်းနှီးကျွမ်းဝင်တော့ မရှိဘူး"

မနောအတွက် ခရီးက ဆုံးသလိုဖြစ်သွားတော့၏။

"အစ်ကို သွားဖို့ သိပ်ပြီးခက်ခဲနေလား"

"အင်း…ပြောရမယ်ဆိုရင် ဘာလုပ်ရမှန်းတောင် မသိတော့ ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"နန်း ကူညီပေးချင်တယ်"

"ဟင်…"

အမျိုးသမီးထံမှ ကြားရသောစကားကြောင့် မနော သေချာ ချာချာ ကြည့်မိလိုက်သည်။

"မင်းက ကျုပ်ကို ကူညီပေးမယ်ဆိုတာဘာကိုပြောတာလဲ"

"အစ်ကို့အတွက် နေထိုင်ဖို့ အခက်အခဲရှိနေရင် နန်း ကူညီမယ်လို့ပြောတာပါ"

မနောအတွက် ရှေ့ဆက်ရန်သာရှိပြီး နောက်ဆုတ်ဖို့ဆိုတာ မရှိတော့သည့် ဘဝကို ရောက်နေပြီမို့ နန်းဆိုသော အမျိုးသမီး တစ်ယောက်၏ ကမ်းလှမ်းမှုကို လက်ခံရသည့် အခြေအနေကို ရောက်နေသည်။

"ကျွန်တော်တို့ တစ်ခုခုစားသောက်ရင်း ပြောကြတာပေါ့"

"ကောင်းသားပဲ"

မနောတို့ စားသောက်ဆိုင်လေးတစ်ဆိုင်သို့ ဝင်လာခဲ့ကြပြီး—

"ကျွန်တော့်နာမည်က မနောပါ၊ ရန်ကုန်ကနေ အလုပ်လုပ် ဖို့ ထွက်လာတာ"

"ဩော်…ကျွန်တော်က ခမ်းလုံလို့ခေါ်တယ်၊ ဒီက နန်းသင်းမြိုင်"

"ဟုတ်ကဲ့…"

"တစ်ယောက်နဲ့တစ်ယောက် ကံကြမ္မာက ဆုံစည်းဖို့ ဖြစ်လာတော့လည်း ဆုံခဲ့ကြတယ်လို့ သဘောထားလိုက်ပါ"





"နန်းတို့က ဘာလုပ်ကိုင်ကြလဲ"

"နန်းတို့အဖေက မုဆိုးဆိုတော့ ရတဲ့သားကောင်တွေကို အခြောက်လှန်းပြီး မြို့ပေါ်တက်ရောင်းတာ အရင်ကတော့ တောမြို့ လေးမှာရောင်းတာ၊ ခုတစ်ခေါက် မန္တလေးမှာ ဈေးကောင်းတယ် ဆိုတာနဲ့ ခမ်းလုံနဲ့အတူတက်ပြီး ရောင်းခဲ့ကြတာ၊ အစ်ကိုလိုက်ပြီး နေမယ်ဆို နန်းတို့ဖိတ်ပါတယ်"

"ဟင်း…"

"ကျွန်တော့်အခြေအနေက လိုက်ဖို့ပဲရှိပါတော့တယ်၊ ရွာက ရောက်ခါနီးပြီလား"

"နန်းတို့ရွာက နယ်စပ်ထဲကို ရောက်နေတာ၊ ဝေးတာတော့ အရမ်းဝေးတယ်အစ်ကို"

"အစ်ကို နေနိုင်ပါ့မလားတော့ မသိဘူး"

"ဘယ်လောက်ဝေးဝေး လိုက်ရမှာပေါ့ဗျာ"

"ခမ်းလုံရေ ရွာအပြန်ကားကို သွားကြည့်ဦးလေ"

"ခုချိန်မှာတော့ ရွာကကားကတော့ မရှိလောက်တော့ဘူး၊ လမ်းကြုံကားနဲ့လိုက်ပြီး လမ်းလျှောက်ကြတာပေါ့"

"ငါကတော့ လမ်းလျှောက်နိုင်ပေမယ့် ညီ့သည်အစ်ကိုက လျှောက်နိုင်ပါ့မလား"

"လျှောက်နိုင်ပါတယ်"

"ဒါဆို စားသောက်ပြီး သွားကြမယ်၊ ခုချိန် နယ်စပ်ကို ကုန်ပို့တဲ့ကားကြီးတွေနဲ့ လိုက်ကြမယ်ဟော့"



www.burmeseclassic.com

www.burmeseclassic.com



စားသောက်ဆိုင်လေးမှ မနော့တို့ထွက်တော့ မိုးချုပ်စပြု နေလေပြီဖြစ်သည်။

ခမ်းလုံတစ်ယောက် ပြန်ရန်ကားရှာထွက်သွားချိန်တွင်…

"အစ်ကိုကိုကြည့်ရတာ ရန်ကုန်ကို စိတ်နာပြီး ထွက်လာသလိုပဲနော်"

"နန်းပြောတာ ဟုတ်ပါတယ်"

"ကျွန်တော်က ရန်ကုန်မြို့ကြီးကို စိတ်ကုန် စိတ်ပျက်ပြီး ထွက်လာတာ"

"မိဘတွေကရော မရှိဘူးလား"

"အမေရယ် အစ်မတစ်ယောက်တော့ရှိတယ်၊ အဖေတော့ မရှိတော့ဘူး"

"နန်းစပ်စုတာတော့ မဟုတ်ဘူးနော်၊ အစ်ကိုအိမ်နဲ့ရန်ဖြစ်ပြီး ဆင်းလာတာလား"

"အင်း…ဒီလိုပဲ ပြောရမှာပေါ့"

မနော အဖြစ်မှန်ကို ဖုံးကွယ်လိုက်လေသည်၊ မနောအတွက် မနက်ဖြန်တွေကို မုဆိုးရွာကလေးတွင် မြှုပ်နှံရတော့မည်ဖြစ်သည်။

"ဂျိန်…ဝုန်း…"

အပြင်ဆီမှ မိုးခြိမ်းသံ သစ်ပင်များ ပြိုလဲကျသံတွေကြောင့် မနောစကားကို ရပ်လိုက်သည်။

"ဒါနဲ့ပဲ ဒီမုဆိုးရွာကလေးမှာ အခြေချဖြစ်သွားတယ်ပေါ့ ဟုတ်လား…"





"ဟုတ်တယ် ဒေါက်တာ၊ ကျုပ်ရွာကလေးကိုရောက်တော့ နန်းတို့က သားအဖနှစ်ယောက်တည်းနေတော့ ကျုပ်နေဖို့ မသင့်တော်တာနဲ့ခရစ်ယာန်ကျောင်းအိုကြီးမှာ ဘုန်းတော်ကြီး အယ်လ်စောနဲ့ အတူနေခဲ့တယ်၊ သူ့ဆီက စန္ဒရားပညာကို သင်ကြားခဲ့ရတယ်၊ ကျုပ်က မနက်ဆိုရင် နန်းဖခင် ဦးသျှင်စောနဲ့ တောထဲအမဲလိုက် ညဆိုရင် ခရစ်ယာန်ကျောင်းမှာ ပြန်ပြီးအိပ်နဲ့ နေခဲ့ရင်း နန်းနဲ့ မေတ္တာမျှခဲ့ကြတယ် ဆိုရမှာပေါ့နော်၊ ဒီနောက် လူကြီးတွေကို ဖွင့်ပြောလိုက်ပြီး မုဆိုးရွာကလေးမှာ မင်္ဂလာပွဲလေး ကျင်းပခဲ့ကြတယ်၊ အဲဒီအချိန်ကာလလေးတွေက ကျုပ်ဘဝအတွက် အပျော်ဆုံး ကာလလေးတွေ ဆိုရမှာပေါ့၊ ဒါပေမယ့်ဗျာ…"

မနော ရှေ့ဆက်ပြီး ပြောမည့်စကားထဲတွင် စိတ်ထိခိုက်စရာများ ကပ်ပါလာနိုင်တာကြောင့် စကားကို ချက်ချင်းမဆက်ဘဲ ဝင့်သက်လေများကို မှုတ်ထုတ်နေသည်။

"ကျုပ်နဲ့ နန်းတို့ အိမ်ထောင်သက်တမ်း တစ်နှစ်ပြည့်တဲ့ နှစ်မှာ မြို့က ဦးစိန်ဘွားတစ်ယောက် ရွာကိုရောက်လာပြီး မြို့က စားသောက်ဆိုင်တစ်ခုမှာ စန္ဒရား အော်ဂင်တီးဖို့လူလိုနေကြောင်း ပြောလို့ ကျုပ်နဲ့နန်း မြို့ကိုရောက်လာခဲ့ကြတယ်လေ၊ ဦးစိန်ဘွားက ကျုပ်တို့ဇနီးမောင်နှံအတွက်နေရေးထိုင်ရေးတွေကို ကူညီပေးခဲ့တယ်၊ ဒီလိုနဲ့ တစ်နေ့ ကျုပ်စားသောက်ဆိုင်ကနေ အပြန်အိမ်ရောက်တော့ ဦးစိန်ဘွားနဲ့ လူနှစ်ယောက် ရောက်နေတာကို တွေ့လိုက်ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မောင်မနော ထိုင်ကွာ…"

"အန်ကယ် ကိစ္စရှိလို့လား"

"အေး ကိစ္စတစ်ခုရှိလို့လာခဲ့တာ၊ ဪ…မိတ်ဆက်ပေး ဦးမယ်၊ သူက ဦးမဏ္ဍိုင်··ဒီဘက်က ဦးအောင်ပြည့်"

"ဟုတ်ကဲ့ ကျွန်တော် မနောပါ"

"အန်ကယ်တို့လာရင်းကိစ္စကတော့ မနောကို အကူအညီ တစ်ခုတောင်းချင်လို့ပါ"

"ကျွန်တော် ဘာကူညီရမှာလဲ"

"ခရီးတစ်ခုကို သွားခိုင်းမလို့"

"ဟုတ်ကဲ့…ရပါတယ်··"

မနောတို့ဇနီးမောင်နှံအပေါ်မှာ ကျေးဇူးရှိနေတာကြောင့် ဦးစိန်ဘွား ခိုင်းစေမှုကို မငြင်းလိုပါ၊ ဇနီးနန်းမှာကတော့ ကိုယ်ဝ အရင့်အမာကြီးနဲ့ ဖြစ်နေတာကြောင့် သွားရမှာကတော့ စိတ် ဖြောင့်…

"ဒါဆို အန်ကယ်တို့ ခရီးသွားဖို့အတွက် စီစဉ်လိုက်မယ်"

"ဟုတ်ကဲ့…"

ဦးစိန်ဘွား၊ ဦးမဏ္ဍိုင်နှင့် ဦးအောင်ပြည့်တို့ ထွက်သွားပြီး ချိန်တွင်…

"အစ်ကို…"

"ဘာလဲ နန်း…"

"နန်းမွေးရက်က အရမ်းနီးနေပြီနော်"





"အစ်ကိုသိတယ်၊ ဦးစိန်ဘွားက အကူအညီတောင်းတော့ လည်း မသွားပေးလို့မကောင်းဘူး"

"နန်း အစ်ကို့ကို ပြောစရာရှိတယ်"

"ဘာလဲ နန်း··"

"ဟို·· ဦးစိန်ဘွား နန်းတို့အိမ်မှာလာပြီးထားတဲ့အိတ်ကို နန်း မသက်ာတာနဲ့ဖောက်ကြည့်တာ အိတ်တွေထဲမှာ××××"

"ဟင်…"

"ဒါနဲ့ နန်းလည်း မသိချင်ယောင်ဆောင်နေခဲ့တာ"

"နန်းသိတာကို ဦးစိန်ဘွားသိလား"

"ဟင့်အင်း·· သိမယ်မထင်ဘူး"

"ဦးစိန်ဘွား မသိဘူးဆိုရင်လည်း ထားလိုက်ပါ၊ သူ့စီးပွား ရေးပဲလေ"

"သူတို့အစ်ကို့ကို ခိုင်းတာကို နန်းစိတ်ပူနေတယ်"

"အန္တရာယ်ဖြစ်စေမယ်ဆိုရင်တော့ အစ်ကိုလည်းရှောင် မှာပါ"

"အစ်ကို··"

"ဘာလဲ နန်း"

"နန်းတို့ဘဝထဲမှာ သားသားလေးလား၊ မီးမီးလေးလား တော့မသိဘူး၊ ရောက်တော့မယ်နော်"

"အင်းလေ…"

"အစ်ကိုက သားသားလေးလား၊ မီးမီးလေးလား"



www.burmeseclassic.com

www.burmeseclassic.com



"နန်းမွေးတဲ့ရင်သွေးဟာ အစ်ကိုတို့နှစ်ယောက်ရဲ့ဘဝလေးပါ..နန်းရယ်..."

မနော ရင်ခွင်ထဲသို့ နန်းတိုးဝင်ပြီး ခေါင်းလေးမှေးနေလိုက်တော့သည်။

ဦးစိန်ဘွားခိုင်းစေမှုကို မနောလက်မခံချင်ပေမယ့် ကျေးဇူးတရားဆိုသော အသိကလေးနှင့် လုပ်ကိုင်ပေးရမည်ဖြစ်သည်။

"ဟေး...နန်းနဲ့ မနော"

"ဟာ...ခမ်းလုံ"

မနောတို့ အိမ်ပေါ်သို့ ခမ်းလုံတက်လာပြီး...

"ငါတို့ဆီ အလည်လာတာလား"

"ဟုတ်တယ် အလည်လည်းလာရင်း အမဲခြောက်တွေလည်း တက်ရောင်းရင်းပေါ့ကွာ"

"မင်းရောက်လာတာနဲ့ အတော်ပဲကွာ"

"ဘာဖြစ်လို့လည်း မနော"

"ငါခရီးသွားရမှာကွ နန်းနဲ့စောင့်ပေးဖို့ အဖော်မရှိဘူးဖြစ်နေတာ မင်းရောက်လာတော့ အဆင်ပြေသွားတာပေါ့"

"မင်းက ဘယ်ကိုသွားမှာလဲ မနော"

"ဦးစိန်ဘွားက ကိစ္စလေးတစ်ခုခိုင်းလို့ပါ"

"မနော မင်းကိုငါသတိပေးချင်တယ်"

"ဘာလဲခမ်းလုံ"

"ဦးစိန်ဘွားဟာ ဘိန်းဖြူဆရာကြီးတစ်ယောက်နော်၊ သူနဲ့





ပတ်သက်ပြီး မင်းဘာမှ မလုပ်ကိုင်ပါနဲ့ကွာ"

"ငါမလုပ်ပါဘူး ခုဟာက အကူအညီတောင်းလို့ပါ"

"အေးလေ...မင်းတို့ပေါ်မှာက ကျေးဇူးရှိနေတော့ ကူညီလိုက်ပေါ့ကွာ၊ ကိုယ့်အတွက် အန္တရာယ်ဖြစ်စေမယ့်ကိစ္စတော့ရှောင်ပေါ့"

"စိတ်ချ..."

"နန်းအတွက် မင်းစိတ်ချပြီးသွား ငါမင်းပြန်လာမှ ရွာကိုပြန်မယ်"

"ကျေးဇူးတင်ပါတယ် ခမ်းလုံရာ"

"မနော ဒီစကားတော့မပြောပါနဲ့ကွာ မင်းနဲ့ငါတို့ကြားမှာ ကျေးဇူးတင်စရာမလိုပါဘူး စိတ်ချပြီးသာသွား"

မနော ခမ်းလုံရောက်လာတာကြောင့် နန်းအတွက် စိတ်ပူပန်မှုလေး လျော့သွားလေတော့သည်။

မနက်မိုးလင်းသည်နှင့်...

"မောင်မနော..."

မနော အိမ်ရှေ့တွင် ကားရပ်သံကြောင့် ထွက်ကြည့်လိုက်တော့ ဦးစိန်ဘွားကားတစ်စီးနှင့် ရောက်လာလေသည်။

"ခရီးသွားဖို့ အဆင်သင့်ဖြစ်ပြီလား မောင်မနော"

"ပြီးပါပြီ ဦးစိန်ဘွား၊ ကျွန်တော်က ဘယ်ကိုသွားရမှာလဲ၊ သွားရမည့်ကိစ္စကဘာလဲ"

"အေးအေးဆေးဆေးပေါ့ကွာ သွားရမှာက နယ်စပ်က



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေတစ်ဦးဆီကို ဟောဒီပစ္စည်းလေး ပို့ပေးရမှာပါ”

ဦးစိန်ဘွားလက်ထဲက ကတ္တီပါအိတ်အနီလေးကို လှမ်းယူပြီးနောက်…

“ကားကို ယူသွားရမှာလား”

“အေး…ယူသွား”

“အစ်ကို…”

“နှန်း…”

နှန်းက အိမ်ပေါ်မှဆင်းလာပြီး မနော့ဘေးတွင် ရပ်လိုက်သလို ခမ်းလုံ့ပါဆင်းလာလေသည်။

“ခမ်းလုံ…ငါစိတ်ချမယ်နော်”

“စိတ်ချပါ မနော့ရာ…”

မနော…နှန်းလက်ကလေးကို ဆုပ်ကိုင်လိုက်ပြီး ကားပေါ်တက်ကာ မောင်းထွက်လာတော့သည်။

မနော့စိတ်ထဲတွင် ဦးစိန်ဘွားပေးလိုက်သော ကတ္တီပါအိတ်အနီလေးကို မသင်္ကာတာကြောင့် ကားကိုထိုးရပ်ပြီး ဖွင့်ကြည့်လိုက်သည်။

“ဟင်…”

ကတ္တီပါအိတ်အနီထဲတွင် စိန်ရိုင်းတုံးကလေးများကို တွေ့လိုက်ရသည်။

“ဟင်…”

မနော စိန်ကလေးများဖြစ်တာကြောင့် စိတ်သက်သာပြီး





ကားကို ဆက်ပြီးမောင်းလာခဲ့တော့သည်။ မနော့စိတ်ထဲမှာတော့ လေးလံနေတာ အမှန်ပင်…

မနော မောင်းလာသောကားမှာ မြို့အစွန်အထွက် လုံခြုံရေးဂိတ်အရောက်တွင် ကားကို ရပ်ပေးလိုက်တော့…

“ကျွန်တော်တို့ကို ရှာခွင့်ပြုပါ”

“ဟုတ်ကဲ့ ရှာနိုင်ပါတယ်”

လုံခြုံရေးတာဝန်ရှိသူများ ကားကိုရှာဖွေမှုများ ပြုလုပ်နေစဉ် မနော ဦးစိန်ဘွားပေးလိုက်သော စိန်ထုပ်ကလေးကို အိတ်ကပ်ထဲတွင် ထည့်ပြီး ကားပေါ်မှ ဆင်းပေးလိုက်လေသည်။

“ဆရာတွေ့ပြီ”

ရဲဘော်တစ်ဦးရဲ့အသံကြောင့် မနော့လှမ်းပြီး ကြည့်လိုက်တော့ ကားနောက်ဘက် အဖုံးထဲမှ ဘိန်းဖြူထုပ်တွေကို ကိုင်လျက်တွေ့လိုက်ရပါသည်။

“ရဲဘော် လက်ထိတ်ခတ်လိုက်ပါ”

“ဗျာ…”

မနော့သဘောပေါက်လိုက်ပြီ ဦးစိန်ဘွား..မနော့ကို ဘိန်းဖြူနှင့် လုပ်ကြံလိုက်လေပြီ…

ဦးစိန်ဘွား ဘာကြောင့်သူ့ကိုလုပ်ကြံတာလဲ ဆိုတာကို မတွေးတတ်အောင်ဖြစ်သွားလေ၏။

မနော့စိတ်ထဲတွင် ပူပန်လိုက်သောကိစ္စမှာ အိမ်တွင်ကျန်ရစ်ခဲ့သော ဇနီးနှန်းအတွက်ပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

"မင်းဘာလုပ်မလို့လဲ စိန်ဘွား"

ဦးမဏ္ဍိုင် အမေးကို ဦးစိန်ဘွားကခပ်ပြုံးပြုံးလေးကြည့်ပြီး---

"ဘာလုပ်ရမလဲ မဏ္ဍိုင်ရာ အပြတ်ရှင်းရမှာပေါ့"

"စိန်ဘွား ကြည့်လုပ်ဦး.. ဟိုမှာက ကိုယ်ဝန်အရင့်အဓ ကြီးနဲ့"

ဦးအောင်ပြည့်က ဝင်ပြောတာကြောင့်...

"အဲဒါကြောင့် ရှင်းလို့လွယ်တာပေါ့ကွ"

"မင်းအစီအစဉ်ပြောပါဦး"

"နန်းက ဒီရက်အတွင်း မွေးတော့မှာလေ၊ လက်သည်ကို ငွေပေးပြီး အပြတ်စီစဉ်နိုင်းလိုက်ရင် ဘာမှ ရိပ်မိစရာမရှိတော့ ဘူးပေါ့ကွ ဟား...ဟား..."

"မင်းတို့ကိစ္စက မလွယ်ဘူးနော်"

"အောင်ပြည့် ငါတို့ကဒီလိုမလုပ်ရင် ငါတို့သုံးယောက်လုံး ထောင်ထဲရောက်မှာ၊ ငါတို့ဘာလုပ်တယ်ဆိုတာကို ဒီကောင်မ





အကုန်သိသွားပြီကွ"

"ဟုတ်ရဲ့လား စိန်ဘွားရာ..."

"ငါက မဟုတ်ဘဲပြောမလားကွ၊ ငါတို့ပစ္စည်းတွေထားတဲ့ အိတ်တွေကို ဒီကောင်မ ဖွင့်ကြည့်ပြီး သိသွားပြီကွ၊ ပြီးတော့ ငါတို့သုံးယောက် လူသတ်တဲ့ကိစ္စကိုလည်း ဒင်း သိပြီးသွားပြီ"

"ဘာ..."

"ဟာ..."

ဦးစိန်ဘွား၊ ဦးမဏ္ဍိုင်၊ ဦးအောင်ပြည့်တို့သုံးယောက် အမျိုးသမီးတစ်ယောက်ကို နှုတ်ပိတ်သတ်ဖြတ်ခဲ့သောနေ့က နန်းတစ်ယောက် ဦးစိန်ဘွားအိမ်ကို အမဲခြောက်များ သွားပို့ခဲ့ရင်း တွေ့ခဲ့ခြင်းဖြစ်သည်။

နန်းအိမ်ထဲကို ဝင်တာကို ဦးစိန်ဘွားတို့ မသိပေမယ့် အိမ်ထဲမဝင်ဘဲ ပြန်ထွက်သွားတာကို ဦးစိန်ဘွားတပည့် တစ်ယောက် မြင်လိုက်တာကြောင့် နန်းတစ်ယောက်သိသွားပြီလို့ယူဆခဲ့ခြင်း ပင်ဖြစ်သည်။

"ကဲ... ငါပြောတာ ဘယ်လိုလဲ မဏ္ဍိုင်"

"ကိုယ့်ကို ဒုက္ခဖြစ်စေမယ့် အကြောင်းရှိမှတော့ အပြတ်ရှင်းရတော့ မှာပေါ့ကွာ"

"တစ်ခုတော့ရှိတယ်"

"ဘာလဲ မဏ္ဍိုင်"

"ဒီကောင်မဗေးမှာ ခမ်းလုံဆိုတဲ့ကောင် ရှိနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှိလည်း ရှိပေါ့ ဒီကိစ္စက မီးတွင်းမှာ အပြတ်ရှင်းရမှာ ဆိုတော့ ဒီကောင်ဘာမှ ဝင်ရှုပ်လို့ မရနိုင်ဘူး"

"စိန်ဘွား မင်းစီစဉ်တဲ့ကိစ္စဆိုတော့ပိပိရိရိတော့ရှိပါစေနော်…"

"စိတ်ချ ငါ့အပိုင်းဘက်ကတော့ ဘာမှမပူနဲ့ အောင်ပြည့်"

ဦးစိန်ဘွား၊ ဦးမဏ္ဍိုင်နှင့် ဦးအောင်ပြည့်တို့ ပြောနေသော စကားများကို ကြားလိုက်သူက ခမ်းလုံ… ဦးစိန်ဘွား ကားနဲ့အတူ မနောအဖမ်းခံခဲ့ရတဲ့ကိစ္စကို သတင်းကြားကြားချင်း ဦးစိန်ဘွား အိမ်ကို အလာတွင် ခုလိုကြားလိုက်ရခြင်းဖြစ်သည်။

"ဟိုကောင် ကိစ္စကရော…"

"မနောကိစ္စလား…"

"ဟုတ်တယ်…"

"ဒီကောင် သူ့စရိတ်နဲ့သူ သွားပြီလေ"

"မင်းပေးလိုက်တဲ့ စိန်တွေက ဆုံးရှုံးတာပေါ့"

"ဟား…ဟား…ဟား… စိန်တွေက အတုတွေကွ"

ဦးစိန်ဘွား အားပါးတရ ရယ်မောလိုက်လေတော့သည်။

ခမ်းလုံဦးစိန်ဘွားတို့ စကားသံကို ကြားလိုက်သည်နှင့် အိမ်ရှေ့မှတင် ပြန်ထွက်ခဲ့တော့သည်။

"ဟေ့ကောင် ဘယ်သူလဲ"

"ဟာ…ခမ်းလုံ"

"ဒီကောင် ငါတို့ပြောတာတွေ ကြားသွားပြီထင်တယ်"

"စိန်ဘွား…"





"ဘာလဲ မဏ္ဍိုင်…"

"အပြတ်ရှင်းဖို့လုပ်တော့"

ဦးစိန်ဘွား၊ ဦးမဏ္ဍိုင်နှင့် ဦးအောင်ပြည့်တို့ (၃)ယောက် သေနတ်ကိုယ်စီကိုင်ကာ ခမ်းလုံ နောက်ကိုလိုက်ကြတော့သည်။

"ဒုန်း…ဒုန်း…ဒုန်း…"

"ဟင်…ခမ်းလုံ နင်ဘာဖြစ်လာတာလဲ"

"နှမ်း ဘာဖြစ်တာလဲဆိုတာ မမေးနဲ့တော့ ငါနဲ့လိုက်ခဲ့ လမ်းကျမှ ငါရှင်းပြမယ်"

"ခမ်းလုံ…"

နှမ်းလက်ကိုဆွဲပြီး ခမ်းလုံ အိမ်ထဲမှ ပြေးထွက်ခဲ့စဉ်ဝယ်…

"ဟင်…"

"ဟာ…"

ကားတစ်စီး ထိုးရပ်လာပြီးနောက် ကားပေါ်မှ ဦးစိန်ဘွား၊ ဦးမဏ္ဍိုင်နှင့် ဦးအောင်ပြည့်တို့ သုံးယောက်ဆင်းလာပြီး…

"ပြေးလို့လွတ်မှာလား ခမ်းလုံ"

"ခင်ဗျားတို့ မယုတ်မာကြနဲ့နော်…"

"ငါတို့က မယုတ်မာချင်ပါဘူး၊ အကြောင်းတွေက ယုတ်မာဖို့ ဖြစ်လာတာကို စိတ်မကောင်းပါဘူး"

"ခင်ဗျားတို့ ကျုပ်ကိုသတ်ချင်သတ်၊ နှမ်းကိုတော့ မသတ်ပါနဲ့ဗျာ၊ သူမှာ ကိုယ်ဝန်က နေ့စေ့ လစေ့ကြီးနဲ့"

"မဏ္ဍိုင် ကြာတယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



“ဒိုင်း…”

“အား…”

“နန်း….”

သေနတ်သံများ အဆက်မပြတ်ထွက်ပေါ်လာပြီး သွေးအိုင်ထဲတွင် ခမ်းလုံရော နန်းပါ အသက်ဝိညာဉ် ပျောက်ကွယ်ခဲ့လေပြီ

“တော်တော်ယုတ်မာကြတာပဲ၊ ရှင်က ဒီအကြောင်းတွေကို ဘယ်လိုလုပ်သိခဲ့တာလဲ”

“ထောင်ထဲကို အမှုတစ်ခုနဲ့ ရောက်လာတဲ့ ဦးမဏ္ဍိုင်ရဲ့ တပည့်တစ်ယောက်က သူ့ဆရာရဲ့ လုပ်ရပ်ကို မြင်ပြီးပြောပြခဲ့တာလေ၊ ဒေါက်တာ ကျုပ်ရင်ထဲကို ခဏလောက် ဝင်ကြည့်စေချင်ပါတယ်၊ ဒီလောက်မတရားခံခဲ့ရတဲ့ ကျုပ် နာကြည်းချက်ကို ဘယ်လိုလုပ်ပြီး ဖြေသိမ့်ရမလဲ ဒေါက်တာ၊ လူ့လောကကြီးထဲကို မရောက်သေးတဲ့ ကလေးငယ်ကိုတောင် ရက်စက်ခဲ့တဲ့ ဒင်းတို့သုံးယောက်ကို ကျုပ်ပြန်မသတ်ရသရွေ့ ကတော့ ကျေကို မကျေနိုင်ဘူးဗျာ”

ရန့်လက်ျာ မနောကိုကြည့်ပြီး ထပ်တူခံစားမိလိုက်တော့သည်။

မနောနေရာမှာ သူဆိုလျှင်လည်း လက်စားချေမိမှာအမှန်…



## အခန်း ( ၁၁ )

သုံးရက်မြောက်နေ့တွင် မိုးတိတ်သွားပြီဖြစ်သည်။ ဖော်ဖော်မောင်တို့ တပ်ဖွဲ့ မုဆိုးရွာကလေးဆီသို့ ခရီးနှင်ခဲ့ချိန်တွင်လမ်း၌ မြင်တွေ့ရသော မြင်ကွင်းတွေက စိတ်မချမ်းမြေ့စရာပင်…

အကျိုးအပဲ့သားကောင်များ သစ်ပင်များနှင့် တချို့နေရာများမှာ လူသေအလောင်းများကိုတောင် တွေ့နေရလေသည်။

“ကြောက်ဖို့ကောင်းတဲ့ တောင်ပေါ်မိုးပဲ…”

“ဟုတ်တယ်ဆရာ ဒါတောင် (သုံး)ရက်လောက်နဲ့ ရပ်သွားလို့ (၅) ရက် (၇) ရက်မိုးဆိုရင် ဒီထက်ဆိုးဝါးတာတွေကို မြင်ရမှာ…”

“ဆရာ…”

“တောက်ထိန်…”

“လူသတ်သမားကို ကျွန်တော်တို့ ညဘက်မှာ ဝင်ဖမ်းရင်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမယ်…"

"ဒီတစ်ခါ အိုက်စံကိုပဲ အားကိုးရမှာကွ… အိုက်စံ"

"ပြောပါဆရာ"

"ရွာကို ရောက်ရင် မင်းရွာထဲအရင်ဝင်ပြီး သတင်းစုံစမ်းပေးပါလား"

"စိတ်ချ… ဒီရွာမှာကျွန်တော့်မိတ်ဆွေတွေရှိတယ်၊ ဆရာဘာမှမပူနဲ့"

"ငါတို့က ရွာထိပ်တစ်နေရာက မင်းသတင်းကို စောင့်နေမယ်"

"ဟုတ်ကဲ့…"

ဇော်ဇော်မောင် အစီအစဉ်များကို ပြောပြီး ခရီးဆက်လာရာ…

"ဟာ…"

ဇော်ဇော်မောင်တို့ သွားရမည့်လမ်းမှ တံတားကြီးဟာ အပိုင်းပိုင်း ကျိုးပဲ့နေတာကို တွေ့လိုက်ကြရသည်။

ချောင်းငယ်မှာ သိပ်ပြီးမကျယ်လှပေမယ့် ရေစီးသံမှာ ထိတ်လန့်စရာပင်…

"ဆရာ ဘယ်လိုလုပ်မလဲ"

ဇော်ဇော်မောင် အနီးပတ်ဝန်းကျင်ကို ရှာဖွေကြည့်တော့ ဝါးပင်ကြီးများကို တွေ့လိုက်ရသဖြင့်…

"တောက်ထိန် ရဲဘော်တွေနဲ့ ဝါးပင်တွေကိုခုတ်ကွာ"





တောက်ထိန်ဦးဆောင်ပြီး ရဲဘော်များနှင့် ဝါးပင်များကို ခုတ်ကာ ချောင်းတစ်ဖက်ဆီကို ကူးဖြတ်နိုင်အောင် ပြင်ဆင်ကြရသည်။

ရှေ့ပြေးရဲဘော်တစ်ဦးကို ချောင်းတစ်ဖက်သို့ စတင်ပြီး ကူးခိုင်းလိုက်သည်။

ထို့နောက် တစ်ယောက်ပြီးတစ်ယောက် ကူးဖြတ်ခဲ့ကြပြီး ချောင်းတစ်ဖက်ကမ်းဆီသို့ ရောက်ခဲ့ကြသည်။

"ဟူး…မလွယ်ပါလားဟော့၊ ဒီလူသတ်သမားနောက်လိုက်ရတာ တကယ့်စွန့်စားခန်းကြီးတွေကို လုပ်နေရသလိုပဲ"

"တောက်ထိန် ဘယ်လိုလဲ၊ သွေးပျက်နေပြီလား"

"မပျက်ပါဘူးဆရာ၊ အတွေ့အကြုံတောင် ရသေးတာပဲ"

"ကဲ…မိုးမချုပ်ခင် ရွာထိပ်ကို ရောက်အောင်သွားကြမယ်ဟေ့"

ဇော်ဇော်မောင် အသံပြုပြီး ခရီးဆက်ပြီး ထွက်လာခဲ့တော့သည်။

"အစ်ကိုတို့ ဘဝတွေက အရမ်းပင်ပန်းတယ်နော်"

"ဒီလိုပါပဲ ခင်ရိပ်နှောင်းရယ်၊ မင်းခယောက်ျားဆိုတာ ခုလိုဘဝမျိုးတွေကို ရင်ဆိုင်တွေ့နေရမှာပဲလေ"

"ကျွန်မအတွက် အစ်ကိုတို့မှာ အလုပ်တစ်ခုပိုနေရသလိုပဲနော်.."

"ဒီလိုသဘောမထားပါဘူး ခင်ရိပ်နှောင်း…"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခါတစ်ခါ လူ့ဘဝကြီးဟာ အဓိပ္ပာယ်မရှိသလိုပဲ နော်.."

ခင်ရိပ်နှောင်းထံမှ ခံစားချက်ပါသော စကားကိုကြားလိုက်ရတာကြောင့် ဇော်ဇော်မောင် လှည့်ကြည့်မိလိုက်သည်။

"ခင်ရိပ်နှောင်းမှာ မိသားစုရှိသေးလား"

"မရှိဘူးလည်း ပြောလို့ရတယ်၊ ရှိတယ်လို့လည်း ပြောလို့ရတယ်"

"ခင်ရိပ်နှောင်း စကားကို ဘယ်လိုနားလည်ပေးရမှာလဲ"

"ဒီလိုပါ အစ်ကို၊ ကျွန်မကို မွေးဖွားခဲ့တဲ့ အမေ၊ အမေဟာ ကျွန်မ (၅)နှစ်သမီးအရွယ်မှာ ဆုံးပါးသွားကြတယ်၊ အမေရဲ့အစ်ကို ဘကြီးတစ်ယောက်က မွေးစားခဲ့တယ်၊ ကျွန်မအိမ်ထောင်ပြုမယ့်နှစ်မှာ ဘကြီးက ဆုံးပါးသွားပြန်တယ်လေ"

"သြော်…ခင်ရိပ်နှောင်းက အိမ်ထောင်သည်တစ်ယောက်ပေါ့"

"အိမ်ထောင်သည်ဆိုတာ အမည်ခံပါ"

"ဘယ်လိုအမည်ခံလဲ..ခင်ရိပ်နှောင်း"

"ကျွန်မကို လူကြီးတွေက စိုင်းနောင်နောင်ဆိုတဲ့ လူတစ်ယောက်နဲ့ မင်္ဂလာဆောင်တဲ့နေ့မှာ ရွာကို သူပုန်တွေရောက်လာပြီး ရွာကို မီးရှို့၊ လူသတ်တာတွေလုပ်ခဲ့တယ်၊ အဲဒီမှာ စိုင်းနောင်နောင်ဟာ သူပုန်တွေရဲ့လက်ချက်နဲ့သေခဲ့ရတယ်၊ မင်္ဂလာဆောင်တဲ့နေ့မှာပဲ မုဆိုးမဘဝရောက်ခဲ့ရတယ်အစ်ကို…"





"စိတ်မကောင်းစရာပဲ ခင်ရိပ်နှောင်း…"

"ယောက္ခမတွေကလည်း သူတို့သားမရှိပေမယ့် သမီးတစ်ယောက်လိုသဘောထားပြီး သူတို့အိမ်မှာခေါ်ထားတယ်"

"ခင်ရိပ်နှောင်းတို့ ရွာတွေအတွက် ခုလိုမျိုး စိုးရိမ်စရာတွေ အမြဲရှိနေတာပဲလေ.."

"ကျွဲရိုင်း..ကျွဲရိုင်း.."

"ဟင်.."

"အစ်ကို…"

"အင့်…"

အမှတ်မထင် ပြေးဝင်လာသော ကျွဲရိုင်းတစ်ကောင်ကြောင့် ဇော်ဇော်မောင် ဘာလုပ်ရမှန်းမသိဖြစ်နေချိန်မှာ ခင်ရိပ်နှောင်း ဇော်ဇော်မောင်ကိုဘေးသို့တွန်းလိုက်သဖြင့် ခင်ရိပ်နှောင်းကို ကျွဲရိုင်းခတ်သလိုဖြစ်သွားပြီး ဘေးသို့ လွင့်စင်သွားသည်။

"ပစ်…"

"ဒိုင်း…ဒိုင်း…ဒိုင်း…"

သေနတ်သံ(၃)ချက်လောက် ဆက်တိုက်ထွက်သွားပြီး ကျွဲရိုင်းကြီးလဲကျသွားသည်။

"ခင်ရိပ်နှောင်း…"

"အား..ကျွတ်ကျွတ်…"

"မင်း ဘာဖြစ်သွားသေးလဲ"

"ခြေထောက်..အရမ်းနာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"တောက်ထိန်…"

"ဆရာ.."

"ဆရာဇော်လတ်ကိုခေါ်စမ်းကွာ"

တောက်ထိန်…ဆေးမှူးဆရာဇော်လတ်ကိုခေါ်လာပြီး

"ဆရာဇော်လတ်…ကြည့်ပါဦး"

ဆေးမှူးဇော်လတ်..ခင်ရိပ်နှောင်း ခြေထောက်ကို စမ်းသပ်လိုက်ပြီး…

"ဆရာဇော်ဇော်မောင်.."

"ပြော..ဆရာဇော်လတ်.."

"ခြေထောက် ကျိုးသွားတယ်ထင်တယ်"

"ဟင်…ဘယ်လိုလုပ်ကြမလဲ"

"အရေးပေါ် ဝါးလုံးနဲ့စည်းပြီးတွဲခေါ်ရမှာပဲ ဆရာဇော်ဇော်မောင်…"

"ဒါဆို လုပ်ကြကွာ"

ခင်ရိပ်နှောင်းအတွက် ဝါးခြမ်းများခွဲပြီး ခြေထောက်ကို ကြပ်စည်းလိုက်ပြီး ရဲဘော်တစ်ယောက်နှင့် ဇော်ဇော်မောင် တွဲပေမယ့် ခင်ရိပ်နှောင်းခြေထောက်မှာ လုံးဝထောက်လို့မရဖြစ်နေတာကြောင့်…

"ဆရာ.."

"တောက်ထိန်.. ဘယ်လိုလုပ်ရင်ကောင်းမလဲ"

"ပုခက်ထမ်းစင်လုပ်ပြီး ထမ်းသွားမှ အဆင်ပြေမယ်





ဆရာ"

"ဒါဖြင့်လည်း လုပ်ကွာ၊ ငါ့ကြောင့်ဖြစ်တာဆိုတော့ ငါ့မှာတာဝန်ရှိတယ်လေ"

"ဟုတ်ကဲ့ဆရာ"

တောက်ထိန်.. ပုခက်စင်လုပ်ပြီး ခင်ရိပ်နှောင်းကို ရဲဘော်နှစ်ယောက်ကို ထမ်းစေပြီး ခရီးဆက်ပြီးထွက်လာခဲ့တော့သည်။

"အစ်ကို…"

"ဘာများလဲ ခင်ရိပ်နှောင်း"

"ကျွန်မ ကျေးဇူးတင်ပါတယ်၊ ပြီးတော့ အရမ်းအားနာတယ်"

"ကျေးဇူးတင်ရမှာက ကျွန်တော်ပါ၊ ကျွန်တော့်အသက်ကို ခင်ရိပ်နှောင်းကကယ်လိုက်တာလေ.."

"ကျွန်မဘဝကိုလည်း အစ်ကိုတို့က ကယ်ခဲ့တာပဲ၊ ကျွန်မ ကျေနပ်ပါတယ်"

"ဆရာ..ဟိုမှာမြင်နေရတဲ့ရွာပဲ"

ရွာထိပ်တွင် ခရစ်ယာန်ဘုရားကျောင်းအိုကြီးကို လှမ်းပြီး တွေ့နေရသည်။

"တောက်ထိန်… ရွာနားမှာ ကင်းပုန်းဝပ်မယ်၊ အားလုံးကိုအသင့်နေရာယူထားနိုင်း"

"ဟုတ်ကဲ့…"

"အိုက်စံ…"



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါဆရာ.."

"မင်းရွာထဲကိုဝင်ပြီး သတင်းစုံစမ်းပါ..ဒီရွာကို အမျိုးသားတစ်ယောက်နဲ့ အမျိုးသမီးတစ်ယောက် ရောက်မရောက်နဲ့ သူတို့တည်းတဲ့နေရာကို စုံစမ်းခဲ့.."

"ဟုတ်ကဲ့.. ဒါဆို ကျွန်တော်သွားမယ်"

"အိုက်စံ..ပိရိစွာ စုံစမ်းပါ"

"စိတ်ချပါ ဆရာ.."

အိုက်စံ ရွာဘက်သို့ထွက်သွားသည်နှင့်...

"ခင်ရိပ်နှောင်း..အရမ်းနာနေလား"

"မနာပါဘူးအစ်ကို"

ဇော်ဇော်မောင်...ခင်ရိပ်နှောင်းကို စိုက်ကြည့်ပြီး စိတ်မကောင်းဖြစ်မိသည်။

ခင်ရိပ်နှောင်းတစ်ယောက် ဒုက္ခပေါ် ဒုက္ခဆင့်နေပြီ မဟုတ်လား...။



## အခန်း ( ၁၂ )

"ဖာသာ...ဖာသာ"

ဘုရားကျောင်းထဲသို့ပြေးဝင်လာသော အိုက်ထော အော်သံကြောင့် ဘုန်းတော်ကြီးအယ်(လ်)စောထွက်လာပြီး..

"ဘာဖြစ်လာတာလဲ အိုက်ထော.."

"ဟို..ဟို..ရွာထိပ်မှာ ရဲတွေကိုတွေ့ခဲ့လို့"

"ဟင်..."

"ဟာ..."

အိုက်ထောထံမှကြားရသော စကားကြောင့် ရန့်လက်ျာနှင့်မနော အံ့ဩသွားသည်။

"လူလေး.."

"ဖာသာ..."

"ရဲတွေ လူလေးနောက်ကိုလိုက်လာတာလား"

"ဟုတ်တယ် ဖာသာ"

"အိုက်ထော"

"ဖာသာ"

"မင်း အခြေအနေကိုသွားကြည့်ပြီး ငါ့ဆီကိုချက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကြား..”

“ဟုတ်ကဲ့”

“ဒါဆို ခုသွားပြီးအခြေအနေကြည့်တော့”

“ဒေါက်တာ..”

“ကိုမနော”

“ဒေါက်တာ ပြန်ပြီးလိုက်သွားပါ”

“ရှင်ကရော..”

“ကျုပ်ကတော့ အဖမ်းမခံနိုင်ဘူး၊ ကျုပ်မှာပေးဆပ်ရဦးမယ့်တာဝန်တွေရှိသေးတယ်..”

“ရှင့်မှာမျက်လုံးကကောင်းမှမကောင်းသေးတာ”

“ကျုပ်အတွက် ဒေါက်တာမပူပါနဲ့၊ သူတို့နဲ့ဒေါက်တာ ပြန်ပြီးလိုက်သွားပါတော့..ဖာသာ”

“လူလေး...ပြော..”

“ကျုပ်အတွက် ထွက်ပြေးနိုင်အောင်လုပ်ပေးပါ”

“ကောင်းပြီလူလေး..အိုက်ထောလာရင်ဖာသာကူညီ ပေးမယ်”

ဒေါက်တာရန့်လက်ဗျာ..မနောကို ကရုဏာသက်စွာကြည့်နေလေမိ၏။

ထားရစ်ခဲ့ရမှာကို ရင်ထဲမကောင်းလှပေ..ဒါပေမယ့်..

ဒေါက်တာရန့်လက်ဗျာအနေဖြင့် မနောအတွက် ဆက်ပြီးခရီးဆုံးအောင်မလိုက်နိုင်တော့ပေ၊ နှစ်ယောက်ဘဝက ခြားနားခြင်း ကမ်းတစ်ဖက်ဆီမှာ ရောက်နေကြပြီဖြစ်တာကြောင့် ဥပေက္ခာ





ပြုရတော့မည်။

“ဒေါက်တာ..”

“ကိုမနော..”

“ကျုပ်ကို လွတ်မြောက်အောင် ကူညီပေးခဲ့တာကို ကျေးဇူးတင်ပါတယ်၊ ဒေါက်တာနဲ့ကျုပ် ဆုံစည်းခဲ့တာကို အမြဲအမှတ်ရနေမှာပါလေ”

“ကျွန်မလည်း..ရှင့်လိုပဲ အမှတ်ရနေမှာပါ”

“ကျုပ်ပေါ်မှာ ခွင့်လွှတ်နိုင်ပါစေ ဒေါက်တာ”

“ရှင်ဟာ ကျွန်မပေါ်မှာ အပြစ်တွေကျူးလွန်ခဲ့တာမရှိဘူးလို့ ကျွန်မမှတ်ယူထားပါတယ် ကိုမနော..”

“အေးဗျာ..ဆုံစည်းခြင်းဆိုတာ ခွဲခွာခြင်းအတွက် ဖြစ်ပေါ်ခဲ့တာပဲလေ၊ ဆုံကြသူတွေဟာ တစ်နေ့ခွဲခွာကြရတာပဲ၊ ဘုရားသခင်ရဲ့ မေတ္တာတရားနဲ့ သနားမှုအောက်မှာ ကံဆိုတာရှိခဲ့ရင် တစ်နေ့ပြန်ဆုံကြရမှာပါ”

“ကျွန်မလည်း ပြန်လည်ဆုံစည်းဖို့ ဆုတောင်းနေမှာပါ”

“ဆုတောင်းပြည့်နိုင်ပါစေ..”

“ဖာသာ..ဖာ...”

အိုက်ထော ဘုရားကျောင်းထဲသို့ ပြန်ဝင်လာသည်။

“အခြေအနေဘယ်လိုလဲ”

“ရွာဘက်ကိုလူတစ်ယောက်လာနေတယ်”

“ဒီကောင်သတင်းပို့ပြီးထောက်လှမ်းတာဖြစ်မယ်၊ အိုက်ထော”



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ ဖာသာ.."

"မင်း..မနောနဲ့လိုက်သွားဖို့ ပြင်ဆင်ထားတော့.."

"ဟုတ်ကဲ့..."

"လူလေး ဘုရားကျောင်းအနောက်ဘက်လှိုဏ်ခါးက ထွက်တော့..."

"ဖာသာ.."

"လူလေး ဘာပြောချင်လဲပြော..."

"ကျုပ်ဇနီးနဲ့ ခမ်းလုံအတွက် တာဝန်ကျေပြီးရင်ကျေနပ်ပါပြီ"

"ဘုရားသခင်က မှန်သောသစ္စာတရားကို စောင့်ရှောက်မှာပါ၊'သွားတော့လူလေး"

"ဒေါက်တာ နှုတ်ဆက်ခဲ့ပါတယ်.."

"ကိုမနော.."

ဒေါက်တာရဲ့လက်ျာ နှုတ်ဖျားထက်မှ စကားသံများဆက်ပြီး ထွက်မလာပေမယ့် မျက်ဝန်းတွင်ကြေကွဲရိပ်တို့ရောက်ရှိနေလေပြီ။

ဒေါက်တာရဲ့လက်ျာ.. မနောကိုထားရစ်ခဲ့ပြီး ပြန်ရမှာကို စိတ်ထဲတွင် လေးလံနေသလိုခံစားရသည်။

"ဒိုင်း..ဒိုင်း..ဒိုင်း.."

"ဟင်..."

အပြင်ဘက်ဆီမှ သေနတ်သံတွေကိုကြားလိုက်ရပြီးထွက်ကြည့်တော့...

"ဘာဖြစ်တာလဲ အိုက်ထော"





"သူပုန်အဖွဲ့တွေနဲ့ ရဲတပ်ဖွဲ့ဝင်တွေ တိုက်ပွဲဖြစ်နေတာ ဖာသာ.."

"လူလေး... ဒါဟာ လူလေးထွက်ပြေးနိုင်တဲ့အခွင့်အရေး ပဲ.. သွားကြတော့"

"ဟုတ်ကဲ့.."

"ကိုမနော.."

"ဒေါက်တာ..."

"ကျွန်မပါ ရှင်နဲ့အတူလိုက်ခဲ့မယ်"

"ဗျာ.."

ဒေါက်တာရဲ့လက်ျာစကားသည် မယုံနိုင်ဖွယ်ကောင်း နေလေ၏။

"ဒေါက်တာ.."

"ရှင် ဘာမှမပြောနဲ့ သွားကြမယ်၊ အိုက်ထော..ရှင်ရှေ့ ကနေ လမ်းပြ၊ ကျွန်မတို့နောက်ကနေလိုက်ခဲ့မယ်"

"ဟုတ်ကဲ့.."

"ဒေါက်တာ့ဆုံးဖြတ်ချက်ဟာ နောင်တရစရာ ဖြစ်မယ်နော်"

"ကျွန်မဟာ ဆုံးဖြတ်ချက်ချပြီးရင် နောင်တမရတတ်ဘူး၊ ရှင် မျက်လုံးပြန်ကောင်းမှ ကျွန်မ ရှင့်နားကနေထွက်ခွာမယ်၊ ရှင့်ကို ကျွန်မ ဒီပုံစံအတိုင်းမထားခဲ့နိုင်ဘူး"

"ဟူး..."

မနော...ဒေါက်တာရဲ့လက်ျာအတွက် သက်ပြင်းချ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဘုရားကျောင်းရဲ့လျှို့ဝှက်လမ်းမှထွက်လာခဲ့ကြသည်။

"ဒီလမ်းကြီးက ဂျပန်ခေတ်မှာဖောက်ထားတာ၊ မဟာမိတ်တွေ ဂျပန်ကို တိုက်ခိုက်တုန်းကဒီလျှို့ဝှက်လမ်းကို အသုံးပြုပြီး တပ်ဆုတ်ခဲ့ကြတာလေ"

"ဩော်..."

အိုက်ထောမှ လျှို့ဝှက်လမ်းကြီးနဲ့ပတ်သက်ပြီး ရှင်းလင်းပြလေသည်။

"ဒီလမ်းဆုံးသွားရင် ဘယ်ကိုရောက်မလဲ အိုက်ထော"

"တောင်ခြေရွာကလေးတစ်ရွာကိုရောက်မယ် ဒေါက်တာ"

"ဒီလျှို့ဝှက်လမ်းကနေ တော်တော်သွားရမလား"

"အင်း..ကိုမနောကိုတွဲပြီး သွားနေရတာဆိုတော့ လမ်းမှာ တစ်ညလောက်တော့ အိပ်ရမယ်.."

"တစ်ညအိပ်တာက အရေးမကြီးဘူး၊ ရိက္ခာအတွက် ဘယ်လိုလုပ်မလဲ"

"ဒီအတွက် ဘာမှမပူနဲ့ဒေါက်တာ၊ ကျွန်တော်အားလုံး ထည့်လာခဲ့တယ်"

ဒေါက်တာရန့်လက်ျာ.. သူ့ဆုံးဖြတ်ချက်ကို မှားသည်၊ မှန်သည်ကို ထပ်ပြီးမစဉ်းစားတော့ပါ၊ မနောအတွက် ရန့်လက်ျာ ပေးဆပ်မှုတစ်ခုကို လုပ်ဆောင်မိတယ်လို့ သဘောထားလိုက်တော့သည်။



## အခန်း ( ၁၃ )

တိုက်ပွဲက အဆုံးသတ်သွားခဲ့လေပြီဖြစ်၏။

"တောက်ထိန်..အခြေအနေတင်ပြ..."

"ကျွန်တော်တို့ဘက်က အသေအပျောက်တော့မရှိဘူးဆရာ၊ ဒဏ်ရာသုံးယောက်ရထားတယ်၊ ရန်သူဘက်က အသေ(၃)ယောက်၊ အရှင်(၂)ယောက်ကိုတော့ ဖမ်းမိထားတယ်"

"ကောင်းပြီ..ဌာနချုပ်ကို သတင်းပို့ပြီး ဒဏ်ရာရသူတွေအတွက်နောက်တန်းကို ပြန်ပြီး သယ်နိုင်အောင် စီစဉ်၊လောလောဆယ် ဒဏ်ရာရသူတွေအတွက် နေရာတစ်ခုကို အရေးပေါ်စီစဉ်"

"နေရာအတွက်ကတော့အရင်ယာန်ဘုရားကျောင်းပဲရှိတယ် ဆရာ"

"ဒါဆို ဘုရားကျောင်းကို သွားကြမယ်.."

"ဟုတ်ကဲ့.."

ဇော်ဇော်မောင်တို့ ရဲတပ်ဖွဲ့ဝင်များ ဘုရားကျောင်းဆီသို့ ဦးတည်ပြီးထွက်လာခဲ့စဉ်..အိုက်စံပြန်ရောက်လာပြီး...

"ဘာသတင်းရလဲ"

"ဆရာ..လူသတ်သမားနဲ့အမျိုးသမီး ဘုရားကျောင်းထဲမှာ ရှိနေကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်.."

"ဆရာ.."

"တောက်ထိန်..ဘုရားကျောင်းကို ရဲဘော်တွေပိတ်ဆို့ပြီး ဝိုင်းထားနိုင်းလိုက်..."

"ဟုတ်ကဲ့..."

ဇော်ဇော်မောင်နှင့် ရဲတပ်ဖွဲ့ဝင်များဘုရားကျောင်းကို ပိတ်ဆို့ပြီး ဝိုင်းထားလိုက်သည်နှင့် ဘုန်းတော်ကြီးအယ်(လ်)စော ထွက်လာပြီး

"ဆရာတို့ ဘာကိစ္စများလဲ"

"ကျွန်တော်တို့ ဘုရားကျောင်းထဲက လူသတ်သမားနဲ့ မိန်းကလေးကို လိုချင်ပါတယ်"

"စိတ်မကောင်းပါဘူးကွယ်"

"ဘာဖြစ်လို့လဲ ဖာသာ"

"သူတို့နှစ်ယောက် တိုက်ပွဲဖြစ်နေချိန်က ဘုရားကျောင်းကနေ ထွက်သွားကြပြီ.."

"ဟင်..."

"ဆရာတို့ မယုံကြည်ဘူးဆိုရင် အထဲကိုဝင်ပြီးရှာပါ"

"ခုလိုခွင့်ပြုတာကို ကျေးဇူးတင်ပါတယ် ဖာသာ... တောက်ထိန် ဝင်ကြရအောင်.."

"ဟုတ်ကဲ့..."

ဇော်ဇော်မောင်နှင့် တပ်ဖွဲ့ဝင်များ ဘုရားကျောင်း နေရာအနှံ့ကို ဝင်ပြီးရှာဖွေလေသည်။





"ဆရာ..မရှိတော့ဘူး"

"ဖာသာ.."

"ပြောပါကွယ်"

"ကျွန်တော်တို့တပ်ဖွဲ့ကို ဒီမှာ ယာယီစခန်းချခွင့်ပြုပါ"

"စိတ်ချမ်းသာစွာနေနိုင်ပါတယ်ဆရာ၊ ကဲ...ဝင်ကြပါ"

"တောက်ထိန်..ဒဏ်ရာရသူတွေကို သယ်ခဲ့တော့"

"ဟုတ်ကဲ့..."

ဘုရားကျောင်းထဲတွင်ဒဏ်ရာရသူများနှင့် ခင်ရိပ်နှောင်းတို့အတွက် စီစဉ်ပေးပြီး ဇော်ဇော်မောင်အပြင်သို့ထွက်လာစဉ်

"ဆရာ..ဇော်ဇော်မောင်.."

"ဘာလဲ ဆရာအောင်လှိုင်"

"ဆက်သွယ်ရေးက သတင်းပို့တယ်၊ သိပ်မကြာခင် ရဲမှူးကြီးနဲ့အဖွဲ့ ရောက်လာမယ်တဲ့၊ သူတို့ရောက်လာမှ ဆက်ပြီး ဆောင်ရွက်ရမယ့်ကိစ္စကို ညွှန်ကြားမယ်တဲ့"

"ကောင်းပြီ..ဆရာအောင်လှိုင်"

"အမိန့်ရှိပါ"

"လုံခြုံရေးကို အထူးဂရုပြုပါ၊ ဒီကောင်တွေ နောက် တစ်ကြိမ်ပြန်ပြီး မတိုက်ဘူးလို့ ပြောလို့မရဘူး"

"ဟုတ်ကဲ့.."

"ရိက္ခာအခြေအနေရော ကောင်းသေးလား"

"မကောင်းတော့ဘူးဆရာ၊ ကျွန်တော်တို့တွက်ချက်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



ရက်ထက် ကျော်နေပြီဆိုတော့ ရိက္ခာပြတ်သလောက်ဖြစ်နေပြီ"

"ဒါဆို ဆရာအောင်လှိုင်နဲ့ရဲဘော်နှစ်ယောက် ရွာထဲမှာ ရိက္ခာထွက်ပြီး ဝယ်ပါ၊ ပြီးရင် လူသတ်သမားသတင်းပါနားစွင့်ခဲ့"

"ဟုတ်ကဲ့"

ဇော်ဇော်မောင်··စီစဉ်ညွှန်ကြားမှုများကိုပြုလုပ်ပြီး ဘုန်းတော်ကြီး အယ်(လ်)စောရှိရာသို့ လျှောက်လာခဲ့သည်။

"ခုလို ကျွန်တော်တို့အပေါ် မေတ္တာထားကာ ကျေးဇူးတင်ပါတယ်"

"ဘုရားသခင်ရဲ့မေတ္တာတော်ကြောင့် လူသားအားလုံး ငြိမ်းချမ်းစွာနေထိုင်စေချင်ပါတယ်၊ ရန်တွေ အငြိုးတရားတွေ ပျောက်စေချင်ပါပြီ"

"ဖာသာကို တစ်ခုမေးချင်တယ်"

"ဆရာ ဘာကို မေးချင်တာလဲ"

"လူသတ်သမားမနော့ဟာ ဒီရွာနဲ့ပတ်သက်သူတစ်ယောက် မဟုတ်လား"

"ဆရာပြောတဲ့စကား မှန်ပါတယ်၊ လူလေးမနော့ဟာ ဒီရွာသားမဟုတ်ပေမယ့် ဒီရွာသူတစ်ယောက်နဲ့အိမ်ထောင်ကျပြီး ရွာခံလူလိုဖြစ်နေတာပါ"

"သူဘာကြောင့် လူသတ်ရသလဲဆိုတာ ဖာသာသိနိုင်မလား"

"သိပါတယ်·· မနော့ဘာကြောင့် ခုလို လူသတ်ရသလဲ ဆိုတာ ဒီလိုကြောင့် ×××× ×××××× ×××× ××××××××





××××××××× ××××××× ××××× ××××××× ×××××××"

ဘုန်းတော်ကြီး အယ်(လ်)စောကအကြောင်းစုံကိုပြောပြလိုက်သည်။

"အင်း···မနော့ဘက်က ခံစားကြည့်ရင် တုံ့ပြန်သင့်ပါတယ်၊ ဒါပေမယ့် တရားဥပဒေဘက်ကကြည့်ရင် လက်စားချေခြင်းကို ခွင့်မပြုသလို ရာဇဝတ်သားတစ်ယောက်ကို ဥပဒေဘောင်ထဲကို မရောက်ရောက်အောင် ခေါ်ယူရမှာပဲလေ··"

"လူတွေရဲ့ လောဘ၊ မောဟ၊ ဒေါသတွေက ဘုရားသခင်ရဲ့မေတ္တာတော်ကို ချိုးဖောက်နေပြီလေ"

"မနော့ဆက်ပြီး လူသတ်ဦးမှာပေါ့··"

"သူ့ရဲ့အသက်ရှင်ခြင်းဟာ ကျန်နေတဲ့လူနှစ်ယောက်ကို သတ်ဖို့ပဲလေ"

"ဒေါက်တာမလေးကို မနော့ခေါ်သွားတာလား"

"မဟုတ်ဘူး··· ဒေါက်တာမလေးက လိုက်သွားတာ"

"ဗျာ···"

ကြားလိုက်ရသောစကားသည် မယုံနိုင်အောင်ပင်။

"မနော့ မျက်လုံးနှစ်ဖက်က ကွယ်နေပြီလေ"

"ဟင်···"

ဇော်ဇော်မောင်···ရန့်လက်ျာကို ဘယ်လိုနားလည်ရမှန်း မသိအောင်ဖြစ်သွားလေသည်။ ရန့်လက်ျာမှာ ဘာရည်ရွယ်ချက်နှင့် မနော့နောက်ကို လိုက်ခဲ့ရတာလဲ၊ မနော့နဲ့ ရန့်လက်ျာ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လိုဆက်နွှယ်နေပြီလဲ ဆိုတာကို မတွေးတတ်အောင် ဖြစ်သွား လေသည်။

ဘုရားကျောင်းအပြင်ဘက်မှ ရဟတ်ယာဉ်တစ်စီးအသံ ကြားလိုက်ရပြီး…ဇော်ဇော်မောင် ကျောင်းအပြင်သို့ ထွက် လာခဲ့လေသည်။ စစ်ရဟတ်ယာဉ်ပေါ်မှ ရဲမှူးကြီး ဆင်းလာ သည်နှင့် အရိုအသေပေးပြီး ဆီးကြိုလိုက်သည်။

"ဆရာဇော်ဇော်မောင်တို့လည်း ပင်ပန်းနေကြပြီနဲ့တူ တယ်"

"မပင်ပန်းပါဘူး ရဲမှူးကြီး"

"ဆရာဇော်ဇော်မောင်"

"အမိန့်ရှိပါ ရဲမှူးကြီး"

"တာဝန်အတိုင်းဆက်ပြီး လုပ်ပါ၊ ပြီးရင် တာဝန်တစ်ခု ကိုလည်း ဆက်ပြီး ဆောင်ရွက်ရမယ်၊ ဆောင်ရွက်ရမည့်တာဝန်က နယ်စပ်ရွာကလေး တစ်ရွာမှာ လက်နက်နဲ့ ဘိန်းဖြူကို မှောင်ခို လုပ်ကိုင်နေတဲ့ ဦးစိန်ဘွားကို ဖမ်းမိနိုင်အောင် လုပ်ဆောင်ပါ၊ လုပ်ဆောင်ရ မယ့် အချက်အလက်တွေကို ဟောဒီစာရွက်ထဲမှာ ညွှန်ကြားချက်တွေရှိတယ်"

"ဟုတ်ကဲ့…"

"ဒဏ်ရာရသူတွေကို ပြန်ခေါ်သွားမယ်၊ လက်နက် တပ်ဖွဲ့အင်အားကို ထပ်ပြီးဖြည့်ပေးခဲ့မယ်၊ တာဝန်ကျေနိုင်ပါစေ"

"ပေးအပ်တဲ့တာဝန် ကျေစေရပါမယ်"





"လေးစားပါတယ်…"

"လေးစားပါတယ်ရဲမှူးကြီး"

စစ်ရဟတ်ယာဉ်ပေါ်သို့ ဒဏ်ရာရသူတွေကို တင်နေစဉ် ဇော်ဇော်မောင် ခင်ရိပ်နှောင်းနားသို့ လျှောက်သွားရင်း…

"အစ်ကို…"

"ခင်ရိပ်နှောင်း ဘာမှ အားမငယ်နဲ့နော်၊ အစ်ကို တာဝန်ပြီး ဆုံးတာနဲ့ မင်းနားကို လာခဲ့မယ်"

"ဟုတ်ကဲ့ အစ်ကို့အတွက် ကျွန်မဆုတောင်းပေးနေမှာပါ၊ အစ်ကိုတစ်ယောက် ဘေးရန်ကင်းဝေးပြီး ပြန်လာနိုင်ပါစေ"

"မင်းပေးတဲ့ဆု ပြည့်စေရပါမယ်"

ခင်ရိပ်နှောင်း လက်ဖဝါးလေးကို ဆုပ်ကိုင်လိုက်ပြီး အား ပေးအပြုံးကလေး ပြုံးပြလိုက်တော့သည်။

စစ်ရဟတ်ယာဉ်ကြီး ပြန်ပြီးထွက်ခွာသွားပြီးနောက်…

"တောက်ထိန်"

"အမိန့်ရှိပါဆရာ"

"ရဲဘော်တွေကို ခရီးဆက်ထွက်ဖို့ အသင့်ပြင်ခိုင်းထားပါ၊ အခုလုပ်မည့်စစ်ဆင်ရေးဟာ လူသတ်သမားဖမ်းဖို့ တစ်ခုတည်း မဟုတ်တော့ဘူးနော်"

"ဟုတ်ကဲ့ပါဆရာ"

ဇော်ဇော်မောင် ရင်ထဲတွင် ဝေဒနာတစ်ခုကပ်တွယ်နေလေပြီ။ ထိုဝေဒနာကတော့ ဒေါက်တာရန်နိုင်လက်ဗွေအတွက်ပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၄ )

ဒေါက်တာရန်နှင့်လက်ျာတို့ သွားနေရသော လှိုဏ်ဂူလမ်းသည် ကျောက်တောင် ကျောက်တုံးများ ပေါလှသော လမ်းဖြစ်တာ ကြောင့် သွားရသည်မှာ ခက်ခက်ခဲခဲရှိလှ၏။

“ဒေါက်တာ ပင်ပန်းနေပြီလား”

“မပင်ပန်းပါဘူး၊ ကိုယ်မရောက်ဖူးတဲ့ နေရာလည်းဖြ စွန့်စွန့်စားစားသွားနေရလို့ စိတ်ထဲမှာ ပျော်သလိုတောင် ဖြစ်နေ ပါပြီ”

“ဒေါက်တာရယ် ဒီနေရာဟာ ပျော်စရာမကောင်းပါဘူး”

“ကျွန်မ အတွက်တော့ ပျော်စရာကောင်းပါတယ်”

“ဒေါက်တာ သမီးလေးကို လွမ်းနေမှာပေါ့”

“မလွမ်းဘဲနေပါ့မလားရှင်ရယ်.. ဒါပေမယ့်လေ.. သမီး လေးအတွက် ကျွန်မမှာ နောက်ဆံတင်းစရာမရှိပါဘူး၊ သမီးလေး ကို စောင့်ရှောက်ကြမယ့်သူတွေက အများကြီးရှိနေတာပဲ”

“ဒါဆို ဆရာမက ကျုပ်ကိုနောက်ဆံတင်းတယ်ပေါ့”





“ပွင့်ပွင့်လင်းလင်းပြောရရင် ဟုတ်တယ်၊ ကျွန်မကြောင့် ရှင် မျက်စိထိခိုက်သလို ဖြစ်ခဲ့ရတာဆိုတော့ ဒီအပေါ်မှာ ကျွန်မ တာဝန်မဲ့စွာနဲ့ထွက်မသွားချင်ဘူး၊ ရှင်မျက်စိကောင်းတဲ့အထိတော့ ကျွန်မ ရှင့်ဘေးမှာ နေချင်တယ်”

“ဒေါက်တာရယ်...ဒီလောက်ကြီးမလိုအပ်ပါဘူး”

“လူတစ်ယောက်အတွက် ကိုယ့်ကြောင့်ဖြစ်စေတဲ့ ထိခိုက် မှုအပေါ်မှာ ဘယ်လိုမဲ့ မသိကျိုးကျွန် ဟန်ဆောင်ပြီးနေနေ စိတ် ကသန့်မှာမဟုတ်ဘူးလေ၊ ကျွန်မဘဝမှာ စွန်းထင်းစေမည့် အရိပ် တွေကို မသယ်ဆောင်ချင်ဘူး ကိုမနော”

“ဒေါက်တာကို တစ်ခုမေးချင်တယ်...”

“မေးပါ...”

“ဒေါက်တာအမျိုးသားကို အိမ်မှာလည်းမတွေ့ဘူး ဘယ် သွားနေလဲ”

“သမီးလေးက မပြောပြဘူးလား”

“ပြောပြပါတယ်၊ ဆုံးသွားပြီတဲ့”

“ဆုံးသွားပြီဆိုတော့လည်း ဆုံးသွားပြီလို့ မှတ်လိုက်တော့ ပေါ့”

“ကျုပ်ကမထင်ဘူး...”

“ရှင်...”

“ဒေါက်တာ ပုံသဏ္ဌာန်ဟာ အိမ်ထောင်ကျဘူးတဲ့ မိန်းမ တစ်ယောက်နဲ့ လုံးဝမတူဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ရှင်က အပျိုစင်တစ်ယောက်လို့ မြင်ထားလို့လား"

"ဟုတ်တယ် ဒေါက်တာ"

"ရှင်မဆိုးပါဘူး လူကဲခတ်တော်တယ်၊ ကျွန်မမှာ အိမ်ထောင်မရှိပါဘူး"

"ဒါဆို သမီးလေးက"

"ကျွန်မ မွေးစားထားတာပါ၊ သူ့မိဘတွေကို ယနေ့တိုင် စုံစမ်းတာ ဘာသတင်းမှ မရဘူးလေ၊ သမီးလေးကလည်း ကျွန်မကို သူ့အမေအရင်းလို့ပဲ ထင်နေတာ၊ သူ့အဖေကို မေးတဲ့အခါ ဆုံးသွားပြီလို့ပဲ ပြောထားတာ"

"ဪ..."

"ကိုမနော..."

"ဘာလဲ အိုက်ထော"

"ရှေ့မှာဖထီးတဲကိုရောက်ပြီ၊ အဲဒီမှာ ညအိပ်မှာလား"

"အချိန်က ဘယ်လောက်ရှိပြီလဲ"

"နေဝင်တော့မယ် ကိုမနော"

"ငါတို့ ခရီးဆက်လို့ မရနိုင်တော့ဘူလား"

"ဆက်ပြီးသွားမယ်ဆိုရင် တောထဲမှာ မိုးချုပ်သွားလိမ့်မယ်"

"ဒါဆိုလည်း နားကြတာပေါ့၊ဒေါက်တာလည်းပင်ပန်းနေပြီပဲ"

ရန့်လက်ျာ မနောကိုတွဲခေါ်ပြီး မုဆိုးကြီးဖထီးတဲဆီသို့ ရောက်လာခဲ့ကြသည်။

"ဖထီးရေ...ဖထီး..."





"ဝေ...ဘယ်သူလဲ"

"ကျွန်တော်...အိုက်ထောပါ"

"ဝေး... အိုက်ထော ဝင်ခဲ့ကွာ"

တဲထဲမှ ဖထီးက ဝင်ခဲ့လို့ပြောတာကြောင့် သုံးယောက်သားအထဲသို့ဝင်လိုက်လေတော့သည်။

တဲထဲသို့ရောက်သည်နှင့်...

"ဝေ...ဧည့်သည်တွေပါလား"

"ဟုတ်တယ်...ဖထီး"

ဒေါက်တာရန့်လက်ျာက မနောကို အိမ်ပေါ်တွဲပြီး တက်လိုက်သည်။

"ဟေ... မျက်လုံးမမြင်တဲ့ကောင်ပါလား၊ ဘယ်လိုဖြစ်တာလဲ အိုက်ထော"

"ပြောရမှာတော့ အရှည်ကြီးပဲဖထီး၊ ဒီညဒီမှာတည်းချင်လို့"

"ရတယ် တစ်ညမကဘူး တစ်သက်လုံးနေလည်းရတယ်"

"ကျေးဇူးတင်ပါတယ် ဖထီး"

"ဝေ...ဒီကောင်ကိုငါမြင်ဘူးသလိုပဲ၊ ဟုတ်ပြီ မင်း..နန်းယောကျ်ားမဟုတ်လား"

"ဟုတ်ပါတယ် ဖထီး"

"ဒါနဲ့မင်း ဘိန်းဖြူရောင်းဝယ်မှုနဲ့ထောင်ကျသွားတယ်ဆို"

"ပြန်ပြီးလွတ်လာတာပါ"

"ဘယ်လိုဖြစ်တာလဲ ကောင်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါ ဖထီး ×××× ×××× ××××"

မနောအကြောင်းစုံကို ရှင်းပြလိုက်သည်။

"တောက်… ရက်စက်ယုတ်မာလိုက်တာကွာ၊ ဒီသုံးကောင်ထဲက တစ်ယောက်တော့ မင်းသတ်ခဲ့ပြီဆိုတော့ လူယုတ်မာ (၂) ကောင်ပဲ ကျန်တော့တာပေါ့ကွာ၊ ဒါနဲ့သူက ဘယ်သူလဲ၊ ငါတို့ ရွာကသူတွေနဲ့တော့မတူဘူး၊ မြို့သူတစ်ယောက်ပုံပဲ"

"သူက ဒေါက်တာရန်နဲ့လက်ကျာတဲ့၊ ကျွန်တော် ဓားစာခံ လုပ်လာခဲ့သူပါ"

"ဝေ…"

ဖထီး‥မနောစကားကို အံ့သြသွားသည်။

"ဓားစာခံလုပ်လာတဲ့သူက မင်းကိုတွဲပြီးလာရတယ်လို့ ကွာ‥"

"ဒါကတော့ ဖထီးရယ်‥ဆရာဝန်ဆိုတာ လူနာပေါ်မှာ ရန်သူမိတ်ဆွေ မခွဲခြားဘဲ ဆက်ဆံရတာမဟုတ်လား၊ ဒါကြောင့် ကျွန်တော့်ကိုတွဲလာတာပါ"

"မင်းကို သတင်းကောင်း(၂)ခုပြောမယ်ကောင်လေး"

"ပြောပါ ဖထီး"

"ပထမသတင်းကောင်းက ခုငါနေတဲ့တောင်ရဲ့ အနောက်ဘက် ရွှက်စိမ်းတောင်မှာ ရသေ့ကြီးတစ်ပါးရှိတယ်၊ သူက ဘာ ညာတွေစွမ်းသလဲဆိုတာတော့ ငါမသိဘူး၊ အေး‥မျက်လုံးနဲ့ ပတ်သက်ပြီး ဆေးကုတဲ့နေရာမှာတော့ တော်တော်လေးစွမ်းတယ်၊





မင်း သူ့ဆီကိုသွားပြီးဆေးကုပါလား"

"ဖထီးပြောသလို ဆိုရင်တော့ သွားချင်တယ်"

"မင်းသွားချင်ရင် ငါလမ်းညွှန်လိုက်မယ်၊ အရင်သွားပြီး ကုလိုက်"

"နောက်သတင်းကဘာလဲ ဖထီး"

"မင်း မျက်လုံးပျောက်ပြီး ငါ့ဆီကိုရောက်တော့မှ ထပ်ပြီး ပြောပြမယ်၊ ကဲ‥အေးအေးဆေးဆေး နားလိုက်ဦး၊ ငါ ဟင်းစား ရှာထွက်လိုက်ဦးမယ်"

"ဖထီးရယ်‥ မိုးတောင်ချုပ်နေပြီ"

"ယုန်တို့ဖွတ်တို့ ထောင်ထားတာတွေ ရှိသေးတယ်ကွ၊ သွားပြီးသိမ်းလိုက်ဦးမယ်၊ မကြာပါဘူး၊ ငါပြန်လာမှ ဟင်းချက်မယ်ဟေ့"

ဖထီး‥ဒူးလေးကိုဆွဲယူပြီးထွက်သွားလေတော့သည်။

"ဒေါက်တာ‥"

"ကိုမနော‥ဘာပြောချင်လို့လဲ"

"ကျုပ် ရွက်စိမ်းတောင်ကိုသွားပြီး မျက်လုံးကုမယ်၊ ဒေါက်တာ ဒီကနေပြန်ပါတော့"

"ကျွန်မကို ရှင်ဘာလို့ဒီလောက်တောင်ပြန်စေချင်နေတာလဲ"

"ကျုပ်ကြောင့် ဒေါက်တာရဲ့တန်ဖိုးရှိတဲ့အချိန်တွေ ဆုံးရှုံး နစ်နာခဲ့တာတွေကို ကျုပ်ပြန်ပြီး မပေးဆပ်နိုင်မှာစိုးရိမ်တယ်"

"ရှင် ပေးဆပ်စရာမလိုပါဘူး၊ ကျွန်မကိုယ်တိုင်ကျေနပ်



www.burmeseclassic.com

www.burmeseclassic.com



စွာနဲ့လိုက်ခဲ့တာပါ''

''ကိုမနော..''

''ဘာလဲ အိုက်ထော''

''ရွှက်စိမ်းတောင်ကို တစ်ခါမှတော့မရောက်ဖူးဘူး၊ ရောက်ဖူးတဲ့သူတွေပြောတာကတော့ အရမ်းကိုသာယာလှပပြီး ကြောက်စရာကောင်းတဲ့တောင်တဲ့၊ ရွှက်စိမ်းတောင်မှာ အရမ်းအံ့သြဖို့ကောင်းတဲ့ စေတီတစ်ဆူရှိတယ်''

''ဟုတ်လား အိုက်ထော''

''ဟုတ်တယ်ဒေါက်တာ.. ဒီစေတီဟာ ဖူးထိုက်ဖူးကံကြုံမှ ဖူးမျှော်ရတာ''

''အိုက်ထောပြောတာနဲ့ ကျွန်မတောင် ခုချက်ချင်းတောင်သွားချင်နေပြီ''

''နောက်တစ်ခု ထူးဆန်းတာက ရွှက်စိမ်းတောင်ပေါ်မှာ လက်နက်ကိုင်အဖွဲ့တွေ နေလို့မရဘူး၊ ရွှက်စိမ်းတောင်မှာ သူတော်စင် သူတော်ကောင်း ဝိဇ္ဇာတွေပဲ နေကြတာများတယ်၊ အမဲလိုက်ဖို့ဆိုတာဝေးရော.. ဒီတောထဲကို အမဲလိုက်ဖို့သွားကြတဲ့မုဆိုးတွေ ဘာသားကောင်မှ မရဘဲ ထိတ်လန့်ချောက်ချားပြီး ပြန်လာကြရတာပဲ ဒေါက်တာ''

''အိုက်ထော ပြောပုံအရဆိုရင် ရွှက်စိမ်းတောင်ဟာ သူတော်ကောင်း တောင်ကြီးလို့ခေါ်ရမှာပေါ့''

''ဟုတ်တယ် ဒေါက်တာ''





''အိုက်ထော''

''ကိုမနော''

''ငါတို့ မနက်ကိုစပြီးသွားရင်ကောင်းမယ်''

''ကိုမနော သဘောပဲလေ၊ ကျွန်တော် ဖထီးလာရင် ထမင်းအဆင်သင့်စားရအောင် ထမင်းသွားပြီးချက်လိုက်ဦးမယ်''

''အေး...''

''ကိုမနော''

''ဒေါက်တာ..ပြောပါ''

''ရှင် ဒီမျက်စိကောင်းသွားရင် ရှင်လက်စားချေမည့်သူက ဘယ်သူလဲ''

''ဦးစိန်ဘွား''

''သူဘယ်မှာနေလဲဆိုတာကိုရော သိပြီးပြီလား''

''တိတိကျကျတော့ မသိသေးပါဘူး၊ ဒါပေမယ့် ဦးစိန်ဘွားရဲ့ အငယ်အနှောင်းတစ်ယောက်ကိုတော့ သိထားတယ်၊ သူ့ဆီက တစ်ဆင့် စုံစမ်းရမှာပဲ''

''တကယ်လို့သူက လုံးဝမပြောဘူးဆိုရင်ရော''

''ပြောအောင်လုပ်ရမှာပဲ ဒေါက်တာ၊ ဒီအတွက် ကျူပ်လူထပ်ပြီးသတ်ရမှာပဲ၊ ဝန်လေးမှာမဟုတ်ဘူး၊ ဦးစိန်ဘွားပြီးရင်တော့ ဦးအောင်ပြည့်ကို ရှာပြီးသတ်ရမှာပဲလေ၊ ဦးအောင်ပြည့် သတင်းကတော့ ကြားထားပါတယ်''

''အင်း...သူက ဘယ်မှာမို့လို့လဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဦးအောင်ပြည့်က မန္တလေးမှာ နေတယ်ဆိုတော့ ရှာရတာ သိပ်တော့မခက်ခဲလှပါဘူး"

"ဒီလက်စားချေမှုပြီးဆုံးသွားရင် ရှင့်အတွက် အရာရာ ပြီးဆုံးသွားပြီလား"

"ပြီးဆုံးသွားပြီလို့ဆိုရမှာပေါ့ ဒေါက်တာ၊ လူသုံးယောက် သတ်မှုနဲ့ ကျုပ်ခံရမယ့်အပြစ်ဒဏ်ဟာ ကျုပ်ဘဝကို ထောင်ထဲမှာ အဆုံးသတ်စေတော့မှာလေ၊ ဘဝရဲ့မျှော်လင့်ချက်ဆိုတာ မရှိတော့ဘူး"

"ရှင့်အမေနဲ့ အစ်မတွေဆီကိုရော မပြန်တော့ဘူးလား၊ သူတို့ သတင်းရော ရှင်ဘာတွေကြားသေးလဲ"

"ကျုပ်ထောင်ထဲရောက်စဉ်က အမေတစ်ခေါက်လာပြီး တွေ့တယ်လေ"

"ဪ.."

"နောက်တစ်ခါ မလာဖို့လည်းပြောလိုက်တယ်၊ ကျုပ်အမေကတော့ နောင်တတစ်ခုနဲ့ အေးချမ်းတဲ့တရားခမ္မရိပ်ကို ဝင်သွားပြီ၊ အစ်မကတော့ သူ့ချစ်သူနဲ့လက်ထပ်လိုက်ပြီး အဖေ့လက်ထက်က လုပ်ငန်းတွေကို လုပ်ကိုင်နေတယ်"

"ရှင့်ပတွေးကရော.."

"သူကတော့ ကျုပ်ရိုက်လိုက်တဲ့ဒဏ်ရာနဲ့ ဆေးရုံမှာ တော်တော်လေးကုလိုက်ရပြီး အမေနဲ့နောက်ပိုင်းအပြီးကွာရှင်းလိုက်တယ်၊ ဒီနောက်တော့ အရက်အလွန်အကျွံသောက်ပြီး





ဦးနှောက် ကြောပြတ်သေသွားတယ်လို့ကြားပါတယ်၊ ဒေါက်တာရယ်.. ကျုပ်အတွက် ဒီဘဝတွေဟာ မလိုအပ်တော့ပါဘူး"

"ရှင်..နန်းကို တော်တော်လေးချစ်တာပဲနော်"

"ကျုပ် နန်းကိုချစ်ပါတယ်၊ ဒါပေမယ့်ဒေါက်တာ ကျုပ်ခုလို လူသတ်နေတာ အချစ်ဆိပ်တက်ပြီး သတ်နေတာ မဟုတ်ဘူး"

"ရှင် ဒါဆို ဘာကြောင့်သတ်နေတာလဲ"

"မတရားလွန်းတဲ့ ယုတ်မာမှုကြီးအတွက် တုံ့ပြန်နေတာပါ"

"ရှင့်ရင်ထဲက ခံစားချက်ကို ကျွန်မ သဘောပေါက်ပါတယ်၊ ကိုယ်ချင်းလည်း စာပါတယ်၊ အင်း.. အကယ်၍သာ တရားဥပဒေနဲ့မငြိစွန်းနိုင်ဘူးဆိုရင်တော့ ကျွန်မ..ရှင့်ဘက်က လိုက် ပြီး ကူညီပေးပါတယ် ကိုမနော.."

"ဒေါက်တာဆီက ဒီစကားကြားရတာကိုပဲ ဝမ်းသာလှပါပြီ"

"ကဲ..ကိုမနော.. ဒဏ်ရာတွေဆေးထည့်ရအောင်"

"အင်း..."

မနောအပေါ်မှာ ဒေါက်တာရန့်လက်ဘုရဲ့ ကရုဏာတရားတို့ကား စီးဆင်းလျက်ရှိနေသည့်အပေါ်မှာ မနော ခံစားမိပေမယ့် နှလုံးသားက သေဆုံးနေခဲ့လေပြီ။



www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၅ )

ဇော်ဇော်မောင်နှင့် သူ၏တပ်ဖွဲ့သည် စစ်ဆင်ရေးခရီးကို စတင်ပြီးထွက်လာခဲ့ကြပြီဖြစ်သည်။

"ဆရာ..."

"ဘာလဲ တောက်ထိန်"

"ရန့်...လူသတ်သမားနဲ့ပါသွားတဲ့ကိစ္စဟာ မထူးဆန်းနေဘူးလား"

"မင်းဆိုလိုတာက"

"လူသတ်သမားဟာ ဓားစာခံလုပ်ပြီးခေါ်သွားတာရော ဟုတ်ရဲ့လား..ရန့်ကိုယ်တိုင်က လိုက်ပါသွားသလိုဖြစ်နေသလားလို့"

"မင်းပြောတာကို ငါလက်ခံတယ် တောက်ထိန်၊ ရန့်နဲ့မနော့ဆိုတဲ့လူကြားမှာ ပတ်သက်မှုကတော့ရှိနေပြီ"

"ဆရာ စိတ်ထိခိုက်နေလား"





"ကိုယ်ချစ်တဲ့ သူတစ်ယောက်အတွက်တော့ ခံစားမိတာတော့ရှိတာပေါ့ကွာ၊ ဒါပေမယ့် တာဝန်နဲ့နှလုံးသားကိုတော့ သီးခြားခွဲထားပါတယ်"

"ဆရာနဲ့ ရန့်အကြောင်းပြောပြမယ်ဆိုတာ ခုထိမပြောပြသေးပါလား"

"တောက်ထိန်ရေ.. ကိုယ့်နှလုံးသားအကြောင်းကို ပြောပြဖို့အချိန်နဲ့အခွင့်အရေးက မရသေးဘူးလေ"

"ဆရာ..ဟို..ဟို.."

"ဘာလဲ..တောက်ထိန်"

"ကျွန်တော်တို့လမ်းမှာကယ်လာခဲ့တဲ့ မုဆိုးမလေး ခင်ရိပ်နှောင်း ရုပ်ရည်လေးက မဆိုးဘူးနော်၊ တောအရိုင်းပန်းကလေးပဲ"

"ဘာလဲ...မင်းက မျက်စိကျနေလို့လား"

"ဟာ..မလုပ်နဲ့ဆရာ.. အိမ်က မေမဒီကြီးကိုတောင် ချစ်လို့မဝသေးပါဘူး၊ ကျွန်တော်ပြောနေတာက ဆရာ့အတွက်"

"တောက်ထိန်..မင်းပါးစပ်ပိတ်ထားတော့၊ ငါ့နှလုံးသားမှာ ရန့်လက်ျာဆိုတဲ့သူကလွဲပြီး တခြားတစ်ယောက်ဆိုတာ ရှိလာမှာမဟုတ်တော့ဘူး"

"ဆရာ..ရန့်လက်ျာပေါ်မှာ ဒီလောက်တောင်ချစ်တာကိုး"

"ဒီထက်တောင်ပိုသေးတယ် တောက်ထိန်"

"ဆရာ ဇော်ဇော်မောင်.."



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ပြေးတပ်ဖွဲ့မှ တပ်ကြပ်အောင်ထူး အပြေးရောက်လာပြီး…

“ဘာထူးခြားလဲ ရဲဘော်”

“ရှေ့မှာတံတားတစ်ခုတွေ့တယ်၊ ဒီတံတားပေါ်မှာ လက်နက်ကိုင်အဖွဲ့တွေ နေရာယူထားတယ်”

“အင်အားဘယ်လောက်ရှိလဲ”

“(၁၀)ယောက်ထက် မနည်းဘူး”

“စခန်းအတွင်းလား”

“စခန်းအတွင်းတော့ မဟုတ်ဘူး၊ ကားတစ်စီးနဲ့ စောင့်နေကြတဲ့ပုံပဲ၊ အမျိုးသမီးတစ်ယောက် လည်းပါတယ်”

“ဟင်…လာ‥သွားပြီးကြည့်ရအောင်”

“ဟုတ်ကဲ့‥”

ဇော်ဇော်မောင် တောင်စောင်းကွယ်မှ အဝေးကြည့်မှန်ပြောင်းဖြင့်လှမ်းကြည့်တော့ တံတားအလယ်တွင် ကားကိုထိုးရပ်ထားပြီး ဘေးဘက်တွင် လက်နက်ကိုင်အဖွဲ့များစောင့်ကြပ်နေသည်။ ကားပေါ်တွင် မိန်းကလေးတစ်ဦး ပြောက်ကျားဝတ်စုံဖြင့် ထိုင်နေသည်။

“တောက်ထိန်…”

“ပြောပါဆရာ”

“ဒီကောင်တွေ ပစ္စည်းအရောင်းအဝယ်လုပ်မလို့ စောင့်နေကြတာဖြစ်မယ်”





“ဆရာ ဘယ်လိုလုပ်ချင်လဲ”

“နှစ်ဖွဲ့ဆုံမှ တိုက်မယ်၊ အခြေအနေကိုစောင့်ကြည့်တာပေါ့၊ ရဲဘော်တွေအားလုံး အနီးကပ်ဆုံးနေရာထိရောက်အောင်သွားပြီး နေရာယူကြမယ်”

“ဟုတ်ကဲ့‥”

ဇော်ဇော်မောင်တို့တပ်ဖွဲ့ တံတားနှင့်အနီးဆုံးနေရာထိရောက်အောင်ချဉ်းကပ်ကြပြီး နေရာယူလိုက်ကြတော့သည်။

“ဆရာ‥ကားသံကြားတယ်”

“အေး…”

တောက်ထိန်ကလှမ်းပြီးပြောလိုက်ပြီး သိပ်မကြာ‥တစ်ဖက်မှ အမိုးဖြတ်လျက်ကား(၂)စီးနှင့် လူအင်အား (၂၀)လောက်ပါသော လက်နက်ကိုင်တပ်ဖွဲ့ကို တွေ့လိုက်ရတော့သည်။

တစ်ဖက်မှ မောင်းလာသောကားမှာလည်း တံတားအလယ်တွင် ရပ်လိုက်ပြီး အိတ်အနက်တစ်လုံးကိုဆွဲပြီးဆင်းလာသလို တစ်ဖက်မှလည်း အိတ်တစ်ခုကို ကိုင်ပြီး အမျိုးသမီးဆင်းလာတော့သည်။

“ဆရာ…”

“တောက်ထိန်…စောင့်ကြည့်ဦး၊ ဒီကောင်တွေနှစ်ဖက်လုံး အခြေအနေက တိုက်ပွဲဖြစ်မယ့်ပုံပေါက်နေတယ်”

ဇော်ဇော်မောင် ပြောပြီးသိပ်မကြာ၊ သေနတ်သံတွေဆူညံပွက်လောရိုက်သွားပြီး နှစ်ဖက် ပစ်ခတ်နေလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"တောက်ထိန်‥ အားလုံးကို အသင့်အနေအထားပြင်ခိုင်းထားပြီး အနီးကပ်ဆုံးကိုသွားမယ်၊ ငါ့ဆီက ပစ်မိန့်ကိုစောင့်"

"ဟုတ်ကဲ့…"

ဇော်ဇော်မောင်တို့တပ်ဖွဲ့အနီးဆုံးနေရာတွင် နေရာယူလိုက်ပြီး တိုက်ပွဲအခြေအနေကိုစောင့်ကြည့်နေဆဲ‥ အချိန်တွင် နှစ်ဖက်လုံး ထိခိုက်မှုတွေရှိခဲ့ကြပြီး မိန်းကလေးအင်အားစုဘက်မှ ဆုတ်ခွာပြေးတော့သည်။

မိန်းကလေးကို တစ်ဖက်မှ ဝိုင်းထားပြီး ခေါ်ဆောင်ဖို့ပြင်ချိန်တွင်‥

"ပစ်…"

ဇော်ဇော်မောင်အသံပြုလိုက်သည်နှင့် ရဲတပ်ဖွဲ့ဝင်များ အဆက်မပြတ် ပစ်ခတ်လေတော့သည်။

ဇော်ဇော်မောင်တို့ဘက်မှ အပိုင်အနီးကပ်ပစ်ရတာကြောင့် လက်နက်ကိုင်လူဆိုးများ အထိနာစွာဖြင့်ဆုတ်ခွာပြေးလေတော့သည်။

"တက်…"

ဇော်ဇော်မောင်တို့ အနီးကပ်ထိုးစစ်ဆင်ကာ တံတားပေါ်သို့ ပြေးတက်ပြီးလူဆိုးများကို ဖမ်းဆီးလိုက်တော့သည်။

တချို့ကတော့ ကိုယ်လွတ်ရုန်းပြီးပြေးသွားခဲ့သလို တချို့ကိုဖမ်းမိခဲ့လေသည်။

"ဟင်…ဂျူနှင်းမိုး‥"





"ဇော်…"

ပြောက်ကျားဝတ်စုံနှင့် ဒဏ်ရာရထားသော မိန်းကလေးကို မြင်လိုက်သည်နှင့် ဇော်ဇော်မောင် အံ့အားသင့်သွားသည်။

"ဂျူနှင်းမိုး‥‥နှင်‥‥"

"ဇော်ရယ်‥ငါလေ‥"

ဇော်ဇော်မောင်ရော၊ ဂျူနှင်းမိုး နှုတ်ဖျားတို့တွင် စကားလုံးများထပ်ပြီး ထွက်မလာတော့ပေ၊ နှစ်ဦးရင်မှာ စကားတွေကတော့ အများကြီးရှိနေလေပြီမဟုတ်လား။

"ဆရာ‥ဘာဆက်လုပ်ရမလဲ"

"နောက်တပ်ဖွဲ့ကို သတင်းပို့ပြီး စခန်းချမယ်"

"ဟုတ်ကဲ့…"

"ဂျူနှင်းမိုး‥ စိတ်မကောင်းပါဘူး"

"ရပါတယ်ဇော်‥ တာဝန်ရှိသလို ဆောင်ရွက်ပါ"

ဇော်ဇော်မောင်တို့တပ်ဖွဲ့ ဒဏ်ရာရသူများနှင့်ဖမ်းမိသူများကို တံတားတစ်ဖက်ဆီသို့ ခေါ်ဆောင်လာပြီးနောက်…

"တောက်ထိန်‥စခန်းချဖို့နေရာရှာကွာ"

"တွေ့ထားပြီးပြီဆရာ‥ တံတားတစ်ဖက်က တိုက်ပျက်ကြီးတစ်လုံးကို ဝင်ပြီးကြည့်ပြီးပြီ၊ လုံခြုံရေးစိတ်ချရတယ်"

"ဒါဆို အားလုံးကိုခေါ်ခဲ့ပေါ့၊ ဂျူနှင်းမိုး…နှင့်ဒဏ်ရာ ဘယ်လိုနေလဲ"

"လက်မောင်းရှပ်ထိတာပါ၊ စိုးရိမ်စရာမရှိပါဘူး…ဇော်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ဂျူနှင်းမိုး"

"တို့တစ်တွေပြန်ဆုံရပြီနော်.. ငါ ရန့်ကိုသတိရလိုက်တာ ဟယ်၊ နင်နဲ့ရန့်တွေ့ကြသေးလား ဖော်.."

"နင်ပြောရင်..အံ့သြမယ်"

"ဘာကိုအံ့သြရမှာလဲ"

"ခု ငါရန့်နောက်ကိုလိုက်နေရတာ"

"ဟင်...ရန့်ဘာဖြစ်လို့လဲ"

"ရန့်ကို လူသတ်သမားတစ်ယောက်က ဓားစာခံလုပ်ပြီး ခေါ်သွားလို့"

"ဟယ်...ခုဘယ်ကိုရောက်နေလဲ"

"ခုချိန်ထိတော့ ခြေရာပျောက်နေဆဲပဲ ဂျူနှင်းမိုး"

"ဒုက္ခပါပဲ"

"သြော်...ဂျူနှင်းမိုး"

"နင်ဘာပြောချင်လဲပြောပါ"

"နင့်ဆီက အကူအညီတစ်ခုတောင်းချင်တယ်"

"နင်တောင်းတဲ့ အကူအညီကို ငါပေးမှာပါ"

"နင် ဦးစိန်ဘွားကို သိလား"

"ဖော်.. ငါဦးစိန်ဘွားကို သိရုံမကဘူး၊ ပြောရမှာတောင် ပြောမထွက်ဘူးဟာ"

"နင်ပွင့်ပွင့်လင်းလင်းသာပြောပါ၊ ငါ့အတွက်သိပ်ပြီး အရေးကြီးတယ်"





"ဟို..ငါက ဦးစိန်ဘွားရဲ့..."

"ငါသဘောပေါက်ပြီ ဂျူနှင်းမိုး..နင် တကယ်ပဲ ငါ့ကို ကူညီမှာလား"

"ငါ တကယ်ပြောတာပါ"

"ကောင်းပြီ.. နင်နဲ့ငါ အေးအေးဆေးဆေးစကားပြောတာပေါ့"

"ဆရာ..ဆရာ"

တောက်ထိန်နှင့်လူတစ်ယောက် ပါလာတာကိုတွေ့လိုက်ရသည်။

"ဘာထူးသေးလဲ တောက်ထိန်..."

"ဟို..ဒီလူက ရန့်တို့သတင်းရလာလို့"

"ဟင်...ပြောစမ်း ဘယ်လိုသတင်းလဲ"

"ကျွန်တော်က ဆေးဆရာတစ်ယောက်ပါ၊ တောထဲမှာ ဆေးမြစ်သွားတူးရင်း လူသုံးယောက်ကိုတွေ့ခဲ့တယ်၊ ယောက်ျား နှစ်ယောက်နဲ့ မိန်းမတစ်ယောက်.... ယောက်ျားတစ်ယောက်က မျက်လုံးကွယ်နေသလိုရှိတယ်၊ မိန်းကလေးက တွဲလာရတယ်"

"ဟာ...သူတို့ဘယ်ဘက်ကိုသွားနေလဲ"

"သူတို့သွားနေတာ ရှက်စိမ်းတောင်ဘက်."

"သူတို့ပုံသဏ္ဌာန်ကိုပြောပြပါလား"

"တစ်ယောက်ကအသက်(၂၀)ဝန်းကျင်လောက်ရှိမယ်၊ တိုင်းရင်းသားတစ်ယောက်၊ တစ်ယောက်ကတော့ အသက်(၃၀)



www.burmeseclassic.com

www.burmeseclassic.com



လောက်ရှိမယ်၊ အသားညိုညို အရပ်ကောင်းကောင်း၊ မိန်းက
လေးက ဖြူဖြူသွယ်သွယ်လေး..''

''သေချာသလောက်ရှိပြီ၊ ဒါနဲ့ မျက်စိကန်းနေတာက ဘယ်လို ပုံသဏ္ဌာန်လဲ''

''အသားညိုညို၊ အရပ်မြင့်မြင့်လူပဲဆရာ''

ဇော်ဇော်မောင် စဉ်းစားလို့မရအောင်ဖြစ်နေတော့သည်။

ထိုလူပြောသောစကားအရ လူသတ်သမားဟာ မျက်စိကိုထိခိုက်ပြီး မျက်စိကွယ်နေခြင်းပင်ဖြစ်သည်။

''ဘယ်လိုလုပ်မလဲဆရာ''

''ဘာလုပ်ရမယ်ဆိုတာကို စဉ်းစားတာပေါ့ကွာ''

ဇော်ဇော်မောင် တာဝန်နှစ်ခုကို တစ်ပြိုင်တည်း ဆောင်ရွက်ဖို့မလွယ်လှပေ။

''ဇော်...''

ဂျူနှင်းမိုးမှ အနီးကပ်လှမ်းခေါ်လိုက်သည်။

''နင် ငါ့ကိုအရမ်းမုန်းနေမှာပေါ့နော်''

''အရင်ကတော့ မုန်းခဲ့တယ်၊ စိတ်လည်းမကောင်းဘူးလေ၊ ဒါပေမယ့် အသက်အရွယ်နဲ့အချိန်တွေကြောင့်လားတော့ မသိဘူး၊ အားလုံးကို ဖြေသိမ့်နိုင်ခဲ့ပါပြီ''

''ငါ့ကိုခွင့်လွှတ်ပါဇော်ရယ်..အရင်က ငယ်ရွယ်တဲ့ စိတ်နဲ့ ရူးရူးမိုက်မိုက်လုပ်ခဲ့မိတာကို စဉ်းစားမိတိုင်း ငါနင့်အတွက် စိတ်မကောင်းအရမ်းဖြစ်ခဲ့ရတယ်၊ ငါ့ကြောင့် နင်နဲ့ရန့်ဝေးခဲ့ရ





တာ မဟုတ်လား''

''ဂျူနှင်းမိုး.. နင့်စိတ်ထဲမှာဒါတွေကို မေ့ပစ်လိုက်တော့ဟာ...''

''ဇော်ရယ် ဘယ်မေ့လို့ရနိုင်မှာလဲ၊ ဒီအတွက် ငါ့ဘက်က နင့်တို့နှစ်ယောက်ကို ပြန်ပြီးဖြေရှင်းခွင့် တစ်ခုတော့ လိုချင်တယ်ဟာ''

''ငါ့အတွက်မလိုပါဘူး၊ ရန့်ဘက်က ရှင်းပြခွင့်ပေးမယ်ဆိုရင်တော့ နင်ဖြေရှင်းပြလိုက်ပါ၊ ဒါပေမယ့် ငါမထင်တော့ပါဘူး''

''ဘာလို့လဲ...ဇော်''

''ရန့်ဟာ အရင် တို့တစ်တွေနဲ့ အတူရှိနေစဉ်က ရန့်တစ်ယောက်တော့ မဟုတ်တော့ဘူးလေ၊ သူ့ဘဝမှာ ပြောင်းလဲမှုတွေရှိနေလောက်ပြီပေါ့''

''ရန့်ဘဝ ပြောင်းလဲမှုဆိုတာ ဘာကိုပြောတာလဲ''

''ရန့်နှလုံးသားမှာ ငါဆိုတာ ရှိချင်မှရှိတော့မယ်လေ''

''ဇော်ရယ် ရန့်နှလုံးသားကို ငါအသိဆုံး နင့်ကို ရန့်က သိပ်ပြီးချစ်တာပါ''

''ဒါက အရင်ကလေ ခုတော့ မဟုတ်နိုင်တော့ပါဘူး''

ဇော်ဇော်မောင် လှမ်းဆွတ်ကြေကွဲစွာဖြင့် ပြောလိုက်မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၆ )

"ကိုမနော..."

"ဘာလဲ အိုက်ထော..."

"ကျွန်တော်တို့ လမ်းမှားပြီထင်တယ်"

"ဟင်..."

"ဟယ်..."

"ခုဘယ်ရောက်နေတာလဲ ဖထီးလမ်းညွှန်တဲ့အတိုင်း လာတာ မဟုတ်ဘူးလား"

"ဖထီးပြောတဲ့အတိုင်း လာခဲ့တာပဲ"

"ဘယ်လိုဖြစ်တာလဲ အိုက်ထော..."

"မပြောတတ်ပါဘူး ဒေါက်တာရယ်"

"ဝေါင်း..."

"ဂူး..."

"ဟင်..."

တောထဲမှ ကျားဟိန်းသံ ဆင်အော်သံများကို ကြား လိုက်ရသဖြင့် ရန်နံ့လက်ဂျာ မနောလက်မောင်းကို တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်။



"ဒေါက်တာ... ဘာမှ မကြောက်နဲ့နော်"

"အင်း..."

ရန်နံ့လက်ဂျာတစ်ယောက် တကယ်ပင် တုန်လှုပ်ချောက်ချား နေလေပြီ...

"အိုက်ထော လုံခြုံစိတ်ချရမယ့် နေရာတစ်ခုကို အမြန်ရှာ"

မနော သူ့လက်ထဲတွင် သေနတ်ကို တင်းကျပ်စွာဆုပ်ကိုင် လိုက်ပြီးနောက်...

"ဒေါက်တာ...အန္တရာယ်ကောင်ရှိတဲ့နေရာကို အသံပြု တချို့ပစ်မယ်"

"ဖြစ်ပါ့မလား...ကိုမနော"

"မပစ်လို့ မရဘူး"

တော၏ လေပြင်းတိုးသံများ၊ တိရစ္ဆာန်တွေရဲ့ အော်ဟစ်သံ တွေက စိတ်ချောက်ချားဖွယ် ကောင်းလာနေပြီဖြစ်သည်။

"ကိုမနော...ကိုမနော"

အိုက်ထောတစ်ယောက် အပြေးကလေးပြန်ရောက်လာ ပြီး...

"နေရာတွေ့ခဲ့လား အိုက်ထော"

"မတွေ့ခဲ့ဘူးကိုမနော နေရာအားလုံးက အန္တရာယ်တွေများ မယ့်နေရာတွေချည်းပဲ"

"ဟင်..."

"အိုက်ထော မင်းသေနတ်ပစ်တတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ပစ်တတ်ပါတယ် ကိုမနော"

"ရှော့…ငါ့သေနတ်ကိုယူထား မင်းမှာ ဓားပါတယ်မဟုတ်လား"

"ဟုတ်ကဲ့ ပါတယ်"

"ငါ့ကိုပေး ငါမင်းကိုပြောထားမယ် အိုက်ထော ၊ တစ်ခုံတစ်ခုဖြစ်ရင် ဒေါက်တာကို ခေါ်ပြီးသွား ငါ့ကိုမင့်နဲ့ ကြားလား"

"ကိုမနော…"

"ဒေါက်တာ ကျုပ်ရဲ့စကားကို ဒီတစ်ခါတော့ နားထောင်ပါ၊ ကျုပ်ဟာ လူ့လောကကြီးအတွက် ဘာမှအကျိုးမရှိတဲ့လူ ဒေါက်တာဟာ တိုင်းပြည်အတွက်ရော လူသားတွေအတွက်ပါ အကျိုးရှိတဲ့ လူတစ်ယောက်၊ ဒါကြောင့် အဆုံးရှုံးမခံနိုင်ဘူး၊ အန္တရာယ်နဲ့ကြုံလို့ မလွဲမသွေ ရင်ဆိုင်ရတော့မယ်ဆိုရင် ငါ့ကိုထားခဲ့ ငါ့ပြောတာကို ကြားတယ်နော် အိုက်ထော"

"ဟုတ်ကဲ့ ကြားပါတယ်"

ရန့်လက်ဂျာဘာမှ မပြောတော့ဘဲ ငြိမ်နေလိုက်လေ၏။

"အိုက်ထော…"

"ကိုမနော…."

"ခြေသံကြားနေရတယ်"

"ဟုတ်တယ် ကိုမနော လူတစ်ယောက်လျှောက်လာတဲ့ ခြေသံတော့ မဟုတ်ဘူး၊ သားကောင်ကြီးတစ်ကောင်ရဲ့ ခြေသံနဲ့ တူတယ်"





"ဟင်…"

ရန့်လက်ဂျာအတွက် အတွေ့အကြုံမရှိတာကြောင့် ကြောက်စိတ်နှင့် ချွေးစေးကလေးများတောင် ကျနေလေပြီ…

"ဟာ…ကျားကြီး"

"ဘာ…ကျားဟုတ်လား"

"ဟယ်…"

ရန့်လက်ဂျာတို့ ရှေ့တည့်တည့်တွင် ရောက်နေသော ကျားကြီးသည် ကြောက်မက်ဖွယ်ကောင်းလောက်အောင် ကြီးထွားပြီး အစွယ်ကြီးများမှာ သွေးပျက်စရာပင်…

"အိုက်ထော ဒေါက်တာကို ခေါ်သွားတော့"

"ကိုမနော…"

"ဒီကောင် သုံးယောက်ထဲက တစ်ယောက်ကိုပဲ ကိုက်နိုင်မှာ"

"ကိုမနော ကျွန်တော်မှာ သေနတ်ရှိတယ် ပစ်ရမလား"

"မင်းချက်ကောင်းကို ပစ်နိုင်မှာ မဟုတ်ဘူး ဒေါက်တာကို ခေါ်သွားကွာ"

"ဝေါင်း…."

ကျားဟိန်းသံကြီးမှာ နားကွဲလုမတတ်ကြားနေရ၏…

"သွားတော့…"

မနောလက်ကို ကိုင်ထားသော ရန့်လက်ဂျာလက်ကို ပုတ်ချလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုမနော…"

အိုက်ထော…ဒေါက်တာရန့်လက်ျာကို ဆွဲခေါ်ပြီး ထွက်သွားသည်နှင့် မနော ဓားကိုကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်ပြီး ရပ်နေလိုက်သည်။

မနောနားထဲတွင် ခြေသံက တဖြည်းဖြည်း နီးကပ်လာနေလေပြီဖြစ်သည်။

"ဝေါင်း…"

"သူတော်…"

"ဟင်…"

အသံကြည်လင်ပြီး အေးမြလှသော ခေါ်သံကို မနောကြားလိုက်ရတော့၏။

"သူတော် ဘာလို့ရန်မူနေတာလဲ သွားစမ်း"

"ဝေါင်း…"

ကျားကြီးမှာ တစ်ချက်ဟိန်းပြီး ထွက်သွားလေတော့သည်။

"ဒကာလေးက မျက်စိမမြင်တဲ့ ဒုက္ခိတ တစ်ယောက်နဲ့တူတယ်"

"တင်ပါ့…"

မနောရှေ့တွင် ရောက်နေသူမှာ ရဟန်းတစ်ပါး ဆိုတာကို သိလိုက်ရသည်။

"ကိုမနော…"

ဒေါက်တာရန့်လက်ျာနှင့် အိုက်ထောတို့နှစ်ယောက် ပြန်





ရောက်လာကြသည်။

"ဒကာလေးတို့က ဘယ်ကိုသွားကြမလို့လဲ"

"တပည့်တော်တို့ ရွက်စိမ်းတောင် ရသေ့ကြီးတစ်ပါးဆီကိုပါ"

"သြော်… ဦးခန္တီဆီကို သွားကြမလို့လား"

"တင်ပါ့…"

"ကဲ…ဦးပဥ္ဇင်းနောက်ကနေ လိုက်ခဲ့ကြတော့"

"တင်ပါ့…"

ဦးပဥ္ဇင်း ရှေ့ကနေကြွသွားသည့်နောက်ကို မနောတို့သုံးယောက် လိုက်ခဲ့ကြတော့သည်။ တောင်ကုန်းပေါ်တစ်နေရာသို့ ရောက်တော့…

"ဒကာလေးတို့ ရှေ့ကလှမ်းမြင်နေရတဲ့ကျောင်းလေးပဲ"

"ကျေးဇူးတင်လှပါတယ် ဘုရား"

ဒေါက်တာရန့်လက်ျာတို့သုံးယောက် ဦးပဥ္ဇင်းကို ထိုင်ကန်တော့ပြီး တဲကျောင်းလေးဆီသို့ လျှောက်လာခဲ့ကြတော့သည်။

ကျောင်းကလေးမှာ သပ်သပ်ရပ်ရပ်နှင့် နေချင်စဖွယ်ရှိလှသည်။

ကျောင်းခြံဝန်းလေးထဲသို့ ဝင်မည်အလုပ်တွင်…

"ဟာ…"

"ဟင်…"

"ဘာဖြစ်တာလဲ အိုက်ထော"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုကျောင်းဝန်းထဲမှာ ခွေးအတွေ၊ မြွေတွေ၊ ကျားသစ်နှင်း တွေနဲ့"

သုံးယောက်သား ခြံဝတွင် ရပ်နေလိုက်ကြသည်။ကျောင်း ဝန်းထဲရှိ သတ္တဝါတွေက မနောတို့သုံးယောက်ကို စူးရှသော မျက်လုံးများနှင့် ကြည့်နေကြလေသည်။

"ဒကာလေးတို့ ဝင်ခဲ့ကြပါ"

"ဟင်...."

ကျောင်းထဲမှ အညိုရောင်သင်္ကန်းကို ဝတ်ဆင်ပြီး ဒေါင် ချာနှင့် ရသေ့ကြီး အောက်ကိုဆင်းလာခဲ့သည်။

"ကဲ... သားတို့ ကိုယ့်နေရာကိုသွားကြ"

ရသေ့ကြီးစကားကြောင့် ခြံဝန်းထဲတွင် ရှိနေကြသော သတ္တဝါတွေ အသီးသီး ထွက်သွားလေတော့သည်။

"ဒကာလေးတို့ ကျောင်းပေါ်တက်ကြကွယ့်"

"မှန်ပါ..."

ကျောင်းလေးပေါ်တက်လိုက်သည်နှင့် အေးမြသွားလေ တော့သည်။

"ရေသောက်လိုက်ဦး၊ ကြည့်ရတာ မောပန်းလာကြတယ် နဲ့တူတယ်"

"တင်ပါ..."

ရသေ့ကြီးလှမ်းပေးလိုက်သော သောက်ရေကိုသောက် လိုက်ချိန်တွင် စိတ်များကြည်လင်ပြီး တကယ်အေးမြသွားလေတော့





သည်။

"ရေကအေးပြီး စိမ့်နေတာပဲနော်"

"ဟုတ်တယ် ဒီရေဟာ ကျောက်စက်ရေပဲ"

"ကျောက်စက်ရေဆိုတာ ကျောက်တောင်ကြားက ထွက်တဲ့ ရေလားဘုရား"

"ဟုတ်တယ် ဒကာမလေး ကျောက်တုံးကြီးထဲက သဘာဝ အလျောက်စိမ့်ပြီး ထွက်တဲ့ရေပဲ၊ ခန္ဓာကိုယ်မှာရှိတဲ့ အကြောတွေ အားလုံးကို ပြေစေတယ်၊ စိတ်ကို ကြည်လင်စေတယ်လေ"

"ကဲ...ဒကာလေးတို့ လာရင်းကိစ္စကိုပြောပါ"

"တပည့်တော် မျက်လုံးကို ကုချင်လို့ပါဘုရား"

"သြော်...ကုပေးရတာပေါ့ကွယ် အေးအေးဆေးဆေး နား ကြပါဦး၊ အဘကတော့ ဒီဆေးတောင့်လေးနဲ့ (၇)ရက် သား သမီးတွေကို ကယ်တင်နေတာပဲလေ"

"အဘဆေးတောင့်က ဘာဆေးတောင့်လဲဟင်"

"ကျောက်ဖြူသွေးလို့လည်း ခေါ်လို့ရတယ်၊ နဂါးမျက်ရည် လို့လည်းခေါ်ကြတယ်၊ ရှက်စိမ်းတောင်ပေါ်မှာ ဟိုအရင်က ကျောက်ဖြူတောင်တစ်ခု ရှိခဲ့ဖူးတယ်၊ ရှေးလူကြီးတွေ အဆိုအရ တော့ ကျောက်ဖြူတောင်ဟာ နဂါးတွေနေထိုင်ရာ ဂူလို့ ပြောကြ တယ်လေ၊ ဒီကျောက်ဖြူတောင်မှာရှိတဲ့ ဂူထဲက အဘရခဲ့တာပေါ့"

"ဒီကျောက်ဖြူဂူနဲ့ တောင်က မရှိတော့ဘူးလား"

"မရှိတော့ဘူး ဒကာမလေး လောဘရမ္မက်ထကြွတဲ့



www.burmeseclassic.com

www.burmeseclassic.com



လူတချို့က ပတ္တမြားထွက်တဲ့တောင်ဆိုပြီး ဒိုင်းနမိုက်တွေနဲ့ ခွဲ[illegible]
လိုက်တယ်''

''ဟင်…''

''ကျောက်ဖြူတောင်ကြီးဟာ တစ်စစီဖြစ်သွားတယ်၊ [illegible]
ပတ္တမြားမှ မရခဲ့ကြပါဘူး၊ တိုင်းပြည်အတွက် အဖိုးတန်လှ[illegible]
ကျောက်ဖြူတောင်တစ်ခု ဆုံးရှုံးခဲ့ရတာပဲ အဖတ်တင်တာပေ[illegible]
သူတို့လည်း အကုသိုလ်အကျိုးပေးပြီး တောင်ပြိုမိုးနဲ့ တိုး[illegible]
သေကြေကုန်ကြတာပဲလေ၊ ဒကာလေးမျက်လုံးအတွက် (၃)ရ[illegible]
လောက်ဆက်ပြီး လိမ်းလိုက်ရင်တော့ ပြန်ပြီးကောင်းသွားမှာပါ''

''အံ့သြဖို့တော့ ကောင်းတယ်နော်၊ သဘာဝတရားကြီး[illegible]
မှာ ဆေးတွေရှိနေတာ၊ လူတွေသတိမထားမိကြဘူး''

''ဟုတ်တယ် ဒကာမလေး၊ တောတောင်သစ်ပင်တွေဟာ
လူတွေအတွက် ဆေးတွေပဲ၊ ဒါကို လူတွေရှာဖွေမတတ်လို့ ဆေး
မဖြစ်တာပါ၊ ယနေ့ခေတ်မီဆေးဝါးတွေဆိုတာလည်း သဘာ[illegible]
သစ်ပင်သစ်သီးတွေဆီကပဲ ရှာဖွေနေကြတာ မဟုတ်လား''

''တင်ပါ့…''

''အဘတို့ လူသားတွေအတွက် ခေတ်မီဆေးဝါးကိုရိယာ
တွေ မပေါ်ခင်က ခုလိုတောထဲတောင်ထဲမှာ ဆေးဝါးရှာဖွေပြီး
ဆေးကုသခဲ့ကြတာပဲလေ၊ ကဲ အနားယူလိုက်ကြပါဦး အဘဆေး
သွားပြီးဖော်လိုက်ဦးမယ်''

''တင်ပါ့…''





ရသေ့ကြီး အပြင်ကိုထွက်သွားပြီး တဲကျောင်းလေးပေါ်
တွင် မနှောတို့သုံးယောက် ကျန်ရစ်ခဲ့စဉ်…

''အံ့သြစရာပဲ''

''ဒေါက်တာက ဘာကိုအံ့သြနေတာလဲ''

''ဒီတောထဲမှာရှိတဲ့ သတ္တဝါတွေက လူစကားကို နားလည်
နေသလိုပဲနော်၊ ပြောလိုက်တာနဲ့ ထွက်သွားကြတယ်''

''ကျုပ်စိတ်အထင်တော့ ဒါတွေဖြစ်ရတာ မေတ္တာကြောင့်
ဖြစ်ရမယ်၊ သတ္တဝါတွေပေါ်မှာ မေတ္တာထားခဲ့လို့ သတ္တဝါတွေက
ပြန်ပြီး မေတ္တာထားခဲ့ကြတာဖြစ်မှာပါ ဒေါက်တာ''

''ကိုမနှော…''

''ကျုပ်မျက်စိပြန်ကောင်းသွားရင် ဒေါက်တာနဲ့ကျုပ် လမ်း
ခွဲရတော့မယ်နော်''

''အင်းလေ…''

''ဒီတစ်ခါတော့ကျုပ်နဲ့ဒေါက်တာ ရေစက်ကုန်ပြီထင်ပါတယ်''

''ကိုမနှော‥ လမ်းခွဲကြတော့မှ လမ်းခွဲစကားတွေ ပြော
ကြတာပေါ့၊ ခုချိန်မှာတော့ ဘာမှမပြောပါနဲ့တော့၊ ရှင့်မျက်လုံး
ပြန်မြင်ရရင် ကျွန်မကျေနပ်ပါပြီ''

ဒေါက်တာရန့်ရင်ထဲမှ အရိုးခံစကားကလေးပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၇ )

"ငါပြောတဲ့အစီအစဉ်ကို နားလည်သဘောပေါက်လား
ဂျူနှင်းမိုး"

"ပေါက်ပါတယ်"

ဦးစိန်ဘွားကို ဖမ်းဆီးနိုင်ရေးအတွက် အသေးစိတ် အစီအစဉ်များကို ဇော်ဇော်မောင်၊ ဂျူနှင်းမိုးနှင့် ပြောဆိုနေခြင်းဖြစ်၏

"တောက်ထိန်··· ဆရာအောင်လှိုင်ကိုခေါ်ခဲ့ပါ"

"ဟုတ်ကဲ့··"

တောက်ထိန်ထွက်သွားပြီးနောက်···

"ဇော်··နှင်ရန့်ကိစ္စကို ဘယ်လိုလုပ်မှာလဲ"

"အဖွဲ့(၂)ဖွဲ့ခွဲပြီး လုပ်ရှားရမှာပဲလေ၊ နှင်နဲ့ငါက ဦးစိန်ဘွားဆီကို ဝင်ပြီး တစ်ဖွဲ့ကတော့ ရန့်တို့နောက်ကို ခြေရာခံရမှာပဲ"

"ငါတော့ ရန့်ကို လူသတ်သမားလက်ထဲမှာ ရှိနေတာ စိတ်ပူတယ်ဟာ"

"ငါလည်း စိတ်ပူပါတယ်၊ ဒါပေမယ့် ဘာတတ်နိုင်မှာလဲ"





"နှင့်ရင်ထဲမှာ ရန့်အပေါ်မှာဘာမှမပြောင်းလဲဘူးနော်"

"မပြောင်းလဲနိုင်သေးပါဘူးဟာ"

"ငယ်ချစ်မို့လား··ဇော်··"

"ငယ်ချစ်ကြောင့်လို့ပြောလည်းရပါတယ်၊ ငါ့နှလုံးသားက ရန့်အပေါ်မှာ တကယ်မြတ်နိုးစွာ ချစ်ခဲ့တာလည်း ပါပါတယ်လေ"

"ဆရာဇော်ဇော်မောင်··ကျွန်တော်ရောက်ပြီ"

"ကဲ··ထိုင်ဗျာ··"

ဆရာအောင်လှိုင်ရှေ့တွင် ဝင်ထိုင်လိုက်သည်နှင့်···

"ဆရာအောင်လှိုင်နဲ့ ရဲဘော်(၅)ဦး ရှက်စိမ်းတောင်ကို လမ်းပြတစ်ဦးနဲ့ ခရီးထွက်ရမယ်၊ ထွက်ရမယ့်တာဝန်က လူသတ်သမားလက်ထဲရောက်နေတဲ့ ဒေါက်တာရန့်လက်ျာကို ကယ်တင်နိုင်ဖို့ပဲ"

"ဟုတ်ကဲ့"

"ဖြစ်နိုင်ရင် ဘာမှ ထိခိုက်မှုမရှိဘဲ ကယ်တင်နိုင်အောင် ကြိုးစားပါ"

"စိတ်ချပါ ဆရာဇော်ဇော်မောင်"

"ဒီလိုဆိုရင် ဆရာအောင်လှိုင် စိတ်တိုင်းကျရဲဘော် (၅) ဦးကိုရွေးပြီး ခရီးစပြီးထွက်ပါ"

"ဟုတ်ကဲ့··"

"တောက်ထိန်···"



www.burmeseclassic.com

www.burmeseclassic.com



"အမိန့်ရှိပါဆရာ"

"ငါနဲ့ဂျူနှင်းမိုး ဦးစိန်ဘွားဆီကိုဝင်မယ်၊ မင်းနဲ့ဆရာအောင်ကြီးတို့က တပ်ဖွဲ့ကို ဦးစီးပြီး အခြေအနေကိုစောင့်ပါ"

"ကောင်းပြီဆရာ.. ဆရာတို့ဘယ်အချိန်ခရီးစထွက်မလဲ"

"ခုပဲထွက်မှာ၊ သွားကြရအောင် ဂျူနှင်းမိုး.."

"အေး...."

ဇော်ဇော်မောင်နှင့် ဂျူနှင်းမိုးတို့နှစ်ယောက် ထွက်လာခဲ့ကြတော့သည်။

ဇော်ဇော်မောင်က အရပ်ဝတ်ဖြင့် ထွက်လာခဲ့ခြင်းဖြစ်၏။

အမိုးပြတ်ဂျစ်ကားလေးကို ဇော်ဇော်မောင် မောင်းပြီး ဂျူနှင်းမိုးက ဘေးတွင် ထိုင်ပြီးလိုက်လာလေသည်။

"ဇော်.."

"ပြော..ဂျူနှင်းမိုး"

"ဦးစိန်ဘွားက အရမ်းပါးနပ်တယ်၊ သတိတော့ထားနော်"

"အင်း.."

"တစ်ခုတော့ကြိုပြောထားရမယ်ဇော်..."

"ပြောလေ"

"ဦးစိန်ဘွားဟာ သတင်းအနံ့ခံတော့ကောင်းတယ်နော်၊ သူ့ကို လျှော့တော့မတွက်နဲ့၊ ပြီးတော့ တစ်ဖက်နိုင်ငံမှာ သူက အဓိကနေထိုင်တာလေ၊ သူ့ကိုလက်ရဖမ်းမိဖို့ဆိုတာ အတော်ကို





ကြိုးစားရမယ်"

ဂျူနှင်းမိုး... ပြောနေသောစကားများကို ဇော်ဇော်မောင် သေသေချာချာ နားထောင်ပြီး ဦးစိန်ဘွားနှင့် ရင်ဆိုင်ရမည့် ကိစ္စများကို စဉ်းစားနေမိသည်။

"ဟိုရှေ့က အိမ်ကြီးက ဦးစိန်ဘွား ခြေကုတ်စခန်းပဲ"

ဇော်ဇော်မောင်.. အိမ်ကြီးကိုလှမ်းကြည့်လိုက်တော့ ခြံဝန်းကြီးနှင့်ခမ်းခမ်းနားနားကြီး တည်ဆောက်ထားသော အိမ်ကြီးပင်ဖြစ်သည်။

"ဒီအိမ်ကြီးထဲမှာ မြေအောက်စက်ရုံရှိတယ်၊ ဒီစက်ရုံတွေက ဘိန်းဖြူချက်လုပ်တာ၊ အကျဉ်းချထားလို့ရတဲ့ အခန်း(၅)ခန်းလောက်လည်းရှိတယ်ဇော်.."

"အင်း.."

ဇော်ဇော်မောင် မောင်းလာသောကား ခြံရှေ့တွင်ထိုးရပ်လိုက်ပြီး...

"တီ...တီ..."

ခြံထဲတွင် အစောင့်ကျနေသောလူက တံခါးပေါက်မှ ချောင်းကြည့်ပြီး...

"သြော်... မဂျူနှင်းမိုး"

"တံခါးဖွင့်..."

"ဟုတ်ကဲ့..."

ဂျူနှင်းမိုး မျက်နှာကိုမြင်လိုက်သည်နှင့်အစောင့်က တံခါး



www.burmeseclassic.com

www.burmeseclassic.com



ကိုဖွင့်ပေးလေသည်။ ကားကိုအိမ်ရှေ့တွင် ထိုးရပ်လိုက်ပြီး ဆင်းလာခဲ့ကြသည်။

"မိုး…"

"ကိုကြီး…"

ဂျူနှင်းမိုးမှ ဦးစိန်ဘွားလက်မောင်းကိုဆွဲကိုင်လိုက်သည်။

"ကိုကြီးက မိုးအဖမ်းခံရပြီထင်နေတာ"

"ကိုကြီး…မိုးအကြောင်းသိသားနဲ့၊ လွယ်လွယ်နဲ့ ဘယ်တုန်းက အဖမ်းခံရဘူးလို့လဲ"

"ယုံပါတယ်ဗျာ‥ ဒါနဲ့သူက‥"

"သြော်… သူ့အမည်က နေမျိုးလို့ခေါ်တယ်၊ ရန်ကုန်ကလွင့်လာတာ၊ မိုးကို သူကယ်ခဲ့တာလေ"

"မိုးကျေးဇူးရှင်ပေါ့‥"

"ဟုတ်တယ်‥ကိုကြီး‥သူလည်း အလုပ်အကိုင်မရှိဖြစ်နေတာကြောင့်မို့ ကိုကြီးဆီကို ခေါ်ခဲ့တာ"

"မိုးခေါ်လာမှတော့ အလုပ်တစ်ခုတော့ပေးရမှာပေါ့"

"ကျေးဇူးတင်ပါတယ် အန်ကယ်…"

"ရန်ကုန်က ဘာကြောင့်ဘာလို့ထွက်လာတာလဲ"

"မှုးယစ်ဆေးဝါး အမှုတစ်ခုနဲ့ရှောင်တိမ်းလာတာပါ"

"သြော်…ဥပဒေအပြင်ကလူတစ်ယောက်ပေါ့၊ ဒါဆိုရင်တော့ ငါ့ဆီမှာအလုပ်လုပ်ရတာပိုပြီးအဆင်ပြေတယ်ဟေ့"

ဇော်ဇော်မောင်ကို အိမ်ရှေ့စားပွဲဝိုင်းသို့ ခေါ်ဆောင်သွားပြီး…

"ခရီးပန်းလာကြတယ်နဲ့တူတယ်၊ အနားယူဦးကွာ၊ မင်းသောက်တတ်လား‥"

"ဟုတ်ကဲ့‥ နည်းနည်းပါးပါးတော့ သောက်တတ်ပါတယ်‥"

"သောက်မယ့်သောက် နည်းနည်းပါးပါးတော့ သောက်မနေနဲ့၊ များများသာသောက်၊ ကျော်ဦး…"

"ဆရာကြီး‥"

"ညီ့သည်အတွက် အနီတစ်လုံးနဲ့အမြည်းကောင်းကောင်းယူခဲ့ကွာ"

"ဟုတ်ကဲ့‥"

ဇော်ဇော်မောင်… ဦးစိန်ဘွားရှေ့တွင် ထိုင်ရင်း အိမ်ကြီးပတ်ဝန်းကျင်ကိုလေ့လာအကဲခတ်နေမိသည်။

ဦးစိန်ဘွားခြံကြီးမှာ တကယ့်စခန်းတစ်ခုလို တည်ဆောက်ထားတာကြောင့် အဝင်အထွက်ကိစ္စများ လုံးဝမလွယ်ကူချေ။

'မင်းလည်း ဥပဒေချိုးဖောက်လာတဲ့လူဆိုတော့ မင်းကိုပွင့်ပွင့်လင်းလင်းပဲပြောချင်တယ်"

"ပြောပါ အန်ကယ်"

"ငါတို့လုပ်ငန်းက ဥပဒေအပြင်ဘက်မှာလှုပ်ရှားနေတာ၊ မင်းလုပ်နိုင်ပါ့မလား"

"ကျွန်တော့်အတွက် ခိုလှုံခွင့်ရရင်ကျေနပ်ပြီ၊ ဘာမဆို







www.burmeseclassic.com

www.burmeseclassic.com



လုပ်မယ်''

''ကြိုက်ပြီ… မင်းလုံခြုံရေးအတွက်တော့ဘာမှမပူနဲ့၊ ငါ့ခြံထဲကို ဝင်ဖို့ဆိုတာ မလွယ်ဘူး၊ သက်ဆိုင်ရာကဝင်ပြီးရှာလည်း ဘာမှတွေ့မှာမဟုတ်ဘူး''

''ဆရာ‥ရပြီ''

''အေး‥ချက္ကာ‥ကဲ‥မောင်နေမျိုး‥ စိတ်ကြိုက်သာ သောက်''

''ဟုတ်ကဲ့‥''

ဖော်ဖော်မောင်‥ သူ့ရှေ့မှာရောက်နေသော အရက်ပုလင်းထဲမှ အရက်ကို ခွက်ထဲသို့ထည့်ပြီး တစ်ငုံလောက် သောက်လိုက်ချိန်တွင်…

''ဆရာကြီး‥‥ဆရာကြီး‥''

''ဘာလဲ ဖော်ထူး''

ဦးစိန်ဘွားဆီကို တပည့်တစ်ယောက်အပြေးကလေးရောက်လာပြီး…

''ဦးမဏ္ဍိုင် အသတ်ခံလိုက်ရပြီ''

''ဘာ…ဘယ်သူသတ်တာလဲ''

''ဟို‥ဟို…မနော့ဆိုတဲ့လူတဲ့''

''မနော…''

ဖော်ထူးပြောနေသောစကားကြောင့် ဦးစိန်ဘွား မျက်စိမျက်နှာပျက်နေလေသည်။





''ဒီကောင့်ကို မိသွားပြီလား''

''မမိဘူးဆရာကြီး၊ ဒေါက်တာမတစ်ယောက်ကို ဓားစာခံလုပ်ပြီးထွက်ပြေးသွားတယ်''

''တောက်…မနော‥မင်းပြန်ပြီးလွတ်လာပြီကိုး၊ ဒီတစ်ခါတော့ မင်းထောင်ထဲကို ပြန်မရောက်တော့ဘူး၊ သေမင်းဆီကို ရောက်စေရမယ်… ဖော်ထူး‥''

''ပြောပါဆရာကြီး''

''ဒီမနော့ဆိုတဲ့ကောင်သတင်းကို ရအောင်စုံစမ်းပြီး ငါ့ကိုအကြောင်းကြား''

''ဟုတ်ကဲ့‥''

ဦးစိန်ဘွား‥ အရက်ကို ဖန်ခွက်ထဲသို့ မထည့်ဘဲ ပုလင်းလိုက်မော့ပြီး သောက်နေလေသည်။

ဦးစိန်ဘွား‥စိတ်လှုပ်ရှားမှုရှိနေသည်မှာ ထင်ရှားလေ၏။

ဖော်ဖော်မောင်ကတော့ မနောနှင့်ဦးစိန်ဘွားတို့တွင် ရာဇဝင်ကြွေးပြဿနာများ ရှိနိုင်တာကို သဘောပေါက်မိတော့သည်။

www.burmeseclassic.com

## အခန်း ( ၁၈ )

မနော မျက်လုံးဆေးပတ်တီးစည်းထားသည်မှာ (၃)ရက် မြောက်ခဲ့လေပြီ။ ဒီနေ့ပတ်တီးဖြေရတော့မည့်နေ့ဖြစ်သည်။

"ဒကာလေး... ရတနာသုံးပါးကို အာရုံပြုပြီး စိတ်ကို တည်ငြိမ်အောင်ထားနော်"

"တင်ပါ့.."

"အဘ.. ပတ်တီးစပြီးဖြေတော့မယ်.."

မနောကိုကြည့်ပြီး ဘေးတွင် ရင်ဖိုနေရသူက ဒေါက်တာ ရန့်လက်ဘူပင်ဖြစ်သည်။

ပတ်တီးကိုစတင်ဖြေနေလေပြီ။

မျက်လုံးတွင်ကပ်ထားသော အဝတ်စများကို ခွာလိုက် ပြီးနောက်...

"ဒကာလေး...ဖြည်းဖြည်းချင်းဖွင့်..."





မနောမျက်လုံးကို ဖြည်းဖြည်းချင်းဖွင့်လိုက်တော့..

"ကိုမနော.."

"ဒေါက်တာ.."

"ကိုမနော မြင်ရပြီလား"

"ကျုပ် မြင်ရပြီ..ဒေါက်တာ"

"ဟယ်..."

မနောထံမှ ကြားလိုက်ရသောစကားကြောင့် ဒေါက်တာ ရန့်လက်ဘူ ပြောမပြတတ်အောင် ဝမ်းသာမိသွားသည်။

"ကျေးဇူးကြီးလှပါတယ်အဘ.."

မနော..အဘရသေ့ကြီးကို လက်အုပ်ချီပြီးကန်တော့လိုက် သည်။

"အဘကို ကျေးဇူးတင်တယ်ဆိုရင် အဘက စကားလေး တစ်ခွန်းပြောလိုက်ပါရစေ..."

"ပြောပါအဘ.."

"လူတွေပေါ်မှာ မေတ္တာထားပါ၊ ရတနာသုံးပါးကို ဘယ် တော့မှ မမေ့ပါနဲ့ကွယ်"

"အဘစကားကို ကျွန်တော်နားထောင်ပါ့မယ်"

"သာဓု..သာဓု..သာဓု..ကဲ အချိန်ကလေးရှိတုန်း ပြန်ကြ ကွယ်၊ အဘ တောအစွန်လမ်းထိ လိုက်ပြီးပို့ပေးမယ်"

"ဟုတ်ကဲ့..."

အဘရသေ့ကြီး ပို့ဆောင်ပေးသော တောအစွန်လမ်းကို



www.burmeseclassic.com

www.burmeseclassic.com



ရောက်ခဲ့ကြပြီးနောက်…

"သားတို့ကို ခွင့်ပြုဦး အဘရသေ့"

"ကောင်းပါပြီကွယ်၊ လောဘ ဒေါသ မောဟ တရားတွေ ကင်းဝေးကြပါစေ‥"

အဘရသေ့ကြီး…မနောတို့သုံးယောက်ကို ကျောခိုင်းထွက်ခွာသွားလေပြီ။

အဝေးဆီမှ လှမ်းရှုမြင်နေရသော တောင်တန်းကြီးများကို ငေးကြည့်ရင်း သုံးယောက်သားစကားသံတိတ်ဆိတ်စွာဖြင့် လျှောက်လာခဲ့ကြစဉ်‥

"ကိုမနော…"

"ဒေါက်တာ…"

"ရှင်နဲ့ကျွန်မဟာ ဒီတောခရီးဆုံးသွားတာနဲ့ လမ်းခွဲကြရတော့မှာနော်‥"

"ဟုတ်ပါတယ် ဒေါက်တာ"

"ကျွန်မနဲ့ရှင် လမ်းမခွဲခင် ကျွန်မ စကားလေးတစ်ခွန်း ပြောချင်တယ်‥"

"ဒေါက်တာ ဘာပြောချင်တာလဲ‥ပြောပါ"

"ရှင့်ရဲ့အနာဂတ်ကို ကောင်းမွန်သောဘဝနဲ့တည်ဆောက်ပါလားဟင်"

"စိတ်မကောင်းပါဘူးဒေါက်တာ၊ ကျူပ်ဘဝအတွက် သွေးစွန်းရမယ့်နေ့ရက်တွေထဲကို ဝင်ရောက်ရတော့မှာ၊ ကျူပ်ဇနီး





အတွက် ကျူပ်တာဝန်ကျေချင်တယ်"

"ကိုမနောရယ်… လက်စားချေခြင်းတွေကို ဥပဒေဘောင်အတွင်းက လုပ်မယ်ဆိုလည်း ရပါတယ်"

"ကျူပ်… လူတစ်ယောက်ကိုသတ်ပြီးခဲ့ပြီလေ၊ ဒီတော့ နောက်ထပ်လူသတ်ဖို့အတွက်ပဲရှိပါတော့တယ်၊ ဒေါက်တာ ခုလို ကျူပ်ဘဝအတွက် အကောင်းဖြစ်စေလိုတဲ့ ဆန္ဒနဲ့ပြောတာကို ကျေးဇူးတင်ပါတယ်"

"လူတစ်ယောက်ဘဝမှာ ခရီးဆုံးဆိုတာ အသက်ရှင်နေသရွေ့ မရှိသေးပါဘူး၊ ရှင့်အတွက် အမုန်းတရား၊ အငြိုးတရားတွေနဲ့ ခရီးမဆုံးစေချင်ဘူး ကိုမနော…၊ ရှင်သာ အနာဂတ်တစ်ခုအတွက် ပြင်ဆင်မယ်ဆိုရင် ရှင့်ဘေးမှာ ကျွန်မ မိတ်ဆွေကောင်းပီသစွာ ရပ်ပေးပါ့မယ်"

"ဒေါက်တာ့ဆီက ဒီစကားကြားရတာ ဝမ်းသာပါတယ်၊ ဒါပေမယ့် ရက်စက်ယုတ်မာလှတဲ့ လူတွေကို ကျူပ်မတုံ့ပြန်ရရင် တခြားဘဝကိုရောက်နေတဲ့ နန်းက ကျူပ်ကိုခွင့်လွှတ်နိုင်မှာမဟုတ်ဘူး‥ဒေါက်တာ"

"တမလွန်ကိုရောက်သူအတွက် တာဝန်ကျေမှုဟာ တကယ်တော့ စိတ်ကူးယဉ်ဆန်လှပါတယ် ကိုမနော၊ ကျွန်မ ဒီစကားပြောတာ ရှင့်ဇနီးပေါ်မှာ ဥပေက္ခာပြုစေချင်လို့ပြောတာ မဟုတ်ဘူး၊ သူလည်း ကိုမနော ဒုက္ခရောက်မယ့်အရေးကိုမြင်ချင်မှာမဟုတ်ပါဘူးလေ‥"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် ဆုံးဖြတ်ချက်ချပြီးပါပြီ၊ ဒီဆုံးဖြတ်ချက်အတွက် ဒေါက်တာ့ စကားတွေကို ခေါင်းမညိတ်နိုင်တာကိုခွင့်လွှတ်ပါ"

"အင်းလေ… ကိုမနော့က စိတ်သိပ်ပြီး ပြင်းပြနေမှ တော့ ကျွန်မဆက်ပြီး မပြောတော့ပါဘူး၊ နောက်တစ်ကြိမ် ကျွန်မ အိမ်ကို အလည်လာမယ်ဆိုရင် ကြိုပြီးတော့ ပြောထားပေါ့နော်"

"ကျုပ်…ဒေါက်တာ့အိမ်ကို နောက်တစ်ခါအလည်မလာ နိုင်တော့ပါဘူး"

"လူ့ဘဝ သံသရာကြီးက ပြောလို့မရနိုင်ပါဘူး ကိုမနော"

"အင်းလေ…ဆုံစည်းဖို့ကံပါလာရင်တော့ ဆုံကြရမှာပေါ့ လေ.."

"ကိုမနော..ဟိုမှာ.."

"ဟင်.."

"ဟယ်…"

မနောတို့အရှေ့ မှိုင်းပျပျတွင် တွေ့နေရသော စေတီလေး ကို လှမ်းပြီးတွေ့လိုက်ရတာကြောင့်…

"ဒါ..ဒါ… ရွှက်စိမ်းစေတီလေးပဲ.."

"ကျွန်တော်တို့ ဖူးခွင့်ကုသိုလ်ပါလို့ ဖူးရတာ"

"သွားဖူးကြရအောင်နော်.."

"ဒေါက်တာ သဘောပဲလေ.."

ဒေါက်တာရန်နဲ့လက်ျာတို့ ရွှက်စိမ်းတောင်တွင် ဖူးရခဲ့သော စေတီလေးဆီသို့လျှောက်လာခဲ့တော့သည်။





"ကျုပ်မျက်လုံးပြန်ပြီးကောင်းတဲ့နေ့မှာ စေတီလေးကို ဖူး ရတာ ကုသိုလ်ထူးတာပဲ"

"ကိုမနော"

"ဒေါက်တာ"

"ရှင့်ရဲ့အနာဂတ်အတွက် နိမိတ်ကောင်းတစ်ခုကိုပြနေတာ ပဲ"

ဒေါက်တာရန်နဲ့လက်ျာဆိုလိုသော သဘောကို မနောသဘော ပေါက်ပေမယ့် မသိကျိုးကျွန်ဆောင် နေလိုက်တော့သည်။

စေတီလေးမှာချုံနွယ်များ ပိတ်ဆို့နေပြီး အနီးကပ်သွားဖို့ အတွက် မနည်းရှင်းလင်းနေရသည်။

"တကယ်ကြည်ညိုဖို့ကောင်းလိုက်တာ"

စေတီလေးအောက်တွင် တွေ့ရသော ဗုဒ္ဓရုပ်ပွားတော်မှာ ရွှေအဆင်းနှင့် ပြုလုပ်ထားသော ရုပ်ပွားတော်တစ်ဆူဖြစ်ပြီး အလွန်ပင် ကြည်ညိုဖွယ်ကောင်းနေသည်။

"ဒီဗုဒ္ဓဆင်းတုတော်ကို မသမာသူတွေ တွေ့သွားမှဖြင့်"

"ဒေါက်တာရယ် မသမာသူတွေ မယူနိုင်ပါဘူး၊ ဘုရားကို စောင့်ကြပ်နေတဲ့သူတွေက ယနေ့တိုင် စေတီကြီးကို ဘယ်သူမှ ဒုက္ခမပေးနိုင်အောင် ထိန်းသိမ်းထားလို့ တွေ့နေရတာပဲလေ၊ ကဲ… ဖူးကြရအောင်"

"အင်း…"

မနောတို့သုံးယောက် ဘုရားကို ဝတ်ပြုရှိခိုးပြီးနောက်…



www.burmeseclassic.com

www.burmeseclassic.com



"ကိုမနော ရှင်ဘာတွေဆုတောင်းမိလဲ"

"ဒီလိုဘဝ ကံကြမ္မာဆိုးမျိုး ဘဝအဆက်ဆက် မကြုံပါရ စေနဲ့လို့ပါ"

"ဒီဘဝအတွက်ရော…"

"ဒီဘဝအတွက်တော့ ဆုတောင်းစရာမရှိတော့ပါဘူး"

"ဘာလို့များရှင်ဟာ ဒီဘဝရဲ့ သေလူအဖြစ် သတ်မှတ်နေ ရတာလဲ ကိုမနော"

"ကျုပ်ဘဝမှာ မျှော်လင့်ချက်ဆိုတာ မရှိတော့ဘူး ဒေါက်တာ၊ လူသတ်သမားတစ်ယောက်အတွက် မကြာခင် ခရီးဆုံးတော့မှာဆိုတော့ သွေးစက်နဲ့ရေးမယ့် နေ့ရက်တွေအတွက် ဘုရားထံမှာ ဆုမတောင်းချင်ပါဘူး"

"ရှင့်လက်တွေကို ထပ်ပြီးသွေးမစွန်းစေချင်ဘူး ကိုမနော"

ဒေါက်တာရန္နလက်ျာ စိတ်မကောင်းစွာဖြင့် ပြောမိလိုက်၏။

"သွားကြရအောင် ဒေါက်တာ"

"ကောင်းပြီ"

မနောတို့ စေတီလေးကို ကျောခိုင်ပြီးထွက်အလာ…

"ကိုမနော မလှုပ်နဲ့နော်"

"ဟင်…"

"ဟာ…"

မနောတို့ရှေ့သစ်ပင်အကွယ်မှ လှမ်းပြီးအမိန့်ပေးလိုက်သော အသံကြောင့် အံ့အားသင့်သွားသည်။





"ကိုမနော ရှင်အဖမ်းခံလိုက်ပါ"

"ဒေါက်တာ ကျုပ်အဖမ်းခံလို့မရသေးဘူး၊ ကျုပ်ဒီ လူယုတ်မာနှစ်ယောက်ကို လက်စားချေပြီးမှ အဖမ်းခံနိုင်မယ် ဟော့ ဒီမှာတွေလား"

"ကိုမနော ခင်ဗျား လွတ်လမ်းမရှိပါဘူး"

"ကျုပ်အတွက် လွတ်လမ်းကရှိနေတယ်၊ ခင်ဗျားတို့ ဒေါက်တာရန္နလက်ျာအသက် သေမှာကို ဂရုမစိုက်ဘူးဆိုရင်တော့ ပစ်ပြီးဖမ်းလေ"

"ကိုမနော…"

"အချိန်မရှိဘူး ရှေ့ကဖယ်မလား မဖယ်ဘူးလားပြော"

ဒုရဲအုပ် အောင်လှိုင် ခဏမျှစဉ်းစားပြီး…

"ကောင်းပြီ…ခင်ဗျား ဒေါက်တာအသက်ကို ရန်မရှာ ဘူးဆိုရင် ထွက်သွားနိုင်ပါတယ်၊ ဒေါက်တာကို ထားခဲ့ပါ"

"ဟား…ဟား…ဟား…"

မနော အားပါးတရ ရယ်မောလိုက်ပြီး…

"ကျုပ်အတွက် လွတ်မြောက်နိုင်တဲ့အထိတော့ ခေါ်သွားရ မှာပဲ"

မနော ဒေါက်တာရန္နလက်ျာကို သေနတ်နှင့်တေ့ပြီး ခေါ် လာခဲ့တော့သည်။ အိုက်ထောကတော့ ဆက်ပြီးမလိုက်တော့ဘဲ သက်ဆိုင်ရာထံတွင် အဖမ်းခံလိုက်လေသည်။

"ရှင်ထပ်ပြီး မမိုက်ပါနဲ့တော့ ကိုမနော ရှင့်အတွက် ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ဥပဒေဘောင် အတွင်းကနေ ကူညီပေးမယ်''

''တော်တော့ ဒေါက်တာ ကျုပ်ကို တရားချမနေနဲ့တော့၊ ကျုပ်ဆုံးဖြတ်ချက်ကို ဘယ်လိုမှ ပြင်လို့မရဘူး၊ ကျုပ်မျက်လုံးထဲမှာ ကျုပ်ဇနီးရဲ့ မတရားအသတ်ခံရတာကို မြင်ယောင်နေတယ်ဗျာ၊ ဒေါက်တာဆက်ပြီး ကျုပ်ကို ခွင့်လွှတ်ပေးပါ''

မနော့နောက်မှ ရဲတပ်ဖွဲ့ဝင်များက မျက်ခြည်ပြတ်မခံဘဲ လိုက်လာတာကြောင့် မနောဆက်ပြီး သွားနေလို့ မလွတ်တော့မှန်း သဘောပေါက်လိုက်တော့သည်။

''ဒေါက်တာကို ကျုပ်လွတ်မြောက်နိုင်တဲ့အထိပဲ ခေါ်သွားမှာပါ''

''ကောင်းပြီ ကိုမနော ရှင့်ကြိုက်သလို ကျွန်မအပေါ်အနိုင်ကျင့်ပါ''

''ဒေါက်တာ ဒီစကားတော့ မပြောပါနဲ့ဗျာ''

ဒေါက်တာရန့်လက်ျာဆီမှ ကြားလိုက်ရသောစကားသည် မနောရင်ကို ထိခိုက်စေခဲ့လေပြီ…

''ကျုပ်…''

''ရှင် စိတ်မကောင်းဖြစ်မနေပါနဲ့တော့၊ ရှင့်ရဲ့အမုန်းပြိုးတွေ လက်စားချေမှုတွေအတွက် ကျွန်မဟာ ရှင့်အတွက် အသုံးဝင်နေတယ် မဟုတ်လား''

''ကျုပ် မငြင်းချင်ပါဘူး ဒေါက်တာ''

ဒေါက်တာ ရန့်လက်ျာကို ခေါ်၍လာရင်း တောင်စွန်းတစ်ခု





နားသို့ရောက်ခဲ့လေသည်။

''ဒေါက်တာ ဒီမှာနေခဲ့တော့''

''ဟင်…ရှင်ဘာလုပ်မလို့လဲ''

''ကျုပ်အတွက် လွတ်လမ်းက ဒီတစ်ခုပဲရှိတော့တယ်''

''ရှင် ချောက်ထဲကို ခုန်ချမလို့လား''

''ဟုတ်တယ် အောက်မှာ ချောင်းတစ်ခုကို မြင်နေရတယ်၊ ဒါဟာ ကျုပ်နဲ့ ကံကြမ္မာ အလောင်းအစားတစ်ခု လုပ်တာပဲ၊ ကျုပ်အတွက် ဒီချောင်းဟာ သေခြင်းကို ပေးနိုင်သလို လွတ်မြောက်ခြင်းကိုလည်း ပေးနိုင်တယ်''

''ရှင် မိုက်ရူးရဲမဆန်ပါနဲ့ ကိုမနော၊ ရှင့်အတွက် ဒီချောက်ကြီးက လွတ်လမ်းမဟုတ်ဘူး၊ သေမင်းဆီကိုပို့မှာ ရှင်အဖမ်းခံပြီး ရှင့်ဘဝအသစ်ကို စလိုက်ပါ''

''စိတ်မကောင်းပါဘူးဒေါက်တာ''

ဒုရဲအုပ်အောင်လှိုင်တပ်ဖွဲ့များလည်း တဖြည်းဖြည်း နီးကပ်လာနေပြီဖြစ်သည်။

''ကျုပ်စကားလေးတစ်ခွန်းတော့ ပြောခဲ့ချင်တယ် ဒေါက်တာ''

''ရှင် ဘာကိုပြောမှာလဲ ပြောပါ''

''ကျုပ်ဘဝတစ်လျှောက်မှာ မိန်းကလေးနဲ့ ပတ်သက်ပြီး ရင်ခုန်ခြင်းတွေရှိခဲ့တာ ဒေါက်တာဟာ ဒုတိယအကြိမ် ရင်ခုန်ခဲ့သူပါ၊ သေဆုံးသွားတဲ့ ဇနီးသည်ပေါ်မှာ သစ္စာစောင့်သိမှုနဲ့ နိဂုံး



www.burmeseclassic.com

www.burmeseclassic.com



ချုပ်မယ့်သူဆိုတော့ ဒေါက်တာကို ရင်ခုန်ခြင်းစကားလေးနဲ့ဲ နှုတ်ဆက်လိုက်ပါရစေတော့"

"ကိုမနော..."

ဒေါက်တာရန့်လက်ျာ လှမ်းဆွဲပေမဲ့ မမီလိုက်တော့ပေ...

မနောတစ်ယောက် ချောက်ကမ်းပါးထဲသို့ ခုန်ချသွားလေပြီဖြစ်သည်။

ရန့်လက်ျာ ချောက်ကမ်းပါးပေါ်တွင် ဒူးထောက်ချလိုက်ပြီးနောက် မျက်ဝန်းတွင် မျက်ရည်များ ရစ်ဝဲနေလေတော့သည်။

"ကိုမနောရယ် ရှင့်ကို ကျွန်မ ဘယ်လိုစကားမျိုးနဲ့ ပြောရမလဲ၊ ရှင်သာ ကျွန်မ ဦးအောင်ပြည့်သမီးဆိုတာကို သိခဲ့ရင် ရှင် ဘယ်လောက်ရင်နာနေမလဲ၊ ရှင့်ကို ကျွန်မဖခင်မိုက်ကြေးအတွက် ပေးဆပ်ချင်ပါတယ်၊ ရှင်သိပ်ပြီး သတ်ချင်နေတဲ့ ကျွန်မဖခင်ဟာ လူ့လောကကြီးထဲမှာ မရှိတော့ဘူးလေ၊ ကျွန်မဖခင်အတွက် ရှင် ကျွန်မကို သတ်ချင်မှာပါ၊ ရှင်ကံကောင်းပါစေ"

"ဒေါက်တာ ကျွန်တော်တို့ သွားကြရအောင်"

ဒုရဲအုပ်အောင်လှိုင်က ဒေါက်တာရန့်လက်ျာကို သွားရန် ပြောလိုက်ပြီးနောက်...

"ရှင် ဘာမှမဖြစ်ပါစေနဲ့ ကိုမနောရယ်၊ ရှင့်အမုန်းကြွေးတွေ ပြေပါစေတော့လို့ ကျွန်မ ဆုတောင်းပေးလိုက်ပါတယ်"



## အခန်း ( ၁၉ )

ည၏ ကောင်းကင်ယံထက်တွင် လခြမ်းကလေးက မပေါ့တပေါ်နှင့် သာနေလေသည်။

ဇော်ဇော်မောင် ဦးစိန်ဘွားခြံထဲရှိ ခုံပြာကလေးပေါ်တွင် ထိုင်ပြီး ဆောင်ရွက်ရမည့်ကိစ္စများကို စဉ်းစားနေမိသည်။

"ဇော်..."

"ဟင်...ဂျူနှင်းမိုး"

"နင်မအိပ်သေးဘဲ ဘာတွေစဉ်းစားနေတာလဲ"

"ဒီလိုပါပဲ ဂျူနှင်းမိုးရယ်"

"နင် ရန့်အကြောင်း စဉ်းစားနေတာ မဟုတ်လား"

"သတိတော့ ရမိတယ်၊ သတိရတိုင်းလည်း ရင်ထဲမှာ မွန်းကျပ်လှပါတယ်"

"နင် ရန့်အကြောင်းကို စဉ်းစားပြီဆိုရင် ငါ့ကိုမုန်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကလေးတော့ ဝင်မှာပဲနော်”

“အမှန်တိုင်းပြောရရင် အရင်ကတော့ နင့်ကိုငါ စိတ်နာမိတယ်၊ နောက်တော့လည်း ဖြေသာသွားခဲ့ပါတယ်ဟာ၊ ငါတို့နှစ်ယောက်အတွက် ကံကြမ္မာ မကောင်းခဲ့လို့ဘဲ သတ်မှတ်ထားပါတယ်”

“တကယ် နင်တို့နှစ်ယောက်ဝေးရတဲ့ အဓိက တရားခံက ငါပါဓော်ရယ်”

ဂျူနှင်းမိုး မျက်ဝန်းတွင် မျက်ရည်ဥကလေးများ ဝဲခိုလျက်…

တစ်ချိန်က ကာလတစ်ခုဆီကို ပုံရိပ်ထင်ဟပ်သွားတော့သည်။

ဟိုတုန်းက ရန်ကုန်မြို့တွင် အလွန်သံယောဇဉ် ကြီးခဲ့သော သူငယ်ချင်း (သုံး)ယောက်ရှိခဲ့တယ်…

ဓော်ဓော်မောင်၊ ရန့်လက်ဂျာနှင့် ဂျူနှင်းမိုး…။

ဓော်ဓော်မောင်ဘဝက သုံးယောက်ထဲတွင် အချို့တဲ့ဆုံးလူတစ်ယောက်၊ အဖေ၊ အမေတွေက ငယ်ငယ်လေးကတည်းက ဆုံးပါးသွားခဲ့ပြီ၊ မုဆိုးမအဒေါ်ဖြစ်သူက မွေးစားပြီး လူလားမြောက်အောင် ကျွေးမွေးစောင့်ရှောက်ခဲ့တယ်။

ရန့်လက်ဂျာအဖေ ဦးအောင်ပြည့်က နယ်စပ်တွင် ကုန်ရောင်းကုန်ဝယ်လုပ်သလို မိခင်ဖြစ်သူက ရတနာရောင်းဝယ်ရေးလုပ်နေတာကြောင့် ချမ်းသာသောလူတန်းစားထဲတွင်ရပ်တည်နေသည်။

ဂျူနှင်းမိုး၏မိဘတွေက စားသောက်ဆိုင်ပိုင်ရှင်တွေဖြစ်တာကြောင့် ရန့်လက်ဂျာတို့နှင့် စီးပွားရေးမှာ တန်းတူအဆင့်လောက်ရှိကြပြီး နှစ်ဖက်မိဘတွေဟာ ဂုဏ်ပြိုင်နေပြိုင်နေကြသူတွေဖြစ်ခဲ့ကြတယ်။

ဒါပေမယ့် ရန့်လက်ဂျာနှင့်ဂျူနှင်းမိုးကတော့ ငယ်ငယ်လေးကတည်းက သူငယ်ချင်းအဖြစ်နဲ့တွဲခဲ့ကြတယ်။

မူလတန်းကျောင်းသား၊ ကျောင်းသူတွေ၊ အထက်တန်းကျောင်းသူ၊ ကျောင်းသားဘဝကို ရောက်ခဲ့ကြတဲ့အချိန်မှာတော့··

“ဓော်··”

“ရန့်”

“နင့်အဒေါ် နေမကောင်းလို့ဆို…”

“ဟုတ်တယ်ရန့်၊ အကြော်ရောင်းနေရတဲ့ ဒဏ်တွေကို ခုပြန်ပြီး ခံနေရတာလေ”

“ဆေးခန်းမပြဘူးလား”

“ညကသွားပြီးပြပြတယ် ရန့်”

“ဆရာဝန်က ဘာပြောလဲ”

“ဆရာဝန်ကတော့ ဆေးရုံတင်ရမယ်လို့ပြောလိုက်တယ်”

“ဟင်… နင်စာမေးပွဲရက်ကနီးကပ်နေပြီ၊ ဘယ်လိုလုပ်ကြမလဲ”

“မတတ်နိုင်ဘူး ရန့်ရယ်၊ အဒေါ်အတွက်ကို စိစဉ်ရတော့မှာပဲလေ”

“ဓော်··”







www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ပြောလေရန့်"

"နှင့်မှာ ပိုက်ဆံဘယ်လောက်ရှိလဲ"

"အဒေါ် စုထားတဲ့ပိုက်ဆံနည်းနည်းရှိတယ်ရန့်"

"ရော့..ဇော်.."

"ဟာ..."

ရန့်လက်ျာက သူ့လည်ပင်းကဆွဲကြိုးကလေးကိုဖြုတ်ပြီး ပေးလေသည်။

"ငါ မယူပါရစေနဲ့ရန့်ရာ.."

"ဇော်...ဒီပစ္စည်းက ငါ့ကိုယ်ပိုင်ပစ္စည်း၊ ငါ့မိဘနဲ့ မသက်ဆိုင်ဘူး၊ မန္တလေးက ငါ့အဘိုးနဲ့အဘွားက ပေးထားတာ၊ ယူပါဟာ၊ နှင့်အဒေါ်အတွက် ငွေမရှိလို့မဖြစ်ဘူး"

ဇော်ဇော်မောင် ဆက်ပြီး ငြင်းလို့မရနိုင်မှန်းသိတာကြောင့် ရန့်လက်ျာပေးလိုက်သောဆွဲကြိုးကလေးကို လက်ခံယူလိုက်ရတော့သည်။

"စာကျက်နိုင်အောင်တော့ လုပ်နော်၊ သင်္ချာပိုင်းကိုတော့ ငါကူပြီး ပြပေးမယ်"

"ကျေးဇူးတင်ပါတယ် ရန့်"

"နှင့်ငါ့ကိုခင်ရင် ဘယ်တော့မှ ကျေးဇူးတင်စကားမပြောနဲ့ဟာ.."

ဇော်ဇော်မောင်..ရန့်လက်ျာမျက်နှာလေးကို စိုက်ကြည့်မိလိုက်တော့သည်။



ဇော်ဇော်မောင် ဆေးရုံပေါ်တွင် အဒေါ်ဖြစ်သူကို စောင့်ရင်း စာကျက်ခဲ့ရသည်။ (၁၀)တန်းစာမေးပွဲကြီးကလည်း ဖြေဆိုဖို့ နီးကပ်လာနေပြီဖြစ်သည်။

ရန့်တော့ အားရင်အားသလို ဇော်ဇော်မောင်ဆီကို ရောက်လာပြီး ကျောင်းစာနဲ့ပတ်သက်ပြီး နားမလည်တာတွေကိုရှင်းပြလေသည်။

ဂျူနှင်းမိုးတစ်ယောက်ကတော့ အနီးကပ်များတက်နေတာကြောင့် ဇော်ဇော်မောင်ဆီကို တစ်ခေါက်သာရောက်ခဲ့ပြီး နောက်ရောက်မလာနိုင်ပေ။

ဆေးရုံမှ အဒေါ့်အခြေအနေမှာ ကောင်းမွန်သလိုတော့ ဖြစ်လာခဲ့ပေမယ့် အရင်လို အကြော်ကြော်နိုင်ဖို့ အခြေအနေ မရှိတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



"ဇော်…နင်ဘာတွေ တွေဝေနေတာလဲ"

"ငါ စာမေးပွဲကို ဖြေချင်စိတ်တောင်မရှိတော့ဘူး"

"ဇော်‥နင်‥ဘာစကားပြောတာလဲ"

"ငါဆယ်တန်းအောင်လည်း ကျောင်းဆက်ပြီးတက်ဖို့က မလွယ်တော့ဘူးရန့်… အဒေါ်အလုပ်လုပ်ဖို့ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်တော့ဘူး၊ ပြီးတော့ အဒေါ်ကို ငါအရမ်းသနားတယ်၊ ငါတစ်လှည့်ပြန်ပြီးလုပ်ကျွေးချင်တယ် ရန့်ရယ်‥"

"ဇော်‥နင်စာမေးပွဲကိုအောင်အောင်ဖြေပါဟာ၊ နင့်ကိုငါ ပညာတတ်တစ်ယောက် ဖြစ်စေချင်တယ်"

"ငါလည်းဖြစ်ချင်ပါတယ် ရန့်ရယ်၊ ငါ့ဘဝက နင်မြင်တဲ့အတိုင်းပဲလေ‥"

"နင် လက်ခံမယ်ဆိုရင် နင့်အတွက် ငါကူညီမယ်"

"နေပါစေ ရန့်ရာ‥ ယယ်ယယ်လေးကတည်းက နင်ငါ့အပေါ်မှာ ကောင်းခဲ့တဲ့ကျေးဇူးတွေကမနည်းဘူး၊ ဒီထက်ပိုပြီး နင့်ဆီက ငါ အကူအညီတွေမယူပါရစေနဲ့"

"ငါ့ဆီက အကူအညီတွေ မယူချင်ဘူးဆိုရင် နင် (၁၀) တန်းစာမေးပွဲကိုအောင်အောင်ဖြေပြီး ငါ့စေတနာတွေကို တုံ့ပြန်ပေါ့‥"

"ကောင်းပြီရန့်… ငါဘယ်လိုအခက်အခဲတွေရှိနေပါစေ၊ နင် ဖြစ်စေချင်တဲ့ကိစ္စကို ငါဖြည့်ဆည်းပေးမယ်"

"နင်တကယ်ပြောတာနော်"





"တကယ်ပြောတာပါ"

"နင့်ဆီက ဒီစကားကြားရတာ ငါအရမ်းဝမ်းသာတယ် ဇော်ရယ်‥ ကဲ…ပြန်ကြရအောင်နော်…"

"အင်း…"

နှစ်ယောက်သား အအေးဆိုင်ကလေးထဲကထွက်တော့ ညနေစောင်းနေလေပြီ။

"ရန့်…ရန့် ခဏနေပါဦး"

"ဟင်…အောင်မိုး…"

ဇော်ဇော်မောင်တို့နှင့် တစ်ကျောင်းထဲအတူတူတက်ခဲ့သော အောင်မိုးနှင့်အဖော်သုံးယောက်ကိုတွေ့လိုက်ရ၏။

"ဘာလဲ အောင်မိုး"

"နင့်ကို စကားပြောစရာလေးရှိတယ်"

"နင်နဲ့ငါ့ကြားမှာ ဘာစကားမှ ပြောစရာမရှိဘူး၊ လာသွားမယ် ဇော်…"

"နေပါဦး ရန့်ရာ‥"

"အောင်မိုး‥ လူမြင်ကွင်းကြီးမှာမကောင်းပါဘူးကွာ"

"ဟေ့ကောင် ဇော်ဇော်‥မင်းနဲ့မဆိုင်ဘူး၊ မင်းဘာမှဝင်ပြီး မပြောနဲ့"

"ဘာလို့ မဆိုင်ရမှာလဲ‥ဇော်က ငါ့ချစ်သူဟဲ့"

"ဟင်…"

ရန့်လက်ဖျားနှုတ်ဖျားမှထွက်လာသောစကားသည် ဇော်ဇော်မောင်



www.burmeseclassic.com

www.burmeseclassic.com


အတွက်အံ့အားသင့်စရာပင်ဖြစ်သည်။

"နင့်စကားကို ငါမယုံဘူး"

"အောင်မိုး..မင်းပြောလို့မရဘူးလား"

"မင်းက ဘယ်လောက်အစွမ်းရှိလို့ငါ့ကိုပြောနေတာလဲ။ အကြော်သယ်မမွေးစားသားကများ ရာရာစစ.."

"အောင်မိုး... နင့်ပါးစပ်ပိတ်နော်"

"ရန့်ရာ နင်ဒီလိုကောင်နဲ့တွဲရတာ သိက္ခာကျပါတယ်"

"ငါ့ဘာသာ ဘယ်သူနဲ့တွဲတွဲ နင့်အပူမပါဘူး.."

"ပါတာပေါ့.. နင့်ဒယ်ဒီက ငါ့ကိုအပ်ထားတာ"

"အပ်ထားလည်း ဂရုမစိုက်ဘူး..နင်..လွှတ်..နော်.."

အောင်မိုး..ရန့်လက်ျာလက်ကိုလှမ်းပြီးဆွဲလေသည်။

"အောင်မိုး..လွှတ်လိုက်ကွာ"

"မလွှတ်ဘူးဆိုရင်ရော..."

"ကဲ..."

"ဖြောင်း..."

ဇော်ဇော်မောင်...ဒေါသကို ထိန်းချုပ်လို့မရတာကြောင့် အောင်မိုးမျက်နှာကိုလှမ်းပြီးထိုးလိုက်သည်နှင့် အောင်မိုးနှင့်ပါလာသော သုံးကောင်ထဲမှ တစ်ကောင်က ဇော်ဇော်မောင်ကို တုတ်ဖြင့်အလစ်ဝင်ရိုက်တော့သည်။

"လုပ်ကြပါဦးရှင့်..ဒီမှာ ဝိုင်းပြီး လုပ်နေကြတယ်"

ရန့်လက်ျာ အော်ဟစ်လိုက်သံကြောင့် အောင်မိုးတို့လေးယောက် သုတ်ခြေတင်ပြီးပြေးလေတော့သည်။

"ဇော်...ဇော်..."

ဇော်ဇော်မောင်..ဦးခေါင်းမှသွေးတွေက မြင်မကောင်းအောင်ကျနေလေပြီ...။

"ဒီအတိုင်းကြည့်မနေနဲ့၊ ဆေးရုံပို့ဖို့လုပ်ကြလေ"

ရန့်လက်ျာ...ဇော်ဇော်မောင် ခေါင်းမှသွေးများကိုကြည့်ပြီးစိုးထိတ်သွားလေတော့သည်။

အငှားကားတစ်စီးကိုငှားပြီး ဆေးရုံသို့ပို့နိုင်းရတော့သည်။

အငှားကားပေါ်တွင်...

"ဇော်.."

"ရန့်... နင်သိပ်ပြီး စိတ်မပူပါနဲ့၊ ငါဘာမှမဖြစ်ပါဘူး"

"နင် ငါ့ကိုစိတ်ချမ်းသာအောင်ပြောမနေနဲ့၊ နင့်ဒဏ်ရာက များတယ်"

"ရပါတယ်ဟာ.. ပြီးတော့ ငါကျေနပ်တယ်"

"နင်ဘာကိုကျေနပ်ရတာလဲ"

"ငါ့ဘဝတစ်လျှောက်မှာ နင့်အတွက် ဘာတစ်ခုမှ ငါ့ဘက်က ပေးဆပ်နိုင်တာမရှိခဲ့ဘူးလေ၊ ခုတော့ ငါ့သွေးနဲ့ပေးဆပ်နိုင်ခဲ့ပါပြီ"

"ဇော်ရယ်.. နင့်ဆီက ငါဘာမှ မမျှော်လင့်ခဲ့ပါဘူး၊ ငါ့ရဲ့စေတနာတွေဟာ နင့်အတွက် ဝန်ထုပ်ဝန်ပိုးကြီး မဖြစ်ပါနဲ့ဟာ ဇော်...ဇော်..."



www.burmeseclassic.com

www.burmeseclassic.com



"ကားဆရာ ဆေးရုံကို အမြန်ဆုံးမောင်းပေးပါ"

"အေး..."

ရန့်လက်ကိုတစ်ယောက် သတိမေ့နေသော ဇော်ဇော်မောင်ကိုကြည့်ပြီး ငိုချလိုက်တော့သည်။



BURMESE CLASSIC

"ဇော်..."

"ဂျူနှင်းမိုး လာလေ"

ဆေးရုံသို့ ဇော်ဇော်မောင် ဆေးရုံတက်ပြီး (၂) ရက်မြောက်နေ့တွင် ဂျူနှင်းမိုးရောက်လာလေသည်။

"ငါလည်း စာမေးပွဲ အနီးကပ်တွေတက်နေရတာနဲ့ မလာဖြစ်တာ၊ စိတ်မဆိုးနဲ့နော်"

"စိတ်မဆိုးပါဘူးဟာ၊ ငါနားလည်ပါတယ်၊ စာမေးပွဲက ရက်ပိုင်းပဲ ကျန်တော့တာ"

"ဇော်...နင်စာမေးပွဲဖြေမှာလား"

"ငါ့စိတ်နဲ့ဆို ငါမဖြေတော့ဘူး၊ ရန့်က မဖြစ်မနေဖြေရမယ်ဆိုလို့ ငါဝင်ပြီးဖြေမှာ"

"ဘာလဲ နင်တို့က တယ်ပြီးဟုတ်နေပါလား"

"နင့်စကားကဘာလဲဟ"

"အံမာ နင်တို့နှစ်ယောက်အကြောင်းကို မသိဘူးများ



www.burmeseclassic.com

www.burmeseclassic.com



မှတ်နေသလား”

“ဂျူနှင်းမိုး နင်ဘာတွေလျှောက်ပြောနေတာလဲ”

“ငါ ဘာမှလျှောက်မပြောဘူး ထိုင်ပြီးပြောနေတာ၊ နင်နဲ့ ရန်နဲ့ ကြိုက်နေကြတယ် မဟုတ်လား”

“ဟာ…ပေါက်ကရ မဟုတ်ရပါဘူး”

“နင်မငြင်းစမ်းပါနဲ့ ရန်နဲ့ပါးစပ်က ထုတ်ပြီးပြောတာဟဲ့”

“ရန်နဲ့ထုတ်ပြောတာ”

“ဟုတ်တယ်လေ၊ နင်တို့ရန်ဖြစ်တဲ့နေ့က ရန်နဲ့… အောင်မိုးကို သူ့ရည်းစားပါလို့ ပြောလိုက်တယ်မဟုတ်လား”

“ဟာ…ဒါက တမင် အောင်မိုးကို ပြောလိုက်တာပါ”

“ဇော် နင်ရောရန်နဲ့ပါ လိမ်နေကြတာ၊ နင်တို့နှစ်ယောက်ရင်ထဲမှာ ဘာတွေဖြစ်နေသလဲဆိုတာ ငါအသိဆုံး…နင် ညာဦးမလို့လား…”

“ဂျူနှင်းမိုးရယ်… ငါနဲ့ရန်နဲ့ဘဝက မိုးနဲ့မြေလောက်ကွာပါတယ်ဟာ…”

“တော်စမ်းပါ… ဇော်ရာ… ဒီခေတ်ကြီးမှာ ဒီလိုကွာခြားမှုတွေဆိုတာ သမိုင်းပြတိုက်ထဲကိုရောက်နေပြီ၊ နင် ငါ့ကိုပွင့်ပွင့်လင်းလင်းပြောစမ်း”

“ငါကဘာကိုပြောရမှာလဲ”

“နင် ရန်နဲ့ကိုချစ်တယ်မဟုတ်လား…”

“ငါ မညာချင်ပါဘူးဟာ… ငါရန်နဲ့ကိုချစ်ခဲ့ပါတယ်”





“ဒါဆို နင်တို့နှစ်ယောက်ဇာတ်လမ်းကပြီးနေပြီပဲဟာ”

“ဘာပြီးတာလဲဟ”

“ရန်နဲ့ကလည်း နင့်ကိုချစ်နေတာပဲ”

“မဖြစ်နိုင်ပါဘူး”

“ဘာလို့မဖြစ်နိုင်ရမှာလဲ…ငါအသိဆုံးပါ”

“ကောင်မ ဘာလာပြီးအတင်းတုတ်နေတာလဲ”

“အယ်…”

“ရန်နဲ့…”

ဇော်ဇော်မောင်နှင့်ဂျူနှင်းမိုးစကားပြောနေစဉ် ရန်နဲ့လက်ျာတစ်ယောက်ဘယ်အချိန်ကရောက်လာလဲ မသိတာကြောင့် ဇော်ဇော်မောင် သူ့လိပ်ပြာသူမလုံသလိုဖြစ်သွားခဲ့လေသည်။

“ဟဲဟဲ…ငါက နင်တို့နှစ်ယောက်ကို အဆင်ပြေစေချင်လို့ပါ…”

“ငါတို့နှစ်ယောက်က အဆင်မပြေလို့ ဘာဖြစ်နေလို့လဲ”

“ငါပြောတာ ဒီလိုလေ…”

“တော်တော့ ကောင်မစုတ်၊ ငါတို့နှစ်ယောက်ကြားမှာ အောင်သွယ်မလိုဘူး”

“ဟာ…”

“ဇော်…ကြားတယ်နော်၊ အောင်သွယ်မလိုဘူးတဲ့၊ နင်ကိုယ်တိုင်ပြောလိုက်တော့ ကြားလား”

“ဂျူနှင်းမိုးရယ်…”



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



“ဘာခုမှ ရှက်နေတာလဲ၊ ငါရှိနေရင်ပြောရခက်မယ်၊ ငါ ရှောင်ပေးမယ်၊ သွားပြီ..ဘိုင့်ဘိုင်...”

“ကောင်မစုတ်...”

ဂျူနင်းမိုးထွက်သွားပြီးနောက် စတီးချိုင့်ကလေးနှင့်ရန့် ခုတင်ဘေးတွင်ဝင်ပြီးထိုင်လိုက်လေတော့သည်။

“ဘာတွေလဲ ရန့်ရယ်...”

“နင်သောက်ဖို့ ကြက်သားမြူ့စွမ်လေးလုပ်လာတာ”

“ဒုက္ခရှာလို့ဟာ...”

“ဘာဒုက္ခရှာရမှာလဲ၊ နင်မြန်မြန်ကျန်းမာမှ ဆေးရုံကဆင်း ပြီး စာမေးပွဲဖြေနိုင်မှာလေ”

“ရန့်...”

“ဘာလဲဇော်..”

“နင်ငါ့ကို စာမေးပွဲကိုအရမ်းဖြေစေချင်တယ်နော်”

“ငါပြောပြီးပြီပဲဇော်ရယ်၊ နင့်ကိုငါက ပညာတတ်ကြီး တစ်ယောက်အရမ်းဖြစ်စေချင်တာ၊ နင်အသိဆုံး”

“ငါ့ကို ဘာလို့ပညာတတ်ကြီးဖြစ်စေချင်တာလဲဟင်”

ဇော်ဇော်မောင်စကားကို ရန့်ပြန်မဖြေဘဲ ရီဝေစွာနှင့်ကြည့် နေသည်။

“ခုနက ငါနဲ့ဂျူနင်းမိုး ပြောနေတာတွေကို နင်ကြားတယ် မဟုတ်လား ရန့်”

“အင်း..”





“ငါလေ.. နင့်ကိုအခွင့်အရေးသမားတစ်ယောက်ဖြစ်မှာ စိုးလို့ ဖွင့်မပြောခဲ့တာပါ ရန့်ရယ်”

“နင်က ငါ့ကိုဘာတွေဖွင့်ပြောချင်တာလဲ ပြောလေ”

“နင် စိတ်ဆိုးမှာလား”

“စိတ်ဆိုးချင်မှဖြင့် နင်နဲ့ ဂျူနင်းမိုးပြောတာကြားကတည်း က ငါစိတ်ဆိုးမှာပေါ့ဟ”

“နင်စိတ်မဆိုးဘူးပေါ့”

“တကတဲ ဒီစိတ်ဆိုးတဲ့အကြောင်းပဲ ပြောနေမှာလား”

“မပြောတော့ဘူး၊ နင့်ကိုချစ်တဲ့အကြောင်းပဲ ပြောတော့ မယ်”

“သြော်...”

“ရန့်...”

“နင်ငါ့ကို တကယ်ချစ်ရင် ဆယ်တန်းစာမေးပွဲကို အောင်ရ မယ်ဆိုတဲ့ ကတိပေးရမယ်”

“ပေးပါတယ် ရန့်ရယ်”

“စာမေးပွဲနောက်ဆုံးနေ့ကျရင် ဘုရားသွားမယ် အဲဒီတော့မှ နင်လိုချင်တဲ့ အဖြေကို ငါပေးမယ်”



www.burmeseclassic.com

www.burmeseclassic.com

ဇော်ဇော်မောင်တို့ ဆယ်တန်းစာမေးပွဲ နောက်ဆုံးဘာသာ ဖြေပြီးလို့ ဇော်ဇော်မောင် အတန်းထဲမှအထွက်…

"ဇော်…"

"ဂျူနှင်းမိုး နင်ဖြေနိုင်လား"

"အေး…ဖြေနိုင်တယ်၊ ငါနင့်ကို အရေးကြီးလို့ လာခေါ်တာ"

"ဟာ…ငါရန့်နဲ့ သွားစရာရှိလို့ ချိန်းထားတာ"

"ငါသိပါတယ်ဟာ၊ ရန့်ကိုလည်း ငါပြောထားခဲ့ပြီးပါပြီ၊ ရန့်က ခေါ်သွားတဲ့၊ နောက်နေ့ကျမှ ဘုရားကို သွားမယ်တဲ့"

"နင်ပြောခဲ့တာ သေချာတယ်နော်"

"သေချာပါတယ်ဟာ…"

"နင်က ဘယ်သွားမှာလဲ"





"ပဲခူးက ငါ့အစ်ကိုဝမ်းကွဲတစ်ယောက် အရေးပေါ်ဆေးရုံ တက်နေတာကို မဖြစ်မနေသွားပြီး ကူညီရမှာမို့ပါ"

"ဘာနဲ့သွားမှာလဲ"

"ငါ့မှာ ကားပါတယ်"

"ဒါဖြင့် သွားမယ်လေ"

ဂျူနှင်းမိုး ခေါ်ဆောင်ရာနောက်သို့ ဇော်ဇော်မောင်လိုက်ပါခဲ့ရတော့သည်။ ပဲခူးရောက်တော့ ဂျူနှင်းမိုး သူ့ကိုညာခေါ်မှန်း သိလိုက်ရပေမဲ့…အချိန်က နှောင်းနေလေပြီ…

"ဂျူနှင်းမိုး နင်ဘာလုပ်တာလဲ"

"ငါ့ကို ခွင့်လွှတ်ပါဇော်ရာ၊ ငါ့မှာ နင်မှမကယ်ရင် ကိုယ့်ကိုယ်ကိုသတ်သေဖို့ပဲ ရှိတော့တယ်"

"ဟာ…နင်ကဘာဖြစ်နေလို့လဲ"

"ငါ့မှာ ကိုယ်ဝန်ရှိနေပြီ"

"ဟင်…"

"ဒါကြောင့် နင်နဲ့ငါ ခိုးပြေးပြီးရတဲ့ ကိုယ်ဝန်ဆိုပြီး ပတ်ဝန်းကျင်မှာ ပြောနိုင်အောင် ခုလိုကြံမိကြံရာ ကြံခဲ့ရတာပါ"

"ဂျူနှင်းမိုးရယ်…"

"နင်ငါ့ကို သတ်ချင်သတ်လိုက်ပါ၊ နင်ငါ့ကို အမည်ခံပေးရုံကလွဲပြီး ဘာတာဝန်မှ မယူစေရပါဘူး၊ ပြီးတော့ ရန့်ကိုလည်း ငါနားလည်အောင် ရှင်းပြပေးမှာပါ"

"ဂျူနှင်းမိုး ရန့်က လက်ခံနားလည်ပေမယ့် သူ့မိဘ



www.burmeseclassic.com

www.burmeseclassic.com



အသိုင်းအဝိုင်းက ဘယ်လိုလုပ်ပြီး နားလည်ပေးနိုင်မှာလဲဟာ''

''နင် မကူညီနိုင်ဘူးဆိုရင်လည်း ရပါတယ်၊ ငါကိုယ်ငါ အဆုံးစီရင်ဖို့ပဲ ရှိတော့တယ်''

''ဂျူနှင်းမိုး နင်တော်တော်ရက်စက်တယ်ဟာ''

''ငါ့ကို ခွင့်လွှတ်ပါဖော်...''

ဖော်ဖော်မောင်တစ်ယောက် ဘာမှမပြောနိုင်တော့ဘဲ ခေါင်းစိုက်ကျသွားလေတော့သည်။ ခုလောက်ဆို ဖော်ဖော်မောင်နှင့် ဂျူနှင်းမိုးသတင်းကို ကြားပြီး ရန့်လက်ျာတစ်ယောက် ဘယ်လောက်ထိကြေကွဲဝမ်းနည်းနေမလဲ ဆိုတာကိုတွေးပြီး ဖော်ဖော်မောင် ရင်ထဲတွင် ကြေကွဲနေမိတော့သည်။



ဖော်ဖော်မောင် ရန်ကုန်သို့ ပြန်ရောက်ချိန်တွင် ဂျူနှင်းမိုးတို့ မိသားစု မန္တလေးကို အပြီးပြောင်းခဲ့ကြလေပြီ၊ ရန့်လက်ျာကတော့ ဖော်ဖော်မောင်ကို လုံးဝအတွေ့မခံတော့ပေ...

ဖော်ဖော်မောင် ရှင်းပြဖို့ ကြိုးစားပေမယ့် အခွင့်အရေးမရခဲ့တာကြောင့် နောက်ဆုံးလက်လျှော့ခဲ့ရလေပြီ...

ဖော်ဖော်မောင် ရန့်လက်ျာဖြစ်လိုသော (၁၀)တန်း စာမေးပွဲကြီးကို အောင်မြင်သောနေ့တွင် ဖော်ဖော်မောင် မွေးစားမိခင်ကြီး ဆုံးပါးခဲ့ပြီး ဖော်ဖော်မောင်လည်း ဒုရဲအုပ်သင်တန်းတက်ခဲ့လေသည်။

ရန့်လက်ျာကတော့ ဆယ်တန်းကို (၅)ဘာသာဂုဏ်ထူးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အောင်ပြီး ဆေးတက္ကသိုလ် တက်ရောက်နေသော သတင်းကို ကြားခဲ့သလို ဂျူနှင်းမိုးတစ်ယောက် ကိုယ်ဝန်ပျက်ကျပြီး မန္တလေး ဆေးရုံတွင်တက်ခဲ့ရပေမဲ့ အသက်ဆုံးရှုံးမှုတော့ မရှိခဲ့ပေ…

ထိုသတင်းများသည် ဇော်ဇော်မောင် နောက်ဆုံးကြားခဲ့ရ သော သတင်းများသာဖြစ်ခဲ့ပြီး ဇော်ဇော်မောင်တစ်ယောက် ဒုရဲအုပ် ဘဝနှင့်နယ်များကို တာဝန်ကျရင်း အဆက်အသွယ် ပြတ်တောက် ခဲ့လေပြီ…။

ရန်ကုန်လက်ျာနှင့် မျှော်လင့်ဘဲ နယ်စပ်မြို့ကလေးတွင် ပြန် လည်ဆုံခဲ့ကြပေမယ့် မိတ်ဆွေများသဖွယ်သာ ဆက်ဆံခဲ့ကြတော့ သည်။ ဘယ်လိုအခြေအနေပဲရောက်ရောက် ဇော်ဇော်မောင် နှလုံးသားတွင် ရန်ကိုမေ့ပျောက်နိုင်ခြင်း မရှိခဲ့ပေ…

"ဇော်…နင့်စိတ်တွေ ဘယ်ဆီကိုပြန်ရောက်နေပြီလဲ"

"တစ်ခါတစ်ခါ ဘဝဟောင်းဆီကို ပြန်ပြီးရောက်သွား တာပါ"

"ဘဝဟောင်းကိုရောက်တာ ခဏထား၊ နင့်ကိုပြောစရာ ရှိလို့ ငါဆင်းလာတာ"

"အရေးကြီးလား"

"အရေးကြီးတယ်၊ ဦးစိန်ဘွား တစ်ဖက်နိုင်ငံကို အပြီး ပြောင်းရွှေ့ဖို့ စီစဉ်နေပြီ"

"သူတို့ဘယ်နေ့ပြောင်းမယ်လို့ နင်သိထားလဲ"

"သူပြောနေတာကတော့ ဒီ(၃)ရက်အတွင်းတဲ့ သူတို့ ဆက်ဆိုင်ရာက ဝင်ပြီးစီးတော့မယ်ဆိုတာကို သဘောပေါက်ထားပုံ ရတယ်"





"ဒါဆိုရင်တော့ အမြန်ဆုံးအကောင်အထည်ဖော်ရမှာပဲ၊ ဂျူနှင်းမိုး နင်မနက်ဖြန် အပြင်ထွက်ရင် ငါပြောတဲ့အတိုင်း ငါတို့ တပ်ဖွဲ့တွေနဲ့ အဆက်အသွယ်လုပ်ပြီး ဦးစိန်ဘွားကို ဝင်ပြီးဖမ်း မယ်"

"စိတ်ချပါ၊ အကြောင်းကြားပေးပါ့မယ်"

"ဟား…ဟား…ဟား…"

"ဟင်…"

"ဟယ်…ကိုကြီး"

သူတို့နှစ်ယောက်နောက်တွင် ရောက်နေသော ဦးစိန်ဘွားနှင့် သူ့တပည့်များ လက်နက်ကိုယ်စီဖြင့် ရပ်နေကြသည်။

"နင့်ကိုယ်နင် သိပ်ပြီးလည်တယ်လို့ ထင်နေတာကိုး ဂျူနှင်းမိုး…နင်ခေါ်လာတဲ့ကောင်က ဒုရဲအုပ် ဇော်ဇော်မောင်ဆိုတာ ငါတို့ သိပြီးသားပါ"

"ကိုကြီး…"

"ဖြန်း…"

ဂျူနှင်းမိုးကို ဦးစိန်ဘွား ပါးရိုက်ချလိုက်ပြီး…

"ဘာအစ်ကိုကြီးလည်း သစ္စာဖောက်မ၊ ဟေ့ကောင်တွေ ဒီကောင်နဲ့ ဒီကောင်မကို ဖမ်းခဲ့စမ်း၊ ပြီးရင် မြေအောက်တိုက်ခန်း မှာ ချုပ်ထားလိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ဦးစိန်ဘွား ခင်ဗျားကျုပ်ကို ဖမ်းချုပ်ပြီး သတ်လိုက်ရုံနဲ့ ခင်ဗျားလွတ်မယ်လို့ ထင်ထားသလား"

"ဟား…ဟား…စိန်ဘွားဘဝမှာ မလွတ်ဘူးဆိုတာမရှိဘူးကွ၊ ဒုရဲအုပ်ကြီးသာ ဆုတောင်းကောင်းကောင်းနဲ့ ဘဝကူးကောင်းအောင်နေပါ၊ ကြာတယ်ကွာခေါ်သွားစမ်း၊ မနက်ကျမှ ကိစ္စအပြတ်ရှင်းမယ်"

"လာစမ်း…"

ဇော်ဇော်မောင်နှင့် ဂျူနှင်းမိုးတို့ကို ဖမ်းဆီးချုပ်နှောင်ပြီး အိမ်ကြီး၏ မြေအောက်ခန်းထဲသို့ ခေါ်ဆောင်သွားလေသည်။

"ဂျူနှင်းမိုး…"

"ဇော်…"

"ငါ စိတ်မကောင်းပါဘူးဟာ"

"ဇော်ရယ် ငါ့ကိုသတ်လို့ သေသွားလည်း ငါကျေနပ်တယ်၊ ဘာကြောင့်လည်းဆိုတော့ နင့်အပေါ် ငါတင်ခဲ့တဲ့အကြွေးတွေကို ငါကျေအောင် ဆပ်ခွင့်ရသလိုပါပဲ၊ ငါ့အတွက် စိတ်မကောင်း မဖြစ်နဲ့၊ ငါ့မကျေနပ်တာ ဒီလူကြီးကို လွတ်သွားမှာကိုပဲ"

"စိတ်ချ ဒီလူကြီး မလွတ်စေရပါဘူး ဒင်းတို့အတွက် နိဂုံးချုပ်မယ့် အချိန်ကို ရောက်လာမှာပါဟာ…"



## အခန်း ( ၂၀ )

ဦးစိန်ဘွားတို့ တစ်ဖက်နိုင်ငံကို အပြီးကူးပြောင်းဖို့အတွက် ပြင်ဆင်နေလေပြီ…

"ဆရာကြီး…"

"ဘာလဲ တက်တူ"

"ဟိုကောင်နဲ့ကောင်မကို ဘယ်လိုလုပ်မလဲ"

"နယ်စပ်ကိုခေါ်သွားမယ် ဟိုရောက်မှ ကိစ္စဖြတ်မယ်ကွာ၊ ခုခေါ်ခဲ့…"

"ဟုတ်ကဲ့…"

ဇော်ဇော်မောင်နှင့် ဂျူနှင်းမိုးတို့ အပြင်ကို ခေါ်ထုတ်လာခဲ့ကြပြီး…

"ဒုရဲအုပ်ကြီး ကြည့်ရတာ သွေးပျက်နေပုံပဲ"

"ဦးစိန်ဘွား ခင်ဗျားတို့လို ဒုစရိုက်သမားတွေရဲ့ လက်မှာ သွေးပျက်သွေးကြောင်တယ်ဆိုတာ ဘယ်တော့မှ မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သတ္တိတွေကတော့ မော်ကွန်းပဲ၊ အင်း... ငါ့ဇနီးချော လေးကို သတ်ရမှာတော့ နမြောသား..ဟား..ဟား..ဟား.."

"တွိ..."

ဂျုန္ဒင်းမိုး..ရှုံ့ရှာမုန်းတီးစွာဖြင့် ဦးစိန်ဘွားကိုကြည့်နေ လေသည်။

"သွားကြမယ်၊ အချိန်မရှိဘူး ပစ္စည်းတွေတော့ တစ်ခု မကျန်အောင် သယ်ခဲ့ကြ"

ဦးစိန်ဘွား အမိန့်ပေးလိုက်သည်နှင့် တပည့်များအားလုံး ကားပေါ်သို့ တက်မည်အပြု...

"ဆရာကြီး...ဆရာကြီး..."

"ဘာလဲကွာ..."

"ဟို...ဆရာကြီးဇနီးတစ်ယောက် လိုက်လာတယ်၊ ခြံဝမှာ ကားနဲ့"

"အရေးထဲကွာ၊ အလုပ်ရှုပ်ပြန်ပြီ၊ အားလုံးကိုစွပြတ်အောင် ပြောထား၊ မေးထားပြီးသားကို ခေါ်ခဲ့ကွာ"

"ဟုတ်ကဲ့"

ခြံတံခါးဖွင့်ပေးလိုက်သည်နှင့် ကားတစ်စီးမောင်းဝင်လာ သည်။ ကားရပ်သည်နှင့် ဦးစိန်ဘွားဇနီးဆင်းလာပြီး နောက်ဆင်း လာသူက မနော...

"ဟာ...မင်း...မင်း..."

"ကျုပ်ဘယ်သူလဲဆိုတာ ခင်ဖျားမှတ်မိသားပဲ ဦးစိန်ဘွား ခင်ဖျားဇနီးကို စားစာခံလုပ်ပြီးခေါ်လာရတာ စိတ်မကောင်းဘူး"

"မင်း...ဘာကိစ္စလဲ"

"ခင်ဖျားပါးစပ်က ဘာကိစ္စလဲလို့ မေးရက်တယ်၊ အေး... ခင်ဖျား သိပ်သိချင်ရင်တော့ ပြောပြရတာပေါ့ဗျာ၊ ခင်ဖျားအသက် ကို အလျော်ပြန်ပြီးတောင်းမလို့"

"ဘာကွ...ဟော့ကောင်တွေ"

"ဦးစိန်ဘွား ကျုပ်ရှေ့မှာရှိနေတာ ခင်ဖျားဇနီးနော်"

"ကဲ..."

"ဒိုင်း..."

"အား..."

ဦးစိန်ဘွား ရက်ရက်စက်စက်ပင် သူ့ဇနီးကိုသေနတ်နှင့် လှမ်းပစ်လိုက်တာကြောင့် မနော ဦးစိန်ဘွားဆီသို့ လှမ်းပစ်လိုက် ပေမယ့် လက်မောင်းကိုသာ ထိပြီး ပြေးထွက်သွားသည်။

ထိုအခြေအနေကို အခွင့်ကောင်းယူပြီး ဇော်ဇော်မောင် လှုပ်ရှားလေသည်။

"ဒိုင်း...ဒိုင်း...ဒိုင်း..."

သေနတ်သံများ ဆူညံပွက်လောရိုက်သွားပြီး သိပ်မကြာ ဇော်ဇော်မောင်၏ ရဲတပ်ဖွဲ့ဝင်များ ဦးစိန်ဘွားခြံကြီးကို စီးနင်းဝင် ရောက်လေသည်။

အခြေအနေ မကောင်းတော့မှန်းသိသော ဦးစိန်ဘွား တစ် ယောက် ခြံ၏လျှို့ဝှက်ပေါက်ဆီသို့ ထွက်ပြေးလေသည်။







www.burmeseclassic.com

www.burmeseclassic.com



"ဦးစိန်ဘွား…"

"မနော…"

"ခင်ဗျား ပြေးလို့မလွတ်ပါဘူး"

"ငါ့ကို မသတ်ပါနဲ့ကွာ ငါတောင်းပန်ပါတယ်"

"ဘာဗျ…ကျုပ်ဇနီးနဲ့ ကျုပ်သူငယ်ချင်းကို သတ်ခဲ့တုန်းက ခင်ဗျားအသံက ဒီလိုဟုတ်မယ်မထင်ဘူး၊ ယုတ်မာရက်စက်တဲ့ ခင်ဗျားကို ကျုပ်ကိုယ်တိုင်သတ်ရမှ ကျေနပ်မယ်ဗျ"

"ကဲ…"

"ဖြောင်း…"

ဦးစိန်ဘွားမျက်နှာကို မနော ခြေထောက်ဖြင့် ဖြတ်ကန်လိုက်တာကြောင့် နောက်သို့ပက်လက်လှန်ကျသွားသည်။

"ငါ့ကိုသနားပါကွာ…ငါ့အသက်ကို ချမ်းသာပေးပါ"

"တိတ်စမ်းခင်ဗျားပါးစပ်၊ ခင်ဗျားလိုလူမျိုးဟာ လူ့လောကကြီးထဲမှာ လုံးဝမရှိသင့်တဲ့ လူတစ်ယောက်ပဲ ဦးစိန်ဘွား ခင်ဗျားကို နောက်ဆုံးအခွင့်အရေးတစ်ခုတော့ပေးမယ်၊ လိုတဲ့ဆုတောင်းတော့"

မနော ဦးစိတ်ဘွားမျက်နှာတည့်တည့်သို့သေနတ်နှင့် တော့ချိန်လိုက်ပြီးနောက် …

"ဒိုင်း…"

"အား…"

မနောက်လက်ထဲမှ သေနတ်အောက်သို့ လွင့်စင်သွားသည်။





"ကိုမနော မလုပ်ပါနဲ့"

ဇော်ဇော်မောင် မနောကို သေနတ်နှင့် ချိန်ထားလိုက်တော့သည်။

"ဦးစိန်ဘွားအတွက် ခင်ဗျား လက်စားချေစရာမလိုပါဘူး၊ တရားဥပဒေက သူ့မိုက်ပြစ်တွေကို အပြစ်ပေးလိမ့်မယ်"

"တောက်…"

ဦးစိန်ဘွားကို မသတ်လိုက်ရတာကြောင့် မနောရင်ထဲတွင် ခံပြင်းစွာရှိနေစဉ် အတွေးအာရုံထဲတွင် ရွှက်စိမ်းတောင် အဘရသေ့ကြီး ပြောခဲ့သောစကားတစ်ခွန်းကို မနော သတိရမိသည်။

"ဒကာလေး အမုန်းတရားတွေ အငြိုးတရားတွေကြောင့် ဒီသံသရာကြီးမှာ သူ့ကိုကိုယ်ကသတ်လိုက် ကိုယ့်ကိုသူက သတ်လိုက် မပြီးဆုံးနိုင်တော့ဘူး၊ မဆုံးတဲ့ခရီးကိုလျှောက်နေတဲ့ လူတွေရဲ့ဘဝဟာ သိပ်ပြီးကြောက်စရာကောင်းလှတယ်၊ သံသရာကို အမုန်းတရားတွေ၊ ဒေါသတရားတွေနဲ့ ဆက်ပြီးမလျှောက်ပါနဲ့၊ ဒကာလေးရေ…အငြိုးဖြတ်လိုက်ပါ၊ အငြိုးဖြတ်နိုင်ဖို့အတွက် မြတ်စွာဘုရားဟောကြားခဲ့တဲ့မေတ္တာတရားတွေနဲ့အဆုံးသတ်လိုက်ပါ"

မနော ခေါင်းကိုအောက်စိုက်ချရာမှ ကောင်းကင်ကြီးကို မော့ကြည့်လိုက်တော့သည်။

မနောဘဝလည်း အနာဂတ်တစ်ခုရှိနေသေးသည်ကို တွေးပြီးပြုံးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုမနော.."

ဇော်ဇော်မောင်ထံသို့ မနောလက်နှစ်ဖက်ဆန့်ထုတ်ပေး လိုက်သည်။

"စိတ်မကောင်းပါဘူးဗျာ.."

"ကိုယ်ကျူးလွန်တဲ့အပြစ်အတွက် ကျုပ်ကျေနပ်စွာခံယူမှာပါ.."

"သွားကြရအောင်.."

"ကောင်းပြီ..."

ဇော်ဇော်မောင်...မနောကို ခေါ်လာသည့်အချိန်တွင်...

"ကိုမနော"

"ဟင်...ဒေါက်တာ.."

"ရန်"

မနောနှင့်ဇော်ဇော်မောင်ဆီကို အပြေးကလေးရောက်လာသော ရန့်လက်ျာကို ရပ်ပြီးစောင့်နေလိုက်သည်။

"ကိုမနောကို ကျွန်မတောင်းပန်ချင်လို့လာခဲ့တာပါ"

"ဒေါက်တာ ဘာကိုတောင်းပန်ချင်သလဲဆိုတာကျုပ်သိတယ်"

"ရှင်..."

မနောစကားကြောင့် ရန့်လက်ျာအံ့အားသင့်သွားသည်။

"ကျွန်မတောင်းပန်မှာကို ရှင်သိနေတယ်"

"သိနေတယ်..ဒေါက်တာ့ဖခင်ဦးအောင်ပြည့်နဲ့ ပတ်သက်ပြီး တောင်းပန်ချင်တာမဟုတ်လား"





"ဟင်..ရှင်သိသွားပြီပေါ့"

"ကျုပ်သိတာ ဒေါက်တာကို ဓားစာခံအဖြစ်ခေါ်လာကတည်းက သိတာပါ၊ ဒေါက်တာ့အိမ်မှာ ဒေါက်တာ့သမီးလေးကိုမေးတော့ သမီးဘိုးဘိုးဘယ်သူလဲဆိုတော့ ဘိုးဘိုးဦးအောင်ပြည့်လို့ပြောတယ်၊ ဒါနဲ့ ကျုပ်သံချောင်းကို ပြည့်ပြည့်စုံစုံသိအောင်စုံစမ်းတော့ ကျုပ်ဖနီးကို သတ်ခဲ့တဲ့ဦးအောင်ပြည့်ဆိုတာကို သိခဲ့ရတယ် ဒေါက်တာ"

"ရှင်..ကျွန်မကို ဘာလို့ အဖေ့ကိုယ်စားမသတ်ခဲ့တာလဲ"

"ဒေါက်တာရယ်.. ကျုပ်ရဲ့လက်စားချေခြင်းဟာ ယုတ်မာရက်စက်ခဲ့သူတွေကိုပဲ လက်စားချေချင်တာပါ၊ ဒေါက်တာက ယုတ်မာရက်စက်တဲ့သူမှ မဟုတ်တာ၊ ကျုပ်ဘာလို့သတ်ရမှာလဲ၊ ကျုပ်..ဒေါက်တာကိုပြောခဲ့တဲ့စကားလေးတစ်ခွန်းကို ပြင်ချင်တယ်ဗျာ.."

"ဘာများလဲ ကိုမနော"

"ကျုပ်ဘဝရဲ့အနာဂတ်တစ်ခုကို ကျုပ်ပြန်ပြီးမွေးဖွားမယ်"

"ကိုမနောရယ်.. ရှင့်ဆီက ဒီစကားကြားရတာ ကျွန်မအရမ်းဝမ်းသာပါတယ်၊ ရှင်ထွက်လာချိန်ကို ကျွန်မ စောင့်နေပါ့မယ်"

"မစောင့်ပါနဲ့ဒေါက်တာ၊ ကျုပ် ဒေါက်တာ့ဆီကို ရောက်လာမှာမဟုတ်ပါဘူး.."

"ရှင်..ဘာကြောင့်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာနဲ့ကျုပ်ဟာ ဥပေက္ခာဆုံမှတ်ပေါ်မှာ ဆုံခဲ့ကြတဲ့သူတွေလို့ သဘောထားလိုက်ကြပါစို့ . . ကဲ . . ကျုပ်သွားတော့မယ်"

မနောကို ရဲဘော်တစ်ယောက် ခေါ်ဆောင်ပြီး ကားပေါ်သို့ တင်ကာ မောင်းထွက်သွားခဲ့လေပြီ။

ဒေါက်တာရန့်လက်ျာ မောင်းထွက်သွားသောကားကို ငေးကြည့်ရင်း ဘယ်သောအခါမှ မဆုံနိုင်သောလူတစ်ယောက်ကို ရင်ထဲတွင် နှုတ်ဆက်နေမိသည်။

"ရန့် . . ."

"ဖော် . . ."

"ဖော် . . . ရန့်ကို . . ."

"ဘာမှ မပြောပါနဲ့ . . . ရန့်ကို ဂျူနင်းမိုး အရင်ရှင်းပြပြီးပါပြီ . . . ."

"ဒါဆို . . ."

"ဥပေက္ခာဆုံမှတ်မှာ လူတစ်ယောက်ကို နှုတ်ဆက်ပြီးမှတော့ မေတ္တာဆုံမှတ်မှာပဲ ဆုံလိုက်ကြတာပေါ့ ဖော်ရယ် . ."

ချစ်သူ၏လက်ကလေးကို နွေးထွေးစွာ ရန့်လက်ျာ ဆုပ်ကိုင်လိုက်လေသည်။

*ပရိသတ်များကိုအစဉ်လေးစားလျက်*

*ရွှေဘဝင်*



www.burmeseclassic.com